# THE STRUGGLE

07

SEPTEMBER 2023

တော်လှန်ရေးသီအိုရီမရှိဘဲ၊ တော်လှန်ရေးလှုပ်ရှားမှုမရှိနိုင်ဘူး (လီနင်)



# ကပ်ဆိုက်နေသော အရင်းရှင်စနစ်

Image- In Defence of Marxism

THE STRUGGLE

07
SEPTEMBER 2023

တော်လှန်ရေးသီအိုရီမရှိဘဲ၊ တော်လှန်ရေးလှုပ်ရှားမှုမရှိနိုင်ဘူး (လီနင်)

# CONTENTS

01 EDITORIAL
THE STRUGGLE အယ်ဒီတာ့အာဘော်

61 NEWS & ANALYSIS
နိုင်ကျဉ်းယာဉ်တန်း
မိုင်းဆွဲတိုက်ခိုက်ခံရခြင်း -
Against Individual Terrorism

08 PERSPECTIVE
ဗမာပြည် အရင်းရှင်စနစ် ပျက်ကပ်




ဘတ်ဂျက်လိုငွေကို ဗဟိုဘဏ်က အကြွေးနည်းနဲ့ ဖြေရှင်းတယ်၊ ငွေတိုက်ချေးငွေစာချုပ်တွေ ထုတ်ရောင်းပြီး ဘဏ္ဍာငွေ ရှာပေးရတယ်။ ငွေသား အလုံးအရင်း ရိုက်ထုတ်ပြီး ဖြည့်တင်းပေးတယ်။ ဒီနည်းတွေကြောင့် ငွေကြေးဖောင်းပွမှုဆိုးရွားလာသလို ကြွေးမြီလည်း များလာခဲ့တယ်။

72 BOOK REVIEW
အန်းဂယ်(လ်စ်) စာအုပ် ဘာသာပြန်နဲ့ ပတ်သက်လို့

67 NEWS & ANALYSIS
ရိုဟင်ဂျာ အမြောက်အမြားကို ကျည်မကုန်ဘဲ သတ်ပစ်လိုက်တဲ့ အာဏာသိမ်း စစ်အစိုးရ

21 THEORETICAL
မာ့(က်စ်)ဝါဒ၊ ငွေကြေးနဲ့ ငွေကြေးဖောင်းပွမှု




Image- Public Domain



Image- In Defence of Marxism

# Editorial

## Dialectics teaches us that everything changes into its opposites.

ကမ္ဘာတလွှားကို ကြည့်လိုက်ပါ။ တည်ငြိမ်နေတဲ့ ဘူဇွာဒီမိုကရေစီ နိုင်ငံရယ်လို့ တနိုင်ငံမှ မရှိဘူး။ ကမ္ဘာ့အရင်းရှင်စနစ် တခုလုံး အကျပ်အတည်းဆိုက်ပြီး အုပ်စိုးသူ လူတန်းစား အကြား ကွဲအက်မှုတွေ ထွက်ပေါ်နေတယ်။

ကမ္ဘာ့အချမ်းသာဆုံးဆိုတဲ့ အမေရိကမှာ နိုင်ငံလုံးဆိုင်ရာ ကြွေးမြီ ၃၁ ထရီလီယံ ဒေါ်လာ ကျော်သွားပြီ။ အမေရိကန် ဂျီဒီပီရဲ့ ၁၄၀% ရှိပါတယ်။ ဂလိုဘယ် ကြွေးမြီက ဂလိုဘယ် ဂျီဒီပီရဲ့ ၃၆၀% ရှိတယ်။ ၂၀၀၈ စီးပွားပျက်ကပ်မှာ အစိုးရက ကြားဝင်ပြီး ဒေါ်လာ ဘီလျံပေါင်းများစွာ လောင်းထည့်ခဲ့ပေမယ့် ငွေကြေးဖောင်းပွမှု သိပ်မဖြစ်ခဲ့ဘူး။ ငွေကြေးဖောင်းပွမှုဆိုတာ အတိတ်မှာ ကျန်ခဲ့ပြီလို့ ထင်ခဲ့ကြတယ်။ ဒီကနေ့ အမေရိကရဲ့ ငွေကြေးဖောင်းပွနှုန်းက ၈% ရှိတယ်။ နှစ်ပေါင်း ၄၀ အတွင်း အမြင့်ဆုံး နှုန်းထား ဖြစ်ပါတယ်။ ဒီစာကိုရေးနေချိန်မှာပဲ Financial Times က 'စက်ရပ်သတင်း' တက်လာတယ်။ ယူအက်(စ်) ဖက်ဒရယ်ဗဟိုဘဏ် ဥက္ကဋ္ဌ Jay Powell က 'ငွေကြေးဖောင်းပွမှုအလွန်မြင့်နေဆဲ'ဖြစ်ကြောင်း သတိပေးလိုက်သတဲ့။

ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်ဖို့ ယူအက်(စ်) ဖက်ဒရယ် ဗဟိုဘဏ်က အတိုးနှုန်းတွေ ဆွဲတင်ပစ်ခဲ့တယ်။ ဒီနောက် ငွေကြေးဖောင်းပွမှု လျော့ပါးလာပြီလို့ ဘူဇွာ မီဒီယာတွေမှာ ရေးလာကြတယ်။ တကယ့်လက်တွေ့မှာ ငွေကြေးဖောင်းပွမှုက ကျမလာဘဲ အမေရိကန် စီးပွားရေး recession ဖြစ်လာတယ်။ မရေးမနှောင်းဆိုသလို အလုပ်လက်မဲ့တွေ ပိုများလာလိမ့်မယ်။

ယူအက်(စ်) ဗဟိုဘဏ်ရဲ့ ငွေကြေးမူဝါဒ တင်းကြပ်မှုဒဏ်ကို အမေရိက အပြင်ဘက်မှာ ပြင်းပြင်းထန်ထန် ပိုခံကြရတယ်။ အမေရိကန် ဖက်ဒရယ်ဘဏ်က အတိုးနှုန်း မြှင့်လိုက်တဲ့အခါ ဒေါ်လာအခြေခံ ကြွေးမြီတင်နေတဲ့ နိုင်ငံတွေ ဘူးလေးရာ ဖရုံဆင့် ဖြစ်ကုန်တယ်။ Financial Times က အခုလို ထောက်ပြခဲ့တယ် -

*"Whatever we call it, the strong dollar's victims have one culprit in mind – the Federal Reserve."*

ဘရက်ဇစ် မတိုင်ခင်အထိ တည်ငြိမ်တယ်လို့ ထင်ခဲ့ရတဲ့ ဖြိတိန်ကိုပဲ ကြည့်လေ၊ ၁နှစ်အတွင်း ဝန်ကြီးချုပ်တွေ အတက်အဆင်း လုပ်နေရတာ ဘယ်နှကြိမ်ရှိပြီလဲ။ ပြင်သစ်မှာ ၂၀၁၈ တုန်းက မာခရွန်းတက်လာပြီး တနှစ်မပြည့်ခင် Yellow Vests လူထု လှုပ်ရှားမှုနဲ့ ကြုံခဲ့ရတယ်။ ဒီဘက်နှစ်မှာ မာခရွန်းရဲ့ ပင်စင် သက်တမ်းတိုးမယ့် အစီအစဉ်ကို ဆန့်ကျင်ရာက လူထု လှုပ်ရှားမှုတွေ ထွက်ပေါ်လာခဲ့တယ်။ ကြိုက်တဲ့နိုင်ငံ ဆွဲထုတ်ကြည့်ပါ။ အရင်လို တည်ငြိမ်မှုမျိုး ဘယ်မှာမှ မရှိတော့ဘူး။

## ဂလိုဘယ်လိုင်ဇေးရှင်း အကျ၊ စီးပွားရေး အမျိုးသားရေးဝါဒ ရှေ့တန်းရောက်လာ

ဒီကနေ့ဖြစ်နေတဲ့ အခြေအနေတွေကို နားလည်ဖို့ဆိုရင် ကျနော်တို့အနေနဲ့ ‘fundamental’ တွေကို အခြေခံဖို့ လိုတယ်။ ကုန်လုပ်စွမ်းအားစုတွေ တိုးတက်ဖွံ့ဖြိုးမှုကို ပိတ်ပင်ထားသော အဓိကအဟန့်အတား နှစ်ခုရှိတယ်။ (၁) ကုန်လုပ်ပစ္စည်းတွေကို ပုဂ္ဂလိက ပိုင်ဆိုင်ခြင်း၊ (၂) အမျိုးသား နိုင်ငံတော်။

အရင်းရှင်စနစ်ဟာ သက်ရှိတကောင်လိုပဲ၊ သူ့ဘဝရှင်သန်တည်မြဲဖို့ defense mechanism တွေ ထုတ်လုပ်လာခဲ့တယ်။ အမြတ်ရရှိနှုန်း ကျဆင်းသွားနိုင်တဲ့ တိမ်းညွှတ်ချက်ကို ကျော်လွှားဖို့ ဘူဇွာ လူတန်းစား အသုံးပြုတဲ့ နည်းလမ်းတွေကို အရင်းကျမ်း အတွဲ(၃)မှာ မာ့(က်စ်) ရှင်းပြခဲ့တယ်။ အဓိက နည်းလမ်းတခုက ကမ္ဘာ့ကုန်သွယ်ရေး တိုးချဲ့ပြီး ဈေးကွက်ကို ပိုကျယ်ပြန့် နက်ရှိုင်းစေခြင်းပဲ။

ကုန်လုပ်စွမ်းအားစု ဖွံ့ဖြိုးမှုက အမျိုးသားနိုင်ငံတော်ရဲ့ ကျဉ်းမြောင်းသော အကန့်အသတ်ဘောင်တွေကို ကျော်လွန်သွားခဲ့ပြီဖြစ်ကြောင်း ဂလိုဘယ်လိုင်ဇေးရှင်း ဖြစ်စဉ်က ဖော်ပြနေတယ်။ နေရှင်နယ် ဈေးကွက်ရဲ့ အကန့်အသတ်တွေကို အရင်းရှင် လူတန်းစား ယာယီကျော်လွှားနိုင်အောင် ဒီဖြစ်စဉ်က ကူညီပေးခဲ့တယ်။

ဆိုဗီယက် ပြိုကျခြင်း၊ တရုတ်နဲ့ အရှေ့ဥရောပ နိုင်ငံတွေ ကမ္ဘာ့အရင်းရှင် ဈေးကွက်ထဲ တိုးဝင်လာခြင်း၊ အစရှိတဲ့ အကြောင်းအချက်တွေက ဂလိုဘယ်လိုင်ဇေးရှင်း ဖြစ်စဉ်ကို ပိုအားကောင်းစေခဲ့တယ်။ ပြီးခဲ့တဲ့ ဆယ်စုနှစ်တွေအတွင်း ခရက်ဒစ်တွေ မကြုံစဖူး တိုးချဲ့သုံးစွဲခြင်းနဲ့ ဂလိုဘယ်လိုင်ဇေးရှင်း ဖြစ်စဉ်တို့ဟာ ကမ္ဘာ့စီးပွားရေးရဲ့ အဓိက မောင်းနှင်အားတွေ ဖြစ်ခဲ့တယ်။ ကမ္ဘာ့ကုန်သွယ်မှု ကြီးထွားလာသလို ကမ္ဘာ့ဂျီဒီပီလည်း တက်လာခဲ့တယ်။

ဒါပေမယ့် ဂလိုဘယ်လိုင်ဇေးရှင်းက အရင်းရှင်စနစ်ရဲ့ ပဋိပက္ခတွေကို ဖျက်သိမ်းပေးခဲ့တာ မဟုတ်ဘူး။ အကျပ်အတည်း ဆိုက်မယ့် အချိန်ကို နောက်ရွှေ့ပြီး ပဋိပက္ခတွေကို အလွန်ကျယ်ပြောတဲ့ အတိုင်းအဆနဲ့ ပြန်လည်မွေးထုတ်ပေးခဲ့တယ်။ အခု ဂလိုဘယ်လိုင်ဇေးရှင်းရဲ့ အကန့်အသတ်ကို ရောက်သွားခဲ့ပြီ။ ဂလိုဘယ်လိုင်ဇေးရှင်း တန့်သွားခဲ့ပြီ။ အရာရာက ဆန့်ကျင်ဖက်ကို ပြောင်းလဲသွားပြီ။ ဒီလို ပြောင်းပြန်ဖြစ်သွားခြင်းရဲ့ အကျိုးဆက်တွေကို အခု ရင်ဆိုင်နေရခြင်း ဖြစ်တယ်။ ၂၀၂၃ မှာ ကမ္ဘာ့ကုန်သွယ်မှု ၁% ပဲ တိုးလာမယ်လို့ World Trade Organization က ခန့်မှန်းထားတယ်။

ဂလိုဘယ်လိုင်ဇေးရှင်း ရပ်ဆိုင်းသွားချိန်မှာ စီးပွားရေး အမျိုးသားရေးဝါဒ ခေါင်းထောင်လာတယ်။ protectionism ကို ထရမ့်ပဲ လုပ်ခဲ့တာ မဟုတ်ဘူး။ အမေရိကအပါအဝင် ထိပ်သီး အရင်းရှင် နိုင်ငံတိုင်းလိုလို စီးပွားရေး အမျိုးသား

ရေးဝါဒကို ကျင့်သုံးလာကြတယ်။

ကုန်သွယ်ခွန် တိုးမြင့်ခြင်း၊ ပြည်တွင်း လုပ်ငန်း ဦးစားပေးဝါဒ ကျင့်သုံးလာခြင်း၊ ငွေကြေးတန်ဖိုး အပြိုင်အဆိုင် ချပစ်ခြင်း၊ အစရှိတဲ့ အကြောင်းအချက်တွေက ၁၉၃၀ ကမ္ဘာ့စီးပွားပျက်ကပ်ကို ဖြစ်စေခဲ့တယ်။ ဒါ့ကြောင့် အခုလည်း ၁၉၃၀ စီးပွားပျက်ကပ်မျိုး ထပ်ဖြစ်လာနိုင်တယ်။

## ယူကရိန်းမြေပေါ်က Proxy စစ်ပွဲ

ယူကရိန်းကို ရုရှားက ကျူးကျော်တိုက်ခိုက်တယ်။ ဒါ့ကြောင့် ယူကရိန်းနိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ ဒီမိုကရေစီကို ကာကွယ်ဖို့ အမေရိက ဦးဆောင်တဲ့ NATO စစ်အုပ်စုက ကူညီထောက်ပံ့ပေးတယ်လို့ ထင်ရင် မှားလိမ့်မယ်။

အဘိုးကြီး ကလော့(ဇ်)ဝစ် ပြောခဲ့သလိုပဲ စစ်ဆိုတာ နိုင်ငံရေးကို တခြားသောနည်းတွေနဲ့ ဆက်လုပ်ခြင်းသာ ဖြစ်တယ်။ ယူကရိန်း စစ်နောက်ကွယ်က နိုင်ငံရေးကို ကြည့်ရအောင်။ ပူတင်က ယူကရိန်းကို နေတိုး အဖွဲ့ဝင် မဖြစ်ရဘူးလို့ တောင်းဆိုတယ်။ နေတိုး စစ်အုပ်စုဘက်က အဲဒီအချက်ကို မလိုက်လျောဘူး။ ဒီအခါ ရုရှားက ယူကရိန်းကို စစ်ရေးကျူးကျော်ခဲ့တယ်။ ဒါဖြင့် ယူကရိန်း စစ်ပွဲ ၂နှစ်ကြာတဲ့အထိ ယူကရိန်းကို နေတိုး အဖွဲ့ဝင်အဖြစ် ဘာ့ကြောင့် အသိအမှတ်မပြုကြသေးတာလဲ။

ဆိုဗီယက် ပြိုပြီးနောက် နေတိုး စစ်အုပ်စုက အကြိမ်ကြိမ်ပေးခဲ့တဲ့ ကတိကို ချိုးဖောက်ပြီး အရှေ့ဘက်ကို သြဇာခံ နိုင်ငံတွေချဲ့လာလိုက်တာ ရုရှား ခြံစည်းရိုးနား ရောက်လာခဲ့ပြီ။ ရုရှားအနေနဲ့ သူ့ခြံစည်းရိုးနားက ယူကရိန်းကို အမေရိက ဦးဆောင်တဲ့ နေတိုး စစ်အုပ်စုဝင် အဖြစ်မခံနိုင်ဘူး။ ဒီအချက်ကို အတိအလင်း တောင်းဆိုတယ်။ ဒါပေမယ့် နေတိုး စစ်အုပ်စုဘက်က မလိုက်လျောခဲ့ဘူး။ ဒါ့ကြောင့် ဒီစစ်ပွဲမှာ ရုရှားရဲ့ နိုင်ငံရေး ရည်မှန်းချက်ကို မြင်ဖို့ မခဲယဉ်းပါဘူး။

ဇယ်လင်စကီး ကလည်း သူတို့ ရည်မှန်းချက်ကို ထုတ်ပြောထားတယ်။ ရုရှားစစ်တပ် (ကျော်ဂျာအပါအဝင်) ယူကရိန်းမြေပေါ်ကနေ အပြီးအပိုင် ထွက်ခွာသွားရေးလို့ ပြောထားတယ်။

ဒါဆိုရင် ဒီစစ်ပွဲမှာ ဒေါ်လာ ၆၅ ဘီလျံကျော် ထောက်ပံ့ပေးထားတဲ့ ယူအက်(စ်)ရဲ့ ရည်ရွယ်ချက်က ဘာလဲ။ ကိုးရီးယား၊ ဗီယက်နမ်၊ အီရတ်၊ ဆီးရီးယား၊ အာဖဂန်တို့ကို ဖြောင်ကျူးကျော်ခဲ့တဲ့ နယ်ချဲ့ ယူအက်(စ်)က ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအတွက် ကူညီနေတာပါလို့ ပြောရင် ငါးနှစ်သားကလေးတောင် ယုံပါ့မလား။ ယူကရိန်းရဲ့ အချုပ်အခြာအာဏာကို ကာကွယ်ပေးတယ်လို့ ဆိုရအောင် လက်ရှိစစ်ရေး ဆုံးဖြတ်ချက်အားလုံးကို ဘယ်သူတွေ ချမှတ်နေသလဲ။ ဇယ်လင်စကီး အစိုးရလား၊ နေတိုး စစ်အုပ်စုလား။ ရုရှား မကျူးကျော်ခင်ကတည်းက ယူကရိန်းရဲ့ အချုပ်အခြာ အာဏာဟာ ယူကရိန်း လက်ထဲမှာ ရှိခဲ့ရဲ့လား။

တကယ်တော့ လက်ရှိစစ်ပွဲဟာ ရုရှား နယ်ချဲ့ပါဝါနဲ့ အမေရိကန်နယ်ချဲ့ ဦးဆောင်သော နေတိုးစစ်အုပ်စုတို့ ယူကရိန်း မြေပေါ်မှာ ဆင်နွှဲနေတဲ့ Proxy စစ်ပွဲတခုသာ ဖြစ်ပါတယ်။ ဒီအချက်ကို ရှင်းရှင်းလင်းလင်း မမြင်နိုင်ရင် အထက်ပါ မေးခွန်းတွေ မေးလိုက်တဲ့အခါ မျက်စိလည်သွားမှာပဲ။ နေတိုး စစ်အုပ်စုက ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအတွက် ယူကရိန်းကို ကူညီနေတယ်လို့ ထင်သွားမှာပဲ။

ယူကရိန်း မြေပေါ်မှာ နေတိုး တပ်ဖွဲ့တွေ

လည်း မရှိပါဘူးကွာလို့ စောဒကတက်နိုင်တယ်။ မှန်ပါတယ်။ ယူကရိန်း စစ်မြေပြင်မှာ နေတိုး တပ်ဖွဲ့တွေ မရှိဘူးလို့ ယေဘုယျ ပြောနိုင်ပါတယ် ။ ဒါပေမယ့် ယူကရိန်း စစ်တပ်ကို ဘယ်သူက လက်နက်တပ်ဆင်ပေးနေသလဲ၊ ဘယ်သူက လေ့ကျင့်ပေးထားသလဲ၊ ဘယ်သူက အဆင့်မြင့် လက်နက်တွေ၊ ခဲယမ်းတွေ၊ ငွေကြေးတွေ ပံ့ပိုးနေသလဲ။ ဒါ့အပြင် စစ်ထောက်လှမ်းရေး သတင်း အချက်အလက်နဲ့ logistics အပိုင်းကို ဘယ်သူက ပံ့ပိုးနေသလဲ၊ စစ်ရေးဗျူဟာနဲ့ ဆုံးဖြတ်ချက်တွေကို ဘယ်သူတွေ ချမှတ်နေသလဲ၊ ဝါရှင်တန်ကလား၊ ကီယက်(ဗ်)ကလား။ ဒါတောင် ယူအက်(စ်) သုံးထားတဲ့ စီးပွားရေး လက်နက်တွေ မပါသေးဘူး။

ဒီလို ဆန်းစစ်ကြည့်လိုက်ရင် အမေရိက ဦးဆောင်သော နေတိုးစစ်အုပ်စုနဲ့ ရုရှားကြားက proxy စစ်ပွဲဆိုတာ ရှင်းရှင်းလင်းလင်း မြင်လာလိမ့်မယ်။ အရင်းရှင်နယ်ချဲ့ပါဝါတွေကြားက proxy စစ်ပွဲကို ယူကရိန်းမြေပေါ်မှာ ယူကရိန်းတွေသွေးနဲ့ တိုက်နေကြတာ ဖြစ်ပါတယ်။

ရုရှားကို ဆိုရှယ်လစ်၊ ကွန်မြူနစ်ထင်နေသူတွေ သိအောင် ပြောရဦးမယ်။ ရုရှားဟာ ဆိုရှယ်လစ်၊ ကွန်မြူနစ် နိုင်ငံ မဟုတ်ဘူး၊ အရင်းရှင်တိုင်းပြည်။ ဆိုဗီယက်အပြိုမှာ အထည်ကြီးပျက် ဖြစ်ခဲ့ရပေမယ့် လက်ရှိအချိန်မှာ ဒေသတွင်း နယ်ချဲ့ပါဝါ ဖြစ်လာပြီ။ ကမ္ဘာ့အတိုင်းအတာမှာတော့ အမေရိကနဲ့ မယှဉ်နိုင်သေးဘူး။ ဒါပေမယ့် ဒေသတွင်း နယ်ချဲ့ပါဝါဖြစ်သလို စက်မှု အခြေခံ အင်အားတောင့်တယ်၊ နျူကလီယာ လက်နက်ပိုင်ရှင်လည်း ဖြစ်တယ်။ ဒါ့ကြောင့် ကမ္ဘာ့နယ်ချဲ့ပါဝါ အမေရိကကို အံတုရဲခြင်း ဖြစ်တယ်။

အီရတ်နဲ့ အာဖဂန်မှာ နှာခေါင်းကျည်ပွေ့ တွေ့ထားတဲ့ ယူအက်(စ်)က သူ့တပ်တွေ ယူကရိန်းလွှတ်ပြီး တိုက်ရိုက်ဝင်ပါလို့ မရဘူး။ သူ့ပြည်သူက လက်ခံမှာ မဟုတ်ဘူး။ အခုတောင် စစ်အသုံးစရိတ် ကြီးလေးလို့ လူထု ထောက်ခံမှု ကျဆင်းနေပြီ။ ရုရှားကို အမေရိကန် ချလိုက်တဲ့ sanction တွေက ပူတင်ကို မထိဘဲ အနောက်ဥရောပ နိုင်ငံတွေကိုပဲ စွမ်းအင်လောင်စာဆီ အကျပ်အတည်း ဖြစ်စေတယ်။ ဒါ့ကြောင့် နေတိုး စစ်အုပ်စုဝင် နိုင်ငံတွေမှာ ‘Ukraine fatigue’ ဖြစ်နေပြီလို့ ထုတ်ညည်းလာကြတယ်။

ဒါ့အပြင် နေတိုးနဲ့ ရုရှား ထိပ်တိုက်တွေ့ကြရင် နျူကလီယာ စစ်ပွဲအထိ ဖြစ်သွားနိုင်တယ် ။ ဒါမျိုးတော့ နှစ်ဖက်လုံးက အဖြစ်မခံဘူး။ MAD လို့ သူတို့နာမည်ပေးထားတဲ့ mutually assured destruction ဖြစ်သွားမယ်။ အရင်းရှင်လူတန်းစား စစ်တိုက်တာ war for its own sake မဟုတ်ဘူးလေ။ အမြတ်ရဖို့၊ ဈေးကွက်ချဲ့ထွင်ဖို့၊ ဩဇာခံနယ်မြေ တိုးချဲ့ဖို့၊ အရင်းတင်ပို့ဖို့၊ ကုန်ကြမ်း ရင်းမြစ်နဲ့ ဈေးချိုချို လုပ်အားရင်းမြစ်တွေ သိမ်းပိုက်ဖို့ နယ်ချဲ့စစ်တွေ တိုက်ကြတာ။ နျူကလီယာ စစ်ဆိုရင် ဒါတွေတခုမှ မရဘဲ ပြာပုံပဲ ကျန်လိမ့်မယ်။

ဒါ့ကြောင့် ပထမ၊ ဒုတိယ ကမ္ဘာစစ်တွေ တုန်းကလို အရင်းရှင် နယ်ချဲ့ပါဝါတွေကြား ထိပ်တိုက်စစ်ပွဲမျိုး လောလောဆယ် မဖြစ်နိုင်သေးဘူး။ ယူကရိန်း စစ်ပွဲလို ကြားခံစစ်ပွဲတွေပဲ ဖြစ်နေလိမ့်မယ်။

အမေရိကန်က ရုရှားနဲ့ ဘာ့ကြောင့် ကြားခံစစ် ဆင်နွှဲနေရသလဲ။ ရှင်းပါတယ်။ ရုရှားက ယူအက်(စ်)ရဲ့ ပြိုင်ဖက် ဖြစ်သလို အမေရိကန်ရဲ့ အဓိကရန်သူ တရုတ်ရဲ့ အကြီးစား မဟာမိတ်လည်း ဖြစ်တယ်။ ဒါ့ကြောင့် ရုရှားကို စစ်နွံထဲ ဆွဲနှစ်ပြီး စစ်ရေး၊ စီးပွားရေးအရ အထိနာအောင်

လုပ်ဖို့ ရည်ရွယ်တယ်။ အမေရိကရဲ့ ကမ္ဘာ့ domination ကို ဘယ်ကောင်မှ စိန်မခေါ်ရဲအောင် တခါတည်း ဦးချိုးထားပြီး အမေရိကန် ဩဇာခံနယ်မြေ (sphere of influence) ချဲ့ထွင်ဖို့ ယူကရိန်းစစ်ကို တိုက်နေခြင်း ဖြစ်တယ်။

ဒီရည်ရွယ်ချက် အထမြောက်ရုံပဲ ယူကရိန်းကို လက်နက်ပေးပါတယ်။ ဇယ်လင်စကီးတို့ တောင်းသလောက် မပေးပါဘူး။ ရုရှား စစ်တပ်တွေ ယူကရိန်းမြေပေါ်က ထွက်ခွာသွားရေး၊ မသွားရေး သူတို့စိတ်မဝင်စားပါဘူး။ ဒါ့ကြောင့်ပဲ ရုရှားနဲ့ ယူအက်(စ်)ကြား ကြိတ်ဝိုင်းဆွေးနွေးပွဲတွေ ကြားလာရလိမ့်မယ်။ နောက်ဆုံးမှာ ဇယ်လင်စကီး ရုပ်သေးအစိုးရကို စားပွဲဝိုင်းထိုင်ဖို့ ဖိအားပေးတာတွေ လုပ်လာလိမ့်မယ်။

ကမ္ဘာ့နိုင်ငံရေးကို နကန်းတလုံး သိပုံမရတဲ့ နဂျီနဲ့ အပေါင်းအပါတသိုက်ဟာ သူတို့ကို ယူကရိန်းလို မထောက်ပံ့လို့ ငိုချင်းချနေကြတယ်။ အန်ကယ်ဆမ်က ယူကရိန်းကို စာနာလွန်းလို့ ကူညီတယ်များ ထင်နေကြသလား။ ဒီပုံအတိုင်း ဆက်သွားရင် ယူကရိန်းက လူနေလို့မရတဲ့ တိုင်းပြည်အပျက်ကြီး ဖြစ်တော့မယ်။

## ဝင်ရိုးအများရှိတဲ့ ကမ္ဘာလား

ကမ္ဘာ့အခင်းအကျင်းက အပြောင်းအလဲ ဖြစ်နေတယ်။ ယူအက်(စ်) အရင်းရှင်နယ်ချဲ့ပါဝါက အရင်နဲ့စာရင် အင်အားကျလာတယ်။ ယူကရိန်းနဲ့ အာဖဂန်မှာ အရေးနိမ့်ခဲ့တဲ့ အချက်တွေက အမေရိကန် အင်အား အရင်လို မကောင်းတော့ကြောင်း ဖော်ပြနေတယ်။ တဖက်မှာ တရုတ် အရင်းရှင်စနစ်က အမေရိကကို ပခုံးချင်းယှဉ်လာတဲ့ နယ်ချဲ့ပါဝါ ဖြစ်လာတယ်။

တရုတ် အရင်းရှင် နယ်ချဲ့ပါဝါဟာ အမေရိကန်ရဲ့ အဓိက ပြိုင်ဘက် ဖြစ်လာတယ်။ အမေရိကန် Strategist တွေကိုယ်တိုင် တရုတ်ကို သူတို့ရဲ့ အဓိက 'ရန်သူ' လို့ ဖြောင်ထုတ် ပြောလာတယ်။

အမေရိကန် နယ်ချဲ့ပါဝါ ဆုတ်ယုတ်ကျဆင်းလာပြီလို့ ဆိုရာမှာ အလွန်အကျူး ပုံချဲ့မပစ်ဖို့ အရေးကြီးတယ်။ relative သဘော ကျဆင်းခြင်းသာ ဖြစ်ပါတယ်။ absolute terms နဲ့ပြောရင် အမေရိကန်က ကမ္ဘာပေါ်မှာ စစ်အင်အား အကြီးဆုံး၊ စစ်အသုံးစရိတ် အများဆုံး၊ စစ်အခြေစိုက် စခန်းအများဆုံး နယ်ချဲ့ပါဝါ ဖြစ်နေဆဲ။ စီးပွားရေးအရလည်း အင်အားအတောင့်ဆုံး နယ်ချဲ့ပါဝါ ဖြစ်နေဆဲ။ တရုတ်က ဒုတိယ ပါဝါအဆင့်ပဲ ရှိပါသေးတယ်။ အမေရိကကို မီဖို့ မလွယ်ဘူး။ ဒါ့အပြင် တရုတ် စီးပွားရေး တိုးတက်မှုက အကန့်အသတ်ကို ရောက်နေပြီ။

တရုတ် အရင်းရှင်စနစ်က အရှေ့ပိုင်းနှစ်တွေမှာ တိုးတက်နှုန်း မြင့်မားခဲ့ပေမယ့် ၂၀၂၂ ခုနှစ်မှာ ၂.၂%ပဲ တိုးတက်မှု ရှိခဲ့တယ်။ ၁၉၇၀ နောက်ပိုင်း အနိမ့်ဆုံး ဖြစ်ပါတယ်။ တရုတ်လူ့အဖွဲ့အစည်း တည်ငြိမ်နေဖို့ နှစ်စဉ်ပျမ်းမျှ တိုးတက်မှုနှုန်း အနည်းဆုံး ၈% လောက် လိုအပ်တယ်။ ဒီအတိုင်းဆက်သွားရင် တရုတ်မှာ ငုပ်လျှိုးနေတဲ့ လူတန်းစား တိုက်ပွဲ ပေါက်ကွဲထွက်လာလိမ့်မယ်။

အမေရိကန် တကောင်တည်း ဗိုလ်ကျကြီးစိုးသော ဝင်ရိုးတခုတည်း ကမ္ဘာ့စနစ်ကို တရုတ်၊ ရုရှား ပါဝါတွေက စိန်ခေါ်လာကြပြီ၊ မကြာခင် ဝင်ရိုးအများ ကမ္ဘာ့စနစ်ကို မြင်တွေ့ရတော့မယ်လို့ လက်ဝဲတချို့က စိတ်ကူးယဉ်ကြတယ်။ အမေရိကန် နယ်ချဲ့ကို တန်ပြန်ဟန့်တားမယ့် စနစ်လို့ ထင်နေကြတယ်။

သူတို့လို မျက်စိမလည်ဖို့ဆိုရင် ကျနော်တို့

အနေနဲ့ အခြေခံသဘောတရားတွေကို ဆုပ်ကိုင်ထားဖို့ လိုအပ်တယ်။ တရုတ်၊ ရုရှားဟာ အရင်းရှင် နိုင်ငံတွေ ဖြစ်တယ်။ ဒါ့ကြောင့် အရင်းရှင်စနစ် နိယာမတွေကပဲ ကြိုးကိုင်မင်းမူသွားလိမ့်မယ်။ ဒါ့အပြင် တရုတ်၊ ရုရှားဟာလည်း နယ်ချဲ့ပါဝါတွေပဲ ဖြစ်တယ်။ အရင်းရှင်နယ်ချဲ့ ပါဝါတွေ အချင်းချင်း လွန်ဆွဲနေလို့ ကမ္ဘာ့အလုပ်သမားထုဘာအကျိုးမှ မခံစားရဘူး။

ဝင်ရိုးအများ ကမ္ဘာ့စနစ်ကို စိတ်ကူးယဉ်နေကြတဲ့ လက်ဝဲဆိုသူတွေ လီနင်ရဲ့ Imperialism စာအုပ်ကို နားလည်အောင် လေ့လာကြည့်သင့်တယ်။ ပထမ ကမ္ဘာစစ်မတိုင်ခင် နယ်ချဲ့ပါဝါတွေ အင်အားအချိုးအစား အပြောင်းအလဲဖြစ်လာတဲ့အခါ ဘာဖြစ်ခဲ့သလဲ။ အရင်းရှင်စနစ်ရဲ့ အမြင့်ဆုံးအဆင့် နယ်ချဲ့စနစ်အောက်မှာ ကမ္ဘာကြီးကို သူပိုင်ငါပိုင် ခွဲခြမ်းပြီးကြပြီ။ အင်အားကြီးလာတဲ့ နောက်ပေါက် နယ်ချဲ့ပါဝါတွေက redivision လုပ်ဖို့ တာဆူလာတဲ့အခါ ကမ္ဘာစစ် ဖြစ်တော့တာပဲ။

ဝင်ရိုးအများ ကမ္ဘာ့စနစ်ဆိုရင် တည်ငြိမ်မှုရှိမယ်၊ တိုးတက်မှုရှိမယ်လို့ ထင်နေတာ lesser evilism တမျိုးပဲ။ ကမ္ဘာ့အရင်းရှင် နယ်ချဲ့စနစ်ကို ကမ္ဘာ့ဆိုရှယ်လစ် တော်လှန်ရေးနဲ့ ဖြိုချပစ်နိုင်မှသာ ငြိမ်းချမ်းရေး အစစ် ရလိမ့်မယ်။ လူ့ဘောင်တရပ်လုံး တိုးတက်သာယာလိမ့်မယ်။

## အရင်းရှင်စနစ် အကျပ်အတည်းနဲ့ လူတန်းစား တိုက်ပွဲ

ကျနော်တို့ မဂ္ဂဇင်းမှာ အရင်းရှင်စနစ် အကျပ်အတည်းနဲ့ ငွေကြေးဖောင်းပွမှု အကြောင်းတွေ ဆွေးနွေးထားတာ ဖတ်ရလိမ့်မယ်။ဒီအကြောင်းအရာတွေကို ဘာ့ကြောင့် အကျယ်တဝင့် ဆွေးနွေးနေရသလဲ။ လီနင့် စကားနဲ့ပဲ ဖြေပါရစေ -

*“Politics is the most concentrated expression of economics, its generalization, and its culmination”*

အရင်းရှင်စနစ် အကျပ်အတည်းဆိုတာ မထူးဆန်းပါဘူး။ အရင်းရှင်စနစ် သမိုင်းတလျှောက် ကြုံလာတာပဲ။ မာ့(က်စ်)တို့ လက်ထက်က ဆယ်နှစ်တခါလောက် periodically ဖြစ်ခဲ့တယ်။ အဲသလို အကျပ်အတည်း ခဏခဏ ဆိုက်ပေမယ့် နောက်ဆုံးမှာ ထွက်ပေါက်တွေ့ခဲ့တာပဲလို့ အရင်းရှင်စနစ် ဘက်တော်သားတွေက ဆိုတတ်ကြတယ်။ အရင်းရှင်စနစ်ဟာ resilient ဖြစ်သတဲ့။

အပြောမစောစေချင်ဘူး။ အရင်းရှင်စနစ် အရှေ့က လူမှုစနစ်တွေနဲ့ နှိုင်းစာရင် အရင်းရှင်စနစ် သက်တမ်းဟာ အတော်နုပါသေးတယ်။ ဒါပေမယ့် အရင်းရှင်စနစ်မှာ တိုးတက်မှု အခန်းကဏ္ဍ ကုန်ဆုံးနေပြီ။ senile decay ဖြစ်နေပြီ။ လက်ရှိ အရင်းရှင်စနစ် အကျပ်အတည်းက သာမန် periodic crisis တခု မဟုတ်ဘူး။

မှန်ပါတယ်၊ အရင်းရှင်စနစ်က အကျပ်အတည်း ခဏခဏ ဆိုက်နေလို့ သူ့အလိုလို ပြိုလဲမသွားဘူး။ အလုပ်သမား လူတန်းစား ဦးဆောင်ပြီး ဆိုရှယ်လစ် တော်လှန်ရေးကနေ ဖြိုချမှ ပြိုလဲသွားမှာ ဖြစ်တယ်။ ဒီလို အလုပ်သမား လူတန်းစား ခေါင်းဆောင်တဲ့ ဆိုရှယ်လစ် တော်လှန်ရေး အောင်ပွဲမခံနိုင်သေးသရွေ့ အရင်းရှင်စနစ်ဟာ အကျပ်အတည်းကနေ ယာယီထွက်ပေါက် ရှာလို့ရနေဦးမယ်။

သက်ရှိသတ္တဝါတကောင်ကို အသက်ရှူနေရုံ၊ နှလုံးခုန်နေရုံ၊ သွားလာနေနိုင်ရုံနဲ့ ကျန်းမာ

သန့်စွမ်းတယ်လို့ မဆိုနိုင်သလိုပဲ အရင်းရှင်စနစ်ကိုလဲ အကျပ်အတည်းကနေ ယာယီထွက်ပေါက်ရသွားလို့ အဟုတ်မထင်နဲ့ဦး။ အရင်းရှင်စနစ်ရဲ့ general health ကို တိုင်းတာအကဲဖြတ်ကြည့်ဦး ။ အရင်းရှင်စနစ်ရဲ့ အထွေထွေ ကျန်းမာသန့်စွမ်းမှုကို တိုင်းတာကြည့်ရင် အောက်ကို ထိုးဆိုက်နေတာ တွေ့ရလိမ့်မယ်။ ဒါ့ကြောင့် သေအံ့မူးမူး အရင်းရှင်စနစ်လို့ ပြောတာပါ။ ဒါပေမယ့် ဆိုခဲ့သလိုပဲ သူ့အလိုလို သေသွားမှာတော့ မဟုတ်ဘူး ။

ဒါ့ကြောင့်ပဲ အရင်းရှင်စနစ် ကပ်ဆိုက်တိုင်း ယာယီလွတ်မြောက်ဖို့ အများတကာ့ အများစု လူထုကြီးကို ချနင်းခဲ့တယ်။ အရင်းအနှီး ကြီးကြီးမားမား ပေးခဲ့ရတယ်။ အဲဒီဒဏ်တွေကို လက်ရှိအချိန်မှာ စုပြုံခံနေရခြင်း ဖြစ်တယ်။

ဒီအခြေအနေတွေက ကမ္ဘာတလွှား လူတန်းစား တိုက်ပွဲတွေ ဆူဝေပြင်းထန်လာဖို့ ပြင်ပေးထားတယ်။ တချို့နိုင်ငံတွေမှာ လူထုလှုပ်ရှားမှုတွေ ပေါက်ကွဲထွက်ပြီးသား ဖြစ်ပါတယ်။ ဗမာပြည်က အဲဒီထဲက တနိုင်ငံဖြစ်ပါတယ်။ ဒါပေမယ့် အောင်ပွဲမရခဲ့ဘူး။ အရေးနိမ့်ခဲ့တယ်။

သို့သော် လူထု အုံကြွမှု ဖြစ်စေခဲ့တဲ့ ပဋိပက္ခတွေ တခုမှ ပြေလည်မသွားသေးဘူး၊ အရင်ကထက် သိပ်သည်းပြင်းထန်လာတာပဲ ရှိတယ်။ ဒါ့ကြောင့် လူတန်းစား တိုက်ပွဲတွေ နောက်တချီ ပြင်းထန်လာမယ့် အချိန်ကို မလွဲမသွေ ရောက်ဦးမှာပဲ။ အခုကတည်းက မာ့(က်စ်)ဝါဒ အင်အားစုကို အပူတပြင်း တည်ဆောက်ထားမှသာ အလုပ်သမား လူတန်းစား ခေါင်းဆောင်သော ဆိုရှယ်လစ် တော်လှန်ရေး အောင်ပွဲခံနိုင်လိမ့်မယ်။

**အယ်ဒီတာ့အာဘော်**

# THE STRUGGLE

Perspective

# ဗမာပြည် အရင်းရှင်စနစ် ပျက်ကပ်

ဝင်းစံဖြူရေးသည်





# ဗမာပြည် အရင်းရှင်စနစ် ပျက်ကပ်

ဒီကနေ့ အရင်းရှင်စနစ် အကြပ်အတည်းဟာ ၁၉၂၉-၃၀ ခုနှစ်တွေမှာ ဖြစ်ခဲ့တဲ့ ကမ္ဘာ့ စီးပွားပျက်ကပ် (Great Depression) နောက်ပိုင်း အပြင်းထန်ဆုံးနဲ့ အကျယ်ပြန့်ဆုံး အကြပ်အတည်း ဖြစ်ပါတယ်။ ကမ္ဘာ့ အရင်းရှင်စနစ်တခုလုံး ကပ်ဆိုက်နေတဲ့ ကာလ ဖြစ်ပါတယ်။ စစ်အာဏာရှင်စနစ် ကြီးစိုးတဲ့ ဗမာပြည် အရင်းရှင်စနစ် အကြပ်အတည်းဟာ ပိုသိပ်သည်း ပြင်းထန်တယ်လို့တောင် ဆိုနိုင်တယ်။ တနည်းအားဖြင့် ကမ္ဘာ့ အရင်းရှင်စနစ် အကြပ်အတည်းရဲ့ acute expression လို့ ပြောရပါလိမ့်မယ်။

စီးပွားပျက်ကပ်ဆိုတာမျိုးက ဘောဂဗေဒ ပညာရှင်တွေနဲ့ပဲ သက်ဆိုင်တာ မဟုတ်ဘူး။ ဆင်းရဲသား နင်းပြား လုပ်သားထုကြီးတရပ်လုံးရဲ့ သေရေးရှင်ရေး ပြဿနာ ဖြစ်ပါတယ်။ တိုင်းပြည်ချွတ်ခြုံကျလေ စကစ အကြပ်ဆိုက်လေ ထင်နေကြတဲ့ နဂိုနဲ့ သူ့လော်ဘီ ပက်တီးဘူဇွာတွေရဲ့ ရှုးနှမ်းနှမ်းအမြင်မျိုးကို ဆန့်ကျင်ရမယ်။
ဒီစီးပွားပျက်ကပ်ကို အလေးအနက် ဆန်းစစ်ကြည့်ဖို့ လိုအပ်ပါတယ်။ စီးပွားပျက်ကပ် ဖြစ်ပြီဟေ့ဆိုရင် အာဏာသိမ်း စစ်အုပ်စုအပါအဝင် အရင်းရှင် လူတန်းစားက တကယ်မခံရပါဘူး၊ အဖိနှိပ်ခံ နင်းပြား လူထုပဲ ကုန်းခံကြရတာပါ။

## Empiricism ရဲ့ အကန့်အသတ်

၂၀၂၃ ဇွန်လမှာ ကမ္ဘာ့ဘဏ်က ‘မြန်မာ့ စီးပွားရေး စောင့်ကြည့်အစီရင်ခံစာ’ ထုတ်လိုက်ပါတယ်။ ‘A Fragile Recovery’ လို့ နာမည်ပေးထားတယ်။ ဒါပေမယ့် ကမ္ဘာ့ဘဏ်က သူ့အာဘော် မဟုတ်ပါဘူးလို့ ကြိုကာထားတယ်။ အဲဒီအစီရင်ခံစာ ရေးသူတွေရဲ့ အမြင်ကိုပဲ ကိုယ်စားပြုပါသတဲ့။ အဲဒီအစီရင်ခံစာမှာ ဖော်ပြထားတဲ့ ဘောဂဗေဒ အချက်အလက်တွေဟာ လက်ရှိဗမာ့စီးပွားရေး ပျက်ကပ်ကို ဆန်းစစ်ရာမှာ အထောက်အကူ ဖြစ်မယ်လို့ ယူဆပါတယ်။ ဒါပေမယ့် သူတို့နဲ့ ကျနော်တို့ အမြင်ချင်း၊ အဓိပ္ပါယ်ကောက်ပုံချင်း တူမှာတော့ မဟုတ်ဘူး။ မျက်နှာပြင်အောက် ပြောင်းလဲလှုပ်ရှားနေတဲ့ deep process တွေကို နားလည်ဖို့ အရေးကြီးပါတယ်။ ဒီလိုနားမလည်ဘဲ မြင်တွေ့ရသော အချက်အလက်ကိုချည်း အားကိုးလွန်းရင် တဖက်သတ်ကျလွန်းတဲ့ empiricism အမှားတွေ ကျူးလွန်တတ်တယ်။

ဥပမာပြရရင် ကမ္ဘာ့ဘဏ် အစီရင်ခံစာက ၂၀၂၃ မေလအထိ မြင်တွေ့ရတဲ့ အချက်အလက်တွေကို အခြေခံပြီး၂၀၂၃ ပထမနှစ်ဝက်မှာ ဗမာ့စီးပွားရေး တည်ငြိမ်လာတဲ့ လက္ခဏာတွေ တွေ့ရပြီလို့ ဆိုထားတယ်။ အစားအသောက်နဲ့ လောင်စာဆီဈေးတွေ ၂၀၂၂ ဒုတိယ နှစ်ဝက်မှာ အမြင့်ဆုံးထိ ရောက်ခဲ့ပေမယ့် အခု ၂၀၂၃ မှာတော့ ဈေးငြိမ်သလို ဖြစ်သွားပြီလို့ သုံးသပ်ထားတယ်။ တကယ့်လက်တွေ့မှာကျ ဒီအစီရင်ခံစာ ထွက်ပြီး တလအတွင်း ဆန်နဲ့ လောင်စာဆီဈေး

"စီးပွားပျက်ကပ်ဆိုတာမျိုးက ဘောဂဗေဒ ပညာရှင်တွေနဲ့ပဲ သက်ဆိုင်တာ မဟုတ်ဘူး။ ဆင်းရဲသား နင်းပြား လုပ်သားထုကြီးတရပ်လုံးရဲ့ သေရေးရှင်ရေး ပြဿနာ ဖြစ်ပါတယ်။ တိုင်းပြည် ချွတ်ခြုံကျလေ စကစ အကြပ်ဆိုက်လေ ထင်နေကြတဲ့ နဂိုနဲ့ သူ့လော်ဘီ ပက်တီးဘူဇွာတွေရဲ့ ရှုးနမ်းနမ်းအမြင်မျိုးကို ဆန့်ကျင်ရမယ်။ "

၅၀% ခုန်တက်သွားတယ်။

မနှစ်က ဇူလိုင်၊ ဩဂုတ်မှာ ဒေါ်လာဈေး အမြင့်ဆုံးတက်ခဲ့ပြီး ၂၈၅၀ ကျပ်ဝန်းကျင်မှာ ပြန်ငြိမ်သွားတယ်။ ဒီတော့ ၂၀၂၃ မှာ စားသောက်ကုန်နဲ့ လောင်စာဈေး အတက်မကြမ်းတော့ဘူး၊ ၂၀၂၃စက်တင်ဘာအထိ တနှစ်တာ ပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်း ၁၄%လို့ ခန့်မှန်းတယ်၊ ၂၀၂၄ မှာ ဆက်ကျမယ်လို့လည်း ဟောကိန်းထုတ်တယ်။ တကယ့် လက်တွေ့မှာ အစီရင်ခံစာထွက်ပြီး တလခွဲအတွင်း တဒေါ်လာကို မြန်မာကျပ် ၄၀၀၀ ကျော်သွားခဲ့ပြီ။ ငွေကြေးဖောင်းပွမှု ၁၄% ဆိုတာ underestimation ဖြစ်ပါတယ်။

## ထုတ်လုပ်ရေးကျဆင်းခြင်းနဲ့ ငွေကြေးဖောင်းပွမှု

'မော့(က်စ်)ဝါဒ၊ ငွေကြေးနဲ့ ငွေကြေးဖောင်းပွမှု' ဆောင်းပါးမှာ ငွေကြေးဖောင်းပွမှုအကြောင်း အကျယ်တဝင့် ဆွေးနွေးပြီး ဖြစ်ပါတယ်။ ငွေကြေးဖောင်းပွမှုကို ဖြစ်ပေါ်စေတဲ့ အကြောင်းအချက်တွေ အများကြီး ရှိပါတယ်။ ဝယ်အားများပြီး ရောင်းအားနည်းလို့ပဲ မဟုတ်ပါ။ ယေဘုယျဆိုရရင် ထုတ်လုပ်မှု တန်ဖိုး ကျဆင်းပြီး ငွေကြေးပမာဏ များလာရင် ငွေကြေးဖောင်းပွမှု ဖြစ်လာမယ်။ ၂၀၂၁ မှာ ဂျီဒီပီ -၁၈% ကျဆင်းသွားခဲ့ရာက ၂၀၂၃ မှာ ခပ်ပျော့ပျော့ နာလန်ထလာမယ်၊ ၃%လောက် တက်လာမယ်လို့ ကမ္ဘာ့ဘဏ် အစီရင်ခံစာက ဆိုပါတယ်။ ခန့်မှန်းထားသလို ၃% တက်လာခဲ့ရင်တောင်၂၀၁၉ ဂျီဒီပီထက် ၁၀% လျော့နေဦးမယ်လို့ ဆိုတယ်။ ဂျီဒီပီ ၃% တက်လာဖို့ ဆိုတာလည်း အခုအနေအထားနဲ့ဆို မဖြစ်နိုင်ဖို့ များပါတယ်။

အရေးကြီး ကုန်ထုတ်လုပ်ငန်းဖြစ်သော စိုက်ပျိုးရေး ကဏ္ဍဟာ နာလန်ထူလာဖို့ မဖြစ်နိုင်တဲ့ အခြေအနေမှာ ရှိနေဆဲ။ စိုက်ပျိုးရေး အဓိကလွင်ပြင်ဒေသဟာ စစ်တလင်း ဖြစ်နေတယ်။ အာဏာသိမ်း စစ်တပ်ရဲ့ ရွာလုံးကျွတ် မီးရှို့မှုတွေ၊ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုတွေကြောင့် ကုန်ထုတ်လုပ်ငန်း မလည်ပတ်နိုင်ဘူး။ စစ်ပြေးကြရသူ IDP အရေအတွက် ၁.၈ သန်းရှိတယ်လို့ UNOCHA က ခန့်မှန်းထားတယ်။

ဒါ့အပြင် လောင်စာဆီ၊ ဓာတ်မြေဩဇာ အစရှိတဲ့ စိုက်ပျိုးရေး သွင်းကုန်ဈေးတွေ ထောင်တက်နေတယ်။ ကျပ်ငွေတန်ဖိုး ထိုးကျနေချိန် ပြည်ပက တင်သွင်းရတဲ့ ကုန်ပစ္စည်းတိုင်း ဈေးကြီးပါတယ်။ ဒါ့အပြင် စိုက်ပျိုးစရိတ် ချေးငွေ မရဘူး။ အစိုးရရဲ့ အမတော်ကြေး ထောက်ပံ့ငွေ မရှိဘူး။ စစ်ပြေးနေရလို့၊ အသတ်ခံရလို့၊ ပြည်ပထွက်သွားလို့ အစရှိတဲ့ အကြောင်းကြောင်းကြောင့်

လုပ်သားရှားပါးမှု ဖြစ်တယ်။

ဒါ့အပြင် ရာသီဥတု ဖောက်ပြန်မှုဒဏ် ခံနေရတယ်။ မုန်တိုင်းဒဏ်၊ ရေကြီးရေလွှမ်းဒဏ်တွေ ခံထားရတယ်။ မိုခါ ဆိုင်ကလုန်းမုန်တိုင်းကြောင့် အမေရိကန် ဒေါ်လာ သန်း၂၀၀၀ ကျော်ဖိုး ပျက်စီးဆုံးရှုံးခဲ့တယ်လို့ ကမ္ဘာ့ဘဏ်က သတင်းထုတ်ပြန်ထားတယ်။

စက်မှုထုတ်လုပ်ရေးမှာလည်း အကျနာနေဆဲ။ ဗမာပြည်မှာ အကြီးစား စက်မှုလုပ်ငန်းရယ်လို့ မယ်မယ်ရရ မရှိပါဘူး။ ဗမာပြည်ရဲ့ ပို့ကုန်လုပ်ငန်းမှာ အထည်ချုပ်နဲ့ သဘာဝဓာတ်ငွေ့ကို အားကိုးနေရတယ်။ အထည်ချုပ် လုပ်ငန်းက ပို့ကုန်စုစုပေါင်းရဲ့ ၃၃% ရှိပြီး သဘာဝဓာတ်ငွေ့တင်ပို့မှုက ပို့ကုန်စုစုပေါင်းရဲ့ ၂၃% ရှိတယ်။ ဒီနှစ်ခုပေါင်းက ပို့ကုန်အားလုံးရဲ့ ၅၅% ရှိနေတယ်။ အခု ၂၀၂၃ မှာ အဲဒီနှစ်ခု တင်ပို့မှုက ၂၀၂၂ ခု တင်ပို့မှုထက် ၁၁% ကျဆင်းနေသတဲ့။ စစ်အာဏာမသိမ်းခင်က ထုတ်ကုန်တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင် ဒီထက် ပိုဆိုးပါလိမ့်မယ်။

၂၀၂၃ မှာ အထည်ချုပ် အမှာတွေ တက်လာတယ်လို့ ဆိုထားပေမယ့် လိုအပ်တဲ့ ကုန်ကြမ်းအလုံအလောက် မသွင်းနိုင်တာ၊ အချိန်မီ ရောက်မလာတာ၊ မီးခဏခဏ ပြတ်တာ၊ ဒီဇယ်သုံးဓာတ်အားပေးစနစ် အစားထိုးသုံးရတာ၊ အစရှိတဲ့ အကြောင်းအချက်တွေကြောင့် ထုတ်လုပ်ရေးစရိတ်စက ပိုများလာသလို ပို့ကုန်ပမာဏလည်း ကျဆင်းနေဆဲ ဖြစ်ပါတယ်။

ဒါ့အပြင် ပြည်ပအရင်း ဝင်ရောက်မှုက ကိုဗစ်ရောဂါကပ် မတိုင်ခင် ပမာဏရဲ့ တဝက်ပဲ ရှိသေးတယ်။ FDI ကတော့ မဆိုစလောက်ပဲ။ ၂၀၂၃ ပထမ ၄ လအတွင်း ဒေါ်လာ ၁၈၂ သန်းဖိုးပဲ ဝင်သေးတယ်။ ဝင်လာတဲ့ FDI စုစုပေါင်းရဲ့ ၅၀% က ဝန်ဆောင်မှု လုပ်ငန်းတွေ။ ၂၀၂၂ အောက်တိုဘာ-၂၀၂၃ ဇန်နဝါရီအတွင်း လုပ်ငန်းသစ် မှတ်ပုံတင်အရေအတွက်က ၂၀၂၀ ဇန်နဝါရီနဲ့ ယှဉ်ရင် ၄၃% လျော့နည်းနေတုန်းပဲ။ ကုန်ထုတ်လုပ်ရေး ကျဆင်းနေဆဲ ဖြစ်ကြောင်း ဒီအချက်အလက်တွေက ပြောနေတယ်။

တဖက်မှာ ဆူလွယ်နပ်လွယ် သတ္တုနဲ့ ကျောက်တူးဖော်ရေး လုပ်ငန်းတွေ ၂၀၂၂၊ ၂၀၂၃ မှာ ပိုများလာတယ်။ စစ်အာဏာသိမ်းပြီး ၂၀၂၁ နှောင်းပိုင်းကစလို့ အဖိုးတန်ကျောက်နဲ့ မြေရှားသတ္တုတွေ တရုတ်ကို တင်ပို့မှု သိသိသာသာ များလာတယ်။ သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှု ဆိုးရွားလာတယ်။ လောလောလတ်လတ်တင် ဖားကန့် မြေစာပုံပြိုလို့ လူတွေ ဒါဇင်ချီ သေဆုံးထားတယ် မဟုတ်ပါလား။ ရေရှည်ဆိုးကျိုးတွေလည်း ခံကြရဦးမယ်။

သဘာဝအရင်းအမြစ်ကို ထုတ်ရောင်းတဲ့ စီးပွားရေးဟာ ရေရှည်မခံပါဘူး။ အခုပဲကြည့်လေ ၊ သဘာဝဓာတ်ငွေ့ တူးဖော်မှု အထွက်ကျသွားပြီ၊ ရဲတံခွန် ကမ်းလွန်ထုတ်လုပ်ရေးကွင်းမှာ သဘာဝဓာတ်ငွေ့ လက်ကျန် ခမ်းသလောက် ဖြစ်သွားပါပြီ။ ပြည်ပလက်ဝါးကြီးအုပ် ကုမ္ပဏီကြီးတွေ ထွက်ခွာသွားတဲ့အခါ နည်းပညာပိုင်း အားနည်းသွားတယ်၊ နယ်သစ်ရှာ ထုတ်နိုင်စွမ်းလည်း ကျသွားတယ်။ တရုတ်၊ ထိုင်းကို သဘာဝဓာတ်ငွေ့တင်ပို့မှု ၂၀၂၃ မှာ ကျသွားတယ်။

ရခိုင်ကမ်းရိုးတန်း ဒေသတွေက ဘင်္ဂလားဒေ့(ရှ်)ကို ရေထွက်ပစ္စည်း တင်ပို့မှု ၂၀၂၃ မှာ ၆၀% ကျဆင်းသွားခဲ့တယ်၊ ၂၀၂၂ ဧပြီ-ဇူလိုင်မှာ အမေရိကန် ဒေါ်လာ ၁၁.၅၁ သန်း တင်ပို့နိုင်ခဲ့ပေမယ့် ၂၀၂၃ မှာ လေးလအတွင်း ၄.၄၅ သန်းဖိုးပဲ တင်ပို့နိုင်ခဲ့တယ်လို့ ရခိုင်ပြည်နယ် ကုန်သည်ကြီးများနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းက

ဩဂုတ်လ ၃ ရက်နေ့မှာ ထုတ်ပြန်ခဲ့တယ်။

ကျပ်ငွေတန်ဖိုး ကျဆင်းလာလို့ ဆန်စပါး အပါအဝင် စိုက်ပျိုးရေး ထွက်ကုန်တချို့ ဈေးကောင်းသယောင် ထင်ရပေမယ့် အောက်ခြေ ဆင်းရဲသား တောင်သူလယ်သမားက အကျိုးအမြတ် မခံစားရဘူး။ ထွက်လာတဲ့ သီးနှံ မပေါ်ခင်ကတည်းက ရောင်းဖို့ ပြင်နေရတာ။ မ ရောင်းမိရင်လည်း အာဏာသိမ်း စစ်တပ် မီးရှို့တာ ခံကြရတယ်။


ဒီတော့ အတက်ဈေးနဲ့ မရောင်းကြရပါဘူး ။ စိုက်ပျိုးရေး သွင်းကုန်တွေကိုသာ အတက်ဈေး နဲ့ ဝယ်ကြရတာ။ ခေတ်ပျက်မှာ ကုန်လှောင်နိုင် တဲ့ အကြီးစား အရင်းရှင်တွေလောက်ပဲ အမြတ် များများ ရကြတယ်။

ထုတ်လုပ်ရေး၊ ကုန်ဖြန့်ဖြူးရေးမှာ သယ်ယူပို့ဆောင်ရေးကလည်း အင်မတန် အရေးကြီးပါတယ်။ ကျပ်ငွေတန်ဖိုး ကျဆင်းနေ တယ်။ ယူကရိန်းစစ်နဲ့အတူ ကမ္ဘာ့လောင်စာဆီ ဈေး အတက်ကြမ်းတယ်။ ဒီတော့ ပြည်တွင်း လောင်စာဆီဈေး ထိုးတက်တယ်။ ဒါ့အပြင် လက်နက်ကိုင် တိုက်ပွဲတွေ ဖြစ်နေလို့ ပြည်တွင်း ကုန်စည် ပို့ဆောင်ရေးမှာ စရိတ်စကတွေ ကြောက်ခမန်းလိလိ တက်သွားပါတယ်။

လမ်းဂိတ်ကြေး၊ ဆပ်ကြေးတွေအပြင် တိုက်ပွဲကြား ပိတ်မိလို့၊ လမ်းပိတ်နေလို့၊ တံတား ကျိုးသွားလို့၊ မိုင်းဆွဲခံရလို့၊ အစရှိတဲ့ အကြောင်းအချက်မျိုးစုံကြောင့် ကုန်ကျစရိတ် ထောင်းသလို အချိန်ကြန့်ကြာတာ၊ လိုအပ်တဲ့ ကုန်ပစ္စည်းတိုင်း တင်ပို့မရတာတွေ ဖြစ်လာတယ် ။ နောက်ဆုံး သာမန်လူထုပဲ ကုန်ဈေးနှုန်းကြီး လေးတဲ့ဒဏ် ခံကြရတယ်။ ကုန်သည်ကြီးတွေက အမြတ် ဘယ်လျော့ခံမလဲ။ ကုန်ကျစရိတ်များရင် ကုန်ဈေးတက်လိုက်တာပဲ။

ချုပ်လိုက်ရင် ကဏ္ဍအသီးသီးမှာ ထုတ်လုပ်ရေး ကျဆင်းနေသလို ထုတ်လုပ်ရေး၊ ဖြန့်ဖြူးရေး စရိတ်စက ကြီးလေးနေတယ်။ တဖက်မှာလည်း ထောက်ပံ့ရေး ချိန်းတန်းမှာ ရှော့(ခ်)တွေ တခုပြီး တခု ကြုံနေရဆဲ။ လတ်တလော ဥပမာဆိုရင် မြ ဝတီလမ်း မြေပြိုတဲ့ကိစ္စ။

*Figure 27: Money supply and Net claim on government (Kyat billions)*




*Source:* CBM

ဒီအနေအထားမှာ ငွေကြေးပမာဏ များပြားလာရင် ငွေကြေးဖောင်းပွမှု ဆိုးဆိုးရွား ရွား ဖြစ်လာမှာပဲ။ စစ်ကောင်စီ ဗဟိုဘဏ်ရဲ့ အစီရင်ခံစာအရ M2 လို့ခေါ်တဲ့ စုစုပေါင်းငွေကြေး ပမာဏဟာ ၂၀၁၉ စက်တင်ဘာမှာ ကျပ်သန်း ထောင်ပေါင်း ၆၂၈၈၃ ရှိခဲ့ပြီး၊ ၂၀၂၂ စက်တင်ဘာ မှာတော့ ကျပ်သန်းထောင်ပေါင်း ၈၀၀၀၈ ရှိခဲ့ တယ်။ ၃နှစ်အတွင်း money supply ကျပ်ဘီလျံ ၁၇၁၂၅ ပိုများလာတဲ့သဘော။ ဒါဟာ ငွေကြေးဖောင်းပွမှု အခုလို ထိန်းမနိုင်သိမ်းမရ ဖြစ်လာစေတဲ့ အရေးကြီး အကြောင်းအချက် ဖြစ် ပါတယ်။

## ဘတ်ဂျက်လိုငွေ၊ ကုန်သွယ်ရေး လိုငွေ

ဘတ်ဂျက်လိုငွေက ဂျီဒီပီရဲ့ ၆% လောက် ရှိမယ်လို့ ကမ္ဘာ့ဘဏ် အစီရင်ခံစာမှာ ခန့်မှန်း

ထားတယ်။ လိုငွေပြနေတယ်ဆိုတော့ အစိုးရဘဏ္ဍာရေး အသုံးစရိတ် များနေလို့ပေါ့။ များတယ်သာဆိုရဲ့၊ ပညာရေးနဲ့ ကျန်းမာရေး နှစ်ခုပေါင်း အသုံးစရိတ်က ဂျီဒီပီရဲ့ ၂% မရှိဘူး။ ၂၀၂၀ မှာ ၃.၆% သုံးခဲ့ရာက အခု ၂၀၂၃မှာ ၁.၈%ပဲ သုံးတော့တယ်။ အဲလိုပဲ အများပြည်သူဆိုင်ရာ ပရောဂျက်တွေမှာ အာဏာသိမ်း စစ်အစိုးရရဲ့ ရင်းနှီးမြှုပ်နှံမှုက ၂၀၂၀ နဲ့ ယှဉ်ရင် ၈% ကျသွားတယ်။ ဒီတော့ public sector မှာ အလုပ်ကိုင်အခွင့်အလမ်း ပိုနည်းသွားတယ်။

ပညာရေး၊ ကျန်းမာရေးကို ငတ်နေတဲ့ လူထုက ကိုယ့်ဘာသာ အိတ်စိုက်ဖြေရှင်းကြရတယ်။ ကျန်းမာရေး ကဏ္ဍမှာ လိုအပ်တဲ့ ဆေးဝါးနဲ့ ဆေးပစ္စည်းအားလုံးနီးပါး ပြည်ပကနေ တင်သွင်းရတယ်။ ကျပ်ငွေတန်ဖိုး ကျဆင်းနေလို့ တင်သွင်းစရိတ်တွေ အဆမတန် ကြီးလေးလာတယ်။ ဒီအခါ အိတ်စိုက်ဖြေရှင်းရတဲ့ လူထုအဖို့ အလွန်ကြီးလေးတဲ့ ဝန်ထုပ်ကြီးဖြစ်လာတယ်။

အရင်းရှင်စနစ်အောက်မှာ ပညာရေး၊ ကျန်းမာရေးဟာ အဖိုးအခ ကြီးလွန်းတဲ့ 'ရောင်းကုန်' (commodities) ဖြစ်လာတယ်။ ဒါ့ကြောင့် ကျနော်တို့အနေနဲ့ ပညာရေး၊ ကျန်းမာရေးကို privatization လုပ်ပြီး ရောင်းကုန်အဖြစ် ပြောင်းလဲပစ်ခြင်းကို ပြတ်ပြတ်သားသား ဆန့်ကျင်ရမယ်။ အရည်အသွေး ပြည့်ဝတဲ့ ပညာရေး၊ ကျန်းမာရေးကို ပြည်သူလူထုတရပ်လုံး အခမဲ့ ရရှိရမယ်။

အာဏာသိမ်း စစ်အစိုးရက ပညာရေး၊ ကျန်းမာရေးအတွက် ဂျီဒီပီရဲ့ ၁.၈%သာ သုံးစွဲပေမယ့် ပြည်သူကို သတ်ဖြတ်ဖို့ စစ်လက်နက်အသုံးစရိတ်ကို နင့်နေအောင် သုံးစွဲထားတယ်။ ဒီတော့ ဘတ်ဂျက်လိုငွေပြတယ်။

ဒီအခါ ဗဟိုဘဏ်က အကြွေးယူတဲ့နည်းနဲ့ ဘဏ္ဍာထောက်ပံ့ပေးတယ်။ အစိုးရဘဏ္ဍာကို ဗဟိုဘဏ်က မတည်ပေးတာ ၆၅% အထိ တိုးလာတယ်။ ဒီအခါ တိုင်းပြည်ကြွေးမြီလဲ ပိုတိုးလာမယ်။ ကြွေးမြီနည်းနဲ့ မဟုတ်ရင်လည်း ငွေသားတွေ ရိုက်ထုတ်ပြီး ဆေးမြီတိုနည်းနဲ့ ဖြေရှင်းလေ့ရှိတယ်။ ဒီလုပ်ရပ်တွေက ငွေကြေးဖောင်းပွမှုဖြစ်စေတဲ့ ဖိအားတွေပဲ။

အထက်မှာ ဆိုခဲ့သလိုပဲ ပို့ကုန်တန်ဖိုးက ကျဆင်းနေတယ်။ သွင်းကုန်တန်ဖိုးက မကျဘူး။ စားသုံးဆီလို အခြေခံ စားသုံးကုန်မျိုးကအစ ပြည်ပကနေ တင်သွင်းနေရတယ်။ ရေနံနဲ့ သဘာဝဓာတ်ငွေ့တွေ ကုန်ကြမ်းပေါပေမယ့် စွမ်းအင်နဲ့ လောင်စာဆီကိုလည်း ပြည်ပက တင်သွင်းရတယ်။ ဆေးဝါးဆိုရင်လည်း ပါရာစီတမောကစ တင်သွင်းရတယ်။ ဒီတော့ သွင်းကုန်တန်ဖိုး ဘယ်လိုလုပ် ကျမလဲ။

အာဏာသိမ်း စစ်အစိုးရက ပြည်ပကနေ ကုန်ပစ္စည်းတင်သွင်းမှုကို ကန့်သတ်ထိန်းချုပ်ဖို့ ကြိုးပမ်းတာတွေ ရှိပါတယ်။ ဒါပေမယ့် တင်သွင်းမှုကို လျှော့ချလို့မှ မရဘဲ။ သူတို့ကန့်သတ်ထိန်းချုပ်လေ မှောင်ခိုလမ်း ပွင့်လေပဲ။ ကန့်သတ်ထိန်းချုပ်လိုက်လို့ တင်သွင်းမှု ကျဆင်းသွားခဲ့ရင် အခြေခံ လိုအပ်ချက် ကုန်စည်တွေ ပြတ်လပ်မယ်။ ကုန်ဈေးနှုန်း ခုန်တက်သွားမယ်။

အခုလည်း မှောင်ခိုဈေးကွက်က အတော်ကြီးနေပါပြီ။ အတွင်းလှိုက် ပျက်စီးနေတဲ့ ဗျူရိုကရေစီအောက်မှာ အကျင့်ပျက်ခြစားမှုတွေ၊ လာဘ်သင့်ရာ လိုင်စင်ချပေးတာတွေ ဒင်းကြမ်းအပြည့်ပေါ့။

နိုင်ငံခြား ငွေကြေးကို ထိန်းချုပ်လိုတဲ့ အာဏာသိမ်း စစ်အစိုးရဟာ သွင်းကုန်လိုင်စင် တင်းကြပ်တာတွေ လုပ်ခဲ့တယ်။ ဒါပေမယ့် ဗျူရိုကရေစီနည်းနဲ့ ကိုင်တွယ်ဖို့ ကြိုးစားတဲ့အခါ သူတို့ထင်သလို ဖြစ်မလာဘူး။ တဖက်မှာလည်း

အခြေခံ စားသုံးကုန်တွေ အလုံအလောက် မတင်သွင်းနိုင်ရင် ဖြစ်လာမယ့် နောက်ဆက်တွဲ အခြေအနေကို သူတို့လည်း ကြောက်ပါတယ်။ ဒါ့ကြောင့် အစိုးရ ဗဟိုဘဏ်က ဝင်ပါတာမျိုး လုပ်ရတယ်။

၂၀၂၁ စစ်အာဏာသိမ်းပြီး ၆လအတွင်း ဗဟိုဘဏ်က အမေရိကန် ဒေါ်လာ သန်း ၉၀ နီးပါး ထုတ်ရောင်းပေးခဲ့တယ်လို့ ဧရာဝတီ သတင်းဌာနက ၂၀၂၁ ဇူလိုင် ၂၉ ရက်နေ့မှာ ဖော်ပြခဲ့တယ်။ တကယ်တော့ ဒီနောက်လတွေမှာလည်း ဗဟိုဘဏ်က တောက်လျှောက် ထုတ်ရောင်းခဲ့ပါတယ်။ ဗဟိုဘဏ်ရဲ့ အစီရင်ခံစာအရ ၂၀၂၂ မတ်လအထိ အမေရိကန် ဒေါ်လာ ၄၁၇ သန်း ထုတ်ရောင်းပေးခဲ့တယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဇယား(၅) လစဉ်ပျမ်းမျှနိုင်ငံခြားငွေလဲလှယ်နှုန်းများနှင့် ဗဟိုဘဏ်၏နိုင်ငံခြားသုံးငွေဈေးပြိုင်လေလံတွင် ရောင်းဝယ်မှုအခြေအနေ ( ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ မှ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလအထိ)

| ကာလ | ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်း | အဝေးဈေးငွေလဲလှယ်နှုန်း | ဈေးကွက်နိုင်ငံခြားငွေလဲလှယ်နှုန်း | ဗဟိုဘဏ်မှ ဝင်ရောက်ရောင်းဝယ်ပေးမှု (အမေရိကန်ဒေါ်လာ) (-)အသားတင်ရောင်းချမှု/ (+) အသားတင်ဝယ်ယူမှု |
|---|---|---|---|---|
| ၂၀၂၁ခုနှစ် ၊ စက်တင်ဘာ | ၁,၇၅၄ | ၁,၉၃၈ | ၂,၀၂၀ | (၆၃,၀၀၀,၀၀၀) |
| ၂၀၂၁ခုနှစ်၊ အောက်တိုဘာ | ၁,၈၇၅ | ၁,၉၀၃ | ၂,၀၄၉ | (၁၁၀,၀၀၀,၀၀၀) |
| ၂၀၂၁ ခုနှစ်၊နိုဝင်ဘာ | ၁,၇၇၆ | ၁,၈၂၂ | ၁,၉၁၃ | (၃၁,၀၀၀,၀၀၀) |
| ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ | ၁,၇၈၀ | ၁,၈၇၈ | ၁,၈၈၈ | (၁၁၈,၀၀၀,၀၀၀) |
| ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ | ၁,၇၇၈ | ၁,၉၇၄ | ၁,၉၇၂ | (၆၅,၀၀၀,၀၀၀) |
| ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ | ၁,၇၇၈ | ၁,၉၇၀ | ၁,၉၈၅ | (၁၅,၀၀၀,၀၀၀) |
| ၂၀၂၂ ခုနှစ်၊ မတ် | ၁,၇၇၈ | ၂,၀၂၂ | ၂,၀၃၇ | (၁၅,၀၀၀,၀၀၀) |
| ၂၀၂၂ ခုနှစ်၊ ဧပြီ | ၁,၈၅၀ | ၁,၉၈၄ | ၂,၀၁၅ | - |
| ၂၀၂၂ ခုနှစ်၊ မေ | ၁,၈၅၀ | ၂,၀၅၄ | ၂,၀၄၉ | - |
| ၂၀၂၂ ခုနှစ်၊ ဇွန် | ၁,၈၅၀ | ၂,၀၈၉ | ၂,၀၈၈ | - |
| ၂၀၂၂ ခုနှစ်၊ ဇူလိုင် | ၁,၈၅၀ | ၂,၂၈၁ | ၂,၃၀၁ | - |
| ၂၀၂၂ ခုနှစ်၊ သြဂုတ် | ၂,၀၅၇ | ၂,၈၅၇ | ၂,၈၈၉ | - |
| ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ | ၂,၁၀၀ | ၃,၁၅၆ | ၃,၃၂၃ | - |

ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ငွေကြေးမူဝါဒအကောင်အထည်ဖော်ဆောင်ရွက်ချက်အစီရင်ခံစာ
(၂၀၂၂ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ) ၃၃

Image- Central Bank of Myanmar

'စစ်တပ်က အာဏာသိမ်းလိုက်ပြီးနောက် ဝရုန်းသုန်းကား ကျဆင်းနေသော မြန်မာကျပ်ငွေ တန်ဖိုးကို ထိန်းထားနိုင်ရန်'လို့ ဧရာဝတီက ရေးပါတယ်။ တကယ်တော့ အာဏာမသိမ်းခင်ကလည်း ဗဟိုဘဏ်က ဒါမျိုးတွေ လုပ်ခဲ့ဖူးတယ်။ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ကာလလို့ အမွှန်းတင်နေတုန်းကတော့ 'သွင်းကုန် ၃မျိုးအတွက် ဗဟိုဘဏ်က ဒေါ်လာရောင်းပေးမည်'လို့ ဧရာဝတီ သတင်းဌာနက ၂၀၁၅ ဇွန် ၁၇ ရက်မှာ ရေးသားဖော်ပြတယ်။

ပြင်ပဒေါ်လာပေါက်ဈေးက များနေတဲ့အခါ ပြည်ပကုန်စည် တင်သွင်းမှု မကျဆင်းအောင် ဗဟိုဘဏ်တွေက ဒေါ်လာကို ပြင်ပပေါက်ဈေးထက် လျှော့ရောင်းပေးကြတာမျိုး ဖြစ်ပါတယ်။ သွင်းကုန်သမားတွေ ဈေးချိုချိုနဲ့ ဒေါ်လာဝယ်ပြီး သွင်းကုန်ဆက်သွင်းနိုင်အောင် ဗဟိုဘဏ်က ကြားဝင်ဆောင်ရွက်တဲ့သဘော။ ဒါပေမယ့် သွင်းကုန်သမားတွေ လက်ထဲ တိုက်ရိုက်ထည့်ပေးတာမျိုး မဟုတ်ဘူး၊ ပြည်တွင်းဘဏ်တွေကတဆင့် ထုတ်ရောင်းလေ့ရှိတယ်။

ဒီနည်းလမ်းကို ဗင်နီဇွဲလားမှာလည်း ကျင့်သုံးခဲ့ဖူးတယ်။ အမာခံငွေကြေး (ဒေါ်လာ) ရှားပါးလာတဲ့အခါ ဗင်နီဇွဲလား အစိုးရက သွင်းကုန် ကျမသွားအောင် ငွေလဲနှုန်းကို စနစ်နှစ်မျိုး ကျင့်သုံးလိုက်တယ်။ ပြင်ပပေါက်ဈေးက တဒေါ်လာ ၁၀၀၀၀Bs ဖြစ်နေချိန်မှာ ဗင်နီဇွဲလား အစိုးရက သွင်းကုန်သမားတွေကို 'preferential rate' ဆိုပြီး တဒေါ်လာ ၁၀Bs နဲ့ ထုတ်ရောင်းပေးခဲ့တယ်။

အဲဒီလို 'preferential rate' နဲ့ ဝယ်လို့ရလာတဲ့ ဒေါ်လာတွေကို အခြေခံစားသုံးကုန်တွေ တင်သွင်းဖို့ မသုံးကြပါဘူး။ ဈေးကောင်းရတဲ့ ပြင်ပဈေးကွက်မှာ ပြန်ရောင်းစားကြတယ်။ ဒါမှ

မဟုတ်ရင်လည်း ပြည်ပကို အသာလေး မ,သွားကြတာပဲ။ တချို့ခန့်မှန်းချက်တွေအရ အရင်းရှင်တွေ၊ စီးပွားရေးသမား အတုတွေ၊ အကျင့်ပျက်ဗျူရိုကရက်တွေ ၁၅နှစ်အတွင်း ပြည်ပကို ခပ်ထုတ်သွားတဲ့ ဒေါ်လာငွေ စုစုပေါင်း ဘီလျံ ၃၀၀ လောက် ရှိသတဲ့။ ဒီတော့ အမာခံ ငွေကြေးခမ်းသွားခဲ့သလို အခြေခံ စားသုံးကုန်လည်း အလုံအလောက် မသွင်းနိုင်ခဲ့ဘူး။ အခြေခံ စားသုံးကုန် ပြတ်လပ်မှုတွေ ဖြစ်ခဲ့တယ်။ ငွေကြေးဖောင်းပွမှုလည်း အဆိုးရွားဆုံး ဖြစ်ခဲ့တယ်။

ဗင်နီဇွဲလားမှာ ဖြစ်ခဲ့တာတွေကို ဆိုရှယ်လစ်စနစ်ရဲ့ ကျဆုံးမှုလို့ ဝါဒဖြန့်တတ်ကြတယ်။ တကယ်တော့ ဆိုရှယ်လစ် စနစ်ဆိုရင် အဲဒီလို မလုပ်ဘူး။ ဆိုရှယ်လစ်စနစ်ဆိုရင် အရင်းရှင် လူတန်းစားကို ဈေးချိုချိုနဲ့ ဒေါ်လာထုတ်ပေးပြီး ပြည်ပကနေ ကုန်သွင်းခိုင်းပါ့မလား။ ဗင်နီဇွဲလားက အရင်းရှင်စနစ်ကို မဖြိုချခဲ့လို့ အဲသလို ဖြစ်ခဲ့တာ။

အခု ဗမာပြည်မှာ အစိုးရ ဗဟိုဘဏ်က ပြင်ပပေါက်ဈေးထက် လျှော့ပြီး ‘preferential rate’ နဲ့ ဒေါ်လာတွေ သန်း၅၀၀ကျော် ထုတ်ရောင်းခဲ့တယ်။ အရင်းရှင်စနစ် အကြပ်ဆိုက်နေချိန် အရင်းရှင် အစိုးရတွေ ထုတ်သုံးလေ့ရှိတဲ့ နည်းတမျိုးပဲ။

အရင်းရှင် လူတန်းစားက အမြတ်ရမှ ကုန်ထုတ်တယ်၊ အမြတ်ရမှ ကုန်သွင်းတယ်။ ဒါကြောင့် အစိုးရက ကြားဝင်ပြီး အရင်းရှင် လူတန်းစား အမြတ်မနည်းရအောင် လုပ်ပေးတယ်။ ဗျူရိုကရေစီနည်းနဲ့ ကိုင်တွယ်တာမို့ အလေအလွင့်တွေ ဖြစ်မယ်၊ အကျင့်ပျက်ခြစားမှုတွေ ရှိမယ်၊ လာဘ်သင့်ရာ စားတော်ခေါ်မယ်။ ဒါလည်း အရင်းရှင်စနစ်ရဲ့ မွေးရာပါ ဗီဇတွေပဲလေ။ သွင်းကုန်လိုင်စင် တင်းကြပ်လိုက်လို့ အာဏာသိမ်း စစ်အစိုးရကို အရင်းရှင် အစိုးရ မဟုတ်ဘူး၊ ဈေးကွက်စနစ် ပျက်ပါပြီ အော်နေကြတာ။ တကယ်တော့ စစ်သမ ရေမရောတဲ့ အရင်းရှင်စနစ်။

အဲဒီလို အရင်းရှင် လူတန်းစား အမြတ်မနည်းအောင် ‘preferential government-subsidized’ ဒေါ်လာတွေ အာဏာပိုင်တွေနဲ့ လက်သင့်ရာ အရင်းရှင်တချို့ လက်ထဲ ရောက်သွားတော့ ဘာဖြစ်လဲ။ ဗင်နီဇွဲလားမှာ ဖြစ်ခဲ့သလောက် အခြေအနေ ဆိုးမဆိုး အတိအကျ မပြောနိုင်ပေမယ့် အမာခံ ငွေကြေး လျော့နည်းသွားမှာ သေချာတယ်။ ကျပ်ကို ကျားကန်ထားတဲ့ အမာခံငွေကြေး ခမ်းလာရင် ငွေကြေးဖောင်းပွမှု ပိုဆိုးလာမှာပဲ။

အဲဒီလို အမာခံ ငွေကြေးခမ်းပြီး ကျပ်တန်ဖိုး ကျဆင်းလေ သွင်းကုန်ဈေးတွေ ခုန်တက်လေပဲ။ အထက်မှာ ဆိုခဲ့သလိုပဲ ပို့ကုန်တန်ဖိုးက ဆက်ကျနေဆဲ ဖြစ်လို့ ပြည်ပကုန်သွယ်ရေးမှာ လိုငွေပြပါတယ်။ ဂျီဒီပီရဲ့ ၆%နီးပါး ရှိတယ်လို့ ကမ္ဘာ့ဘဏ်က ခန့်မှန်းထားတယ်။ ဒီခန့်မှန်းချက်ကိုလည်း နည်းလေသလားလို့ သံသယဝင်စရာ။

## အနောက်ရဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေ

အ နော က် အ ရ င်း ရှ င် နို င် ငံ ကြီး တွေ ရဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေကြောင့်လည်း အမာခံ ငွေကြေး လျော့ပါးခဲ့ရတယ်။ ၂၀၂၁ စစ်အာဏာသိမ်းပြီး ရက်ပိုင်းအတွင်းမှာပဲ အမေရိကန် ဖက်ဒရယ် ဗဟိုဘဏ်မှာ အပ်နှံထားတဲ့ ဒေါ်လာ သန်းတထောင်ကို အမေရိကန် ဗဟိုဘဏ်နဲ့ အစိုးရက စာရှင်းပိတ်ချလိုက်ပါတယ်။ ရက်အကန့်အသတ်မရှိ ပိတ်ချခဲ့ခြင်း ဖြစ်ပါတယ်

ဒါ့အပြင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း (MOGE) ကို ဥရောပသမဂ္ဂက ဒဏ်ခတ် ပိတ်ဆို့လိုက်လို့ ဒေါ်လာသန်း ၅၀၀ကျော် ပြည်ပ မှာ ပိတ်မိနေပါတယ်။ အဲဒီအတွက် နေပြည်တော် က စစ်ဗိုလ်ချုပ်ကြီးတွေ ခေါင်းခဲနေရတယ်လို့ Myanmar Now က ရေးထားတယ်။ ဘယ်စစ်ဗိုလ် ချုပ်က ခေါင်းခဲမှာလဲ။ အများပြည်သူပဲ ငွေကြေးဖောင်းပွမှုဒဏ် အလူးအလဲ ခံရတာ။

မကြာခင်ကပဲ နိုင်ငံခြား ငွေကြေးနဲ့ ပတ်သက်လို့ အခရာအကျဆုံးဖြစ်တဲ့ မြန်မာ့ ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်တွေကို အမေရိ ကန် အစိုးရက အရေးယူပိတ်ဆို့လိုက်တယ်။ ဒီ နောက် မကြာခင်မှာ အမေရိကန် အစိုးရရဲ့ အမိန့် အရ ဘင်္ဂလားဒေ့(ရှ်)နိုင်ငံ ဆိုနလီဘဏ်မှာ အဆိုပါဘဏ်နှစ်ခု အပ်နှံထားတဲ့ ဒေါ်လာ တ သန်းကျော်ကို ထုတ်ယူခွင့်မပေးဘဲ ပိတ်ချလိုက် တယ်။

စင်္ကာပူအခြေစိုက် ယူအိုဘီဘဏ်က ဗမာ ပြည်နဲ့ဆိုင်တဲ့ ငွေကြေးလွှဲပြောင်းမှုတွေကို ၂၀၂၃ စက်တင်ဘာ လဆန်းကစပြီး ကန့်သတ်ပိတ်ပင် သွားမယ်လို့ ကြေငြာထားတယ်။

ဒီလို ဒဏ်ခတ်အရေးယူမှုတွေကြောင့် အာဏာသိမ်း စစ်အစိုးရ အထိနာမယ်လို့ တွက် ကြတယ်။ တကယ့် လက်တွေ့မှာ ဘာဖြစ်သလဲ။ နိုင်ငံခြား ကုန်သွယ်ရေးသုံး ဒေါ်လာ ခမ်းလာမယ် ။ ဒါ့အပြင် ကျပ်ငွေကို ကျားကန်ပေးထားမယ့် အ မာခံငွေကြေး (ဒေါ်လာ) ခမ်းလာတာနဲ့အမျှ ကျပ် တန်ဖိုးကျဆင်းမှုနဲ့ ငွေကြေးဖောင်းပွမှု ဆိုးရွားသ ထက် ဆိုးရွားလာမယ်၊ အရေးကြီး စားသုံးကုန်နဲ့ ကုန်လုပ်ပစ္စည်း တင်သွင်းမှု ပိုခက်ခဲလာမယ်။ တင်သွင်းရ ပိုခက်လေ ကုန်ဈေးတက်လေ ဖြစ်ဦး မယ်။ မသွင်းနိုင်ရင် ရှားပါးပြတ်လပ်လို့ ကုန်ဈေး တက်ဦးမယ်။ ဘယ်ဘက်ကကြည့်ကြည့် နင်းပြား လူထု အငတ်ဘေး စိုက်မယ့်ကိန်းပဲ။

ကုန်လုပ်ပစ္စည်းနဲ့ ကုန်ကြမ်းတပိုင်း အလုံအလောက် မတင်သွင်းနိုင်ရင်၊ တင်သွင်း စရိတ်ကြီးနေရင် ပြည်တွင်း ကုန်ထုတ်လုပ်ငန်း တွေ ကောင်းကောင်းမလည်ပတ်နိုင်ဘူး။ မ လည်ပတ်နိုင်ရင် အလုပ်လက်မဲ့ အခုထက် ပိုများ မယ်။ ပြည်ပသွင်းကုန်ကို ထပ်အားကိုးရဦးမယ်။ လူငယ်လူရွယ်တွေ ပြည်ပ ခိုးထွက်ရဦးမယ်။ အဲဒီ လို အဆိုးကျော့ သံသရာ လည်နေမှာပဲ။ ဒါပေ မယ့် လူထု ငတ်နေပြီ ဆိုပြီး အာဏာသိမ်း စစ်ဗိုလ် ချုပ်တွေက ခေါင်းကိုက်နေမယ် ထင်သလား။

စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့မှုတွေကြောင့် အာဏာသိမ်း စစ်ဗိုလ်ချုပ်တွေ နိုင်ငံရေးအရ အကြပ်ဆိုက်မယ် ထင်သလား။ စဉ်းစားကြည့်ပါ။ ဗိုလ်သန်းရွှေခေါင်းဆောင်တဲ့ စစ်အစိုးရကိုရော အနောက် အရင်းရှင်နိုင်ငံတွေက ဒဏ်ခတ်ပိတ်ဆို့ မှုတွေ မလုပ်ခဲ့ဘူးလား။ လုပ်ခဲ့ရက်နဲ့ ဘာ့ကြောင့် ပြုတ်မကျခဲ့သလဲ။ ပြုတ်မကျတဲ့အပြင် ဗိုလ်သိန်း စိန် တိုက်ပုံဝတ် အစိုးရကို ဒီမိုကရေစီ အစိုးရဆို ပြီး ဩဘာပေးခဲ့တာ၊ ဒဏ်ခတ်ပိတ်ဆို့မှုတွေ ပြန် ဖြည်ခဲ့တာ အနောက်အရင်းရှင် ပါဝါတွေပဲ မဟုတ်ပါလား။

## တောင်လိုပုံနေတဲ့ ကြွေးမြီ

ဘတ်ဂျက်လိုငွေကို ဗဟိုဘဏ်က အကြွေး နည်းနဲ့ ဖြေရှင်းတယ်၊ ငွေတိုက်ချေးငွေစာချုပ် တွေ ထုတ်ရောင်းပြီး ဘဏ္ဍာငွေ ရှာပေးရတယ်။ ငွေသား အလုံးအရင်း ရိုက်ထုတ်ပြီး ဖြည့်တင်း ပေးတယ်။ ဒီနည်းတွေကြောင့် ငွေကြေးဖောင်းပွမှု ဆိုးရွားလာသလို ကြွေးမြီလည်း များလာခဲ့တယ် ။

ကမ္ဘာ့ဘဏ်ရဲ့ ခန့်မှန်းချက်အရ တိုင်းပြည်ကြွေးမြီဟာ ဂျီဒီပီရဲ့ ၆၃% လောက် ရှိနေပြီ။ ပြည်ပကြွေးမြီ အရပ်ရပ်ဟာ ၂၀၂၃ ဘဏ္ဍာနှစ် ဂျီဒီပီရဲ့ ၂၃.၁% ရှိတယ်လို့ ဆိုပါတယ်။ ဗဟိုဘဏ် အစီရင်ခံစာအရ ၃၁.၃.၂၀၂၂ အထိ ပြည်ပကြွေးမြီ အမေရိကန် ဒေါ်လာ ၁၁၄၂၉.၁၄၆ သန်း ရှိခဲ့တယ် ။ နောက်ဘဏ္ဍာနှစ်အကူးမှာ ပြန်ဆပ်ရငွေ ဒေါ်လာ ၂၆၅.၆၃၈ သန်း ရှိခဲ့တယ်။ ၂၀၂၃ အတွက် ထုတ်ပြန်ထားတာ မတွေ့ရသေးဘူး။

စစ်ကောင်စီ ပြည်ပကြွေးမြီတွေ ဆပ်နေရတယ်ဆိုပြီး ဝမ်းသာနေရအောင် ဒီကြွေးမြီတွေကို အာဏာသိမ်း စစ်ဗိုလ်ချုပ်တွေက သူတို့အိတ်ထဲကနေ ထုတ်ဆပ်နေတာမဟုတ်ဘူး။ပြည်သူလူထု စားသုံးဖို့ အခြေခံ ကုန်စည်တွေ၊ ကုန်ထုတ်လုပ်ရေး ပစ္စည်းတွေ တင်သွင်းလို့ရတဲ့ ပြည်သူ့ဘဏ္ဍာ ဒေါ်လာတွေနဲ့ အကြွေးဆပ်နေတာ။

**MYANMAR**

*(US$ million, unless otherwise indicated)*

| | 2010 | 2017 | 2018 | 2019 | 2020 | 2021 |
|---|---|---|---|---|---|---|
| **Summary external debt data, by debtor type** | | | | | | |
| **Total external debt stocks** | **9,990** | **10,783** | **10,729** | **11,178** | **13,408** | **13,927** |
| ***Use of IMF credit and SDR allocations*** | 378 | 350 | 342 | 340 | 726 | 1,761 |
| of which: SDR allocations | 378 | 350 | 342 | 340 | 354 | 1,037 |
| ***Long-term external debt*** | 8,433 | 10,336 | 10,283 | 10,772 | 12,614 | 12,135 |
| *Public and publicly guaranteed sector* | 8,433 | 10,307 | 10,268 | 10,744 | 12,579 | 11,822 |
| Public sector | 8,288 | 10,307 | 10,268 | 10,744 | 12,579 | 11,822 |
| of which: General government | 1,899 | 5,490 | 5,939 | 6,756 | 8,639 | 8,297 |
| Private sector guaranteed by public sector | 146 | .. | .. | .. | .. | .. |
| *Private sector not guaranteed* | .. | 28 | 14 | 28 | 35 | 313 |
| ***Short-term external debt*** | 1,179 | 97 | 105 | 66 | 68 | 32 |
| **Disbursements (long-term)** | **714** | **440** | **793** | **1,040** | **1,676** | **847** |
| *Public and publicly guaranteed sector* | 714 | 440 | 793 | 976 | 1,595 | 507 |
| Public sector | 714 | 440 | 793 | 976 | 1,595 | 507 |
| of which: General government | 14 | 381 | 696 | 865 | 1,546 | 487 |
| Private sector guaranteed by public sector | 0 | .. | .. | .. | .. | .. |
| *Private sector not guaranteed* | .. | .. | .. | 65 | 81 | 340 |
| **Principal repayments (long-term)** | **201** | **443** | **546** | **506** | **485** | **702** |
| *Public and publicly guaranteed sector* | 201 | 424 | 532 | 454 | 411 | 628 |
| Public sector | 201 | 424 | 532 | 454 | 411 | 628 |
| of which: General government | 25 | 41 | 84 | 52 | 132 | 257 |
| Private sector guaranteed by public sector | .. | .. | .. | .. | .. | .. |
| *Private sector not guaranteed* | .. | 19 | 14 | 51 | 74 | 74 |
| **Interest payments (long-term)** | **40** | **201** | **287** | **186** | **112** | **1,606** |
| *Public and publicly guaranteed sector* | 40 | 201 | 287 | 176 | 97 | 1,599 |
| Public sector | 40 | 201 | 287 | 176 | 97 | 1,599 |
| of which: General government | 3 | 53 | 150 | 46 | 32 | 1,498 |
| Private sector guaranteed by public sector | .. | .. | .. | .. | .. | .. |
| *Private sector not guaranteed* | .. | 1 | .. | 10 | 15 | 7 |
| **Summary external debt stock, by creditor type** | | | | | | |
| **Long-term external debt stocks** | **8,433** | **10,336** | **10,283** | **10,772** | **12,614** | **12,135** |
| *Public and publicly guaranteed debt from:* | 8,433 | 10,307 | 10,268 | 10,744 | 12,579 | 11,822 |
| Official creditors | 7,482 | 7,371 | 7,662 | 8,365 | 10,150 | 9,695 |
| Multilateral | 1,447 | 1,788 | 1,859 | 2,081 | 2,629 | 2,676 |
| of which: World Bank | 799 | 1,192 | 1,266 | 1,468 | 1,804 | 1,769 |
| Bilateral | 6,035 | 5,583 | 5,804 | 6,283 | 7,521 | 7,019 |
| Private creditors | 952 | 2,937 | 2,606 | 2,380 | 2,429 | 2,127 |
| Bondholders | .. | .. | .. | .. | .. | .. |
| Commercial banks and others | 952 | 2,937 | 2,606 | 2,380 | 2,429 | 2,127 |
| *Private nonguaranteed debt from:* | .. | 28 | 14 | 28 | 35 | 313 |
| Bondholders | .. | .. | .. | .. | .. | .. |
| Commercial banks and others | .. | 28 | 14 | 28 | 35 | 313 |
| **Use of IMF credit and SDR allocations** | 378 | 350 | 342 | 340 | 726 | 1,761 |
| **Net financial inflows** | | | | | | |
| **Net debt inflows** | | | | | | |
| *Use of IMF credit* | .. | .. | .. | .. | 360 | 368 |
| *Long-term* | 513 | -3 | 247 | 535 | 1,191 | 145 |
| Official creditors | 210 | 146 | 475 | 704 | 1,324 | 106 |
| Multilateral | 0 | 226 | 207 | 232 | 458 | 115 |
| of which: World Bank | .. | 214 | 181 | 208 | 271 | 16 |
| Bilateral | 210 | -80 | 268 | 473 | 867 | -9 |
| Private creditors | 303 | -149 | -228 | -169 | -133 | 39 |
| Bondholders | .. | .. | .. | .. | .. | .. |
| Banks and others | 303 | -149 | -228 | -169 | -133 | 39 |
| *Short-term* | 0 | 0 | 0 | 0 | 0 | 0 |
| **Net equity inflows** | | | | | | |
| Foreign direct investment | 901 | 2,937 | 2,201 | 1,978 | 1,770 | 817 |
| Portfolio equity | .. | 0 | 0 | 0 | .. | .. |
| **Debt ratios** | | | | | | |
| External debt stocks to exports (%) | 127 | 73 | 63 | 59 | 87 | 106 |
| External debt stocks to GNI (%) | 28 | 18 | 16 | 17 | 18 | 22 |
| Debt service to exports (%) | 3 | 4 | 5 | 4 | 4 | 18 |
| Short-term to external debt stocks (%) | 12 | 1 | 1 | 1 | 1 | 0 |
| Multilateral to external debt stocks (%) | 14 | 17 | 17 | 19 | 20 | 19 |
| Reserves to external debt stocks (%) | 57 | 46 | 50 | 49 | 54 | .. |
| Gross national income (GNI) | 36,072 | 59,776 | 65,148 | 66,389 | 76,406 | 63,338 |

114

Source: International Debt Report 2022, World Bank Group

ပေါပေါလောလော ရိုက်ထုတ်ထားတဲ့ ကျပ်တွေနဲ့ ပြည်ပကြွေးမြီကို ဆပ်လို့ မရဘူး။ ဒေါ်လာနဲ့ ဆပ်ရတာ။ အခုလို ဒေါ်လာခမ်းပြီး ကျပ်တန်ဖိုး ကျဆင်းနေချိန် အဲဒီကြွေးမြီဝန်ထုပ်က ဆတိုးနဲ့ ပိုလေးလာမယ်။ ဒေါ်လာခမ်းအောင် ဒဏ်ခတ်အရေးယူထားတဲ့ အနောက် ဘဏ္ဍာ အရင်းရှင်ကြီးတွေက ဗမာပြည်သူတွေ ဒေါ်လာ ခမ်းနေတယ် ဆိုပြီး သူတို့အကြွေးတွေ လျှော့ပေးမယ် ထင်သလား။ ငါတို့အကြွေး ပြန်ဆပ်မယ့် အစား သူတို့လိုအပ်တဲ့ ဆေးဝါးတွေ၊ စားသုံးကုန်တွေ ဝယ်ကြပါစေလို့ လုပ်မယ်ထင်သလား။ အဲဒီလို မလုပ်လို့ မင်းအောင်လှိုင် စည်းစိမ် တပြားပွန်းသွားမလား။ မပွန်းပါဘူး။ သာမန်လူထုပဲ ခက်ခဲကြပ်တည်းကုန်တာ၊ လူနေမှုအဆင့်အတန်း ကျဆင်းသွားတာ။

ပြည်ပကြွေးမြီပဲ တက်လာတာ မဟုတ်ပါဘူး။ ပြည်တွင်းကြွေးမြီကလည်း ပြီးခဲ့တဲ့ ငါးနှစ်အတွင်းမှာ နှစ်ဆတက်လာတယ်။ ၂၀၂၃ မှာ ဂျီဒီပီရဲ့ ၄၀%အထိ ရှိနေပြီ။

## အလုပ်လက်မဲ့ဦးရေ သန်းချီတိုးပွားလာခြင်း

စစ်ပြေးရသူ နှစ်သန်းနီးပါး ရှိတယ်လို့ ခန့်မှန်းထားတယ်။ စစ်ပြေးနေရသူတွေက ဘယ်မှာ ကုန်ထုတ်လုပ်ငန်း ကောင်းကောင်း လုပ်နိုင်ပါ့မလဲ။

စစ်အာဏာသိမ်းပြီး ပြည်ပလုပ်ငန်းကြီးတွေ ထွက်ခွာသွားခဲ့တယ်။ ကျန်နေသေးတဲ့ စက်မှုလုပ်ငန်းတွေကလည်း ကောင်းကောင်းမလည်ပတ်နိုင်တာ၊ အလုပ်ဖြုတ်ပစ်တာတွေကြောင့် ၄၁%လောက် အလုပ်ပြုတ်ခဲ့ရတယ်။ အစိုးရ ကဏ္ဍက စီဒီအမ်တွေ အလုပ်လက်မဲ့ ဖြစ်

သွားခဲ့တယ်။ ကိန်းဂဏန်း အတိအကျ မပြောနိုင်ပေမယ့် သန်းနဲ့ချီတဲ့ လုပ်သားထု အလုပ်လက်မဲ့ဖြစ်သွားမှာ သေချာတယ်။

ဒါ့အပြင် ၂၀၁၇-၂၂ ငါးနှစ်အတွင်း အလုပ်လုပ်နိုင်တဲ့ လူဦးရေ ၉သန်း တိုးလာခဲ့တယ်။ ဒီငါးနှစ်အတွင်း အလုပ်အကိုင် တိုးလာတာ ၂ သန်းလောက်ပဲ ရှိသတဲ့။ ကျန်လူငယ်တွေက အလုပ်ခွင်မဝင်ရသလို ပညာရေးနဲ့ သက်မွေးသင်တန်းတက်နေရတာမျိုးလည်း မရှိဘူး။

အလုပ်ကိုင်အခွင့်အလမ်း နည်းပါးပြီး အလုပ်လက်မဲ့ ဦးရေ သန်းချီတိုးပွားနေတဲ့ အချက်ကို ဝေးဝေးကြည့်စရာ မလိုပါဘူး။ မိတ်ဆွေရဲ့ ဖေ့စ်ဘွတ်(ခ်)ပေါ်မှာ အွန်လိုင်း ဈေးရောင်းသူတွေ တနေ့တခြား များပြားနေတဲ့ အချက်က သက်သေပဲ။ ကမ္ဘာ့ဘဏ် အစီရင်ခံစာထဲမှာတော့ လက်လီလက်ကား ဈေးရောင်းလုပ်ငန်းဟာ ၂၀၁၇ မှာ အလုပ်အကိုင်အားလုံးရဲ့ ၁၅% ရှိခဲ့ရာက ၂၀၂၂-၂၃ မှာ ၂၁% အထိ တက်လာသတဲ့။ အလုပ်အကိုင်တက်လာတာ အဲဒီကဏ္ဍနဲ့ သတ္တုတူးဖော်ရေးမှာပဲ ရှိတယ်။ ကျန်တဲ့ကဏ္ဍအားလုံးမှာ အလုပ်အကိုင်ရရှိမှု ကျဆင်းသွားတာချည်း။

ဒီတော့ ထုတ်လုပ်မှု တန်ဖိုးကျဆင်းပြီး ကုန်ထုတ်သတ္တိ လျော့နည်းသွားတာ ဘာဆန်းသလဲ။ ဈေးရောင်းလို့ ထုတ်ကုန်အရေအတွက် တိုးမလာဘူး။ productivity တက်မလာပါဘူး။

ဒါ့အပြင် ထုတ်လုပ်ရေးကဏ္ဍတွေမှာ အလုပ်လုပ်ချင်ဦးတော့ အလုပ်မှ မရှိဘဲ။ ဒီတော့ ပြည်ပခိုးထွက်ကြရတယ်။

အရင်းရှင်စနစ်အောက်မှာ ကုန်လုပ်ပစ္စည်းတွေကို ပုဂ္ဂလိက ပိုင်ဆိုင်ထားတဲ့ လူတန်းစားက သူတို့အမြတ်ရဖို့ သေချာမှ ကုန်ထုတ်လုပ်တာ၊ ထုတ်လုပ်ရေးမှာ ရင်းနှီးမြှုပ်နှံတာ။ မသေချာရင် မလုပ်ဘူး။ လွယ်လွယ်နဲ့ အမြတ်ရမယ့် ဈေးကစားခြင်းလို၊ အိမ်ခြံမြေဈေးကွက်လို နေရာတွေမှာပဲ ငွေကိုင်ကစားချင်ကြတယ်။

ဒီတော့ ထုတ်ကုန်တန်ဖိုး ကျဆင်းလာတယ်၊ အလုပ်လက်မဲ့ သန်းချီများလာတယ်။ အာဏာသိမ်း စစ်အစိုးရက ပညာရေးကို ရင်းနှီးမြှုပ်နှံမှု မလုပ်ဘူး။ ပက်တီးဘူဇွာ အာသာဖြေ တော်လှန်ရေးသမားတွေက ကျောင်းနေအရွယ် ကလေးတွေ၊ လူငယ်တွေကို ပညာဆက်မသင်ရဲအောင် လုပ်တယ်။ အာဏာသိမ်း စစ်အစိုးရကို ပညာရေး အသုံးစရိတ် မကုန်အောင် လုပ်ပေးနေမှန်း သူတို့ကိုယ်သူတို့ နားလည်ပုံလည်း မရဘူး။ ကုန်ထုတ်သတ္တိ ကျဆင်းရခြင်း အကြောင်းတွေထဲမှာ ဒီအချက်တွေက အဓိကပဲ။

ဒီအခါ မိသားစုဝင်ငွေ နည်းလာတယ်။ ရှိတာလေး ချွတ်ရောင်း စားကြရတယ်။ အသုံးစရိတ်ကို မရမက ချေးတာကြရတယ်။ အတိုးကြီးကြီးနဲ့ ငွေချေးကြရတယ်။ မတတ်သာတဲ့အဆုံး ပွဲစားကို ငွေပေးပြီး အိမ်နီးချင်း နိုင်ငံတွေဆီ ရွှေ့ပြောင်းလုပ်သားအဖြစ် သွားလုပ်ရတယ်။ အိမ်ကို ငွေပြန်လွှဲမယ်ဆိုတော့ ကျေးဇူးရှင် အရင်းရှင်နိုင်ငံကြီးတွေရဲ့ ဒဏ်ခတ်ပိတ်ဆို့မှုနဲ့ ဘဏ်ကနေ စိတ်ချလက်ချ ငွေလွှဲမရ။ မှောင်ခိုလမ်းကနေ ပို့ကြရဦးမယ်။

ပြည်တွင်းမှာ အလုပ်အကိုင် ရှိနေသေးရင်လည်း ဖူလုံတဲ့ လုပ်အားခကို မရကြပါဘူး။ မရတဲ့အပြင် real wage က ကျဆင်းသွားတယ်။ ဆိုပါစို့။ တလတသိန်းခွဲ ရနေတဲ့ အလုပ်သမား တယောက်ဟာ တလတသိန်းခွဲတော့ ဆက်ရလိမ့်မယ်။ အမည်ခံရနေတဲ့ လုပ်အားခက လျော့မသွားဘူး။ ဒါပေမယ့် အရင်က ကျပ်တသိန်းခွဲနဲ့ ဆန်နှစ်အိတ် ဝယ်လို့ရခဲ့ရင် အခုတအိတ်ပဲ ဝယ်လို့ ရတော့မယ်။ သူ့လုပ်အားခရဲ့ အမှန်တကယ် ဝယ်ယူစားသုံးနိုင်စွမ်းဟာ အနည်းဆုံး ထက်ဝက်

ကျဆင်းသွားပြီ။ ဒါ့ကြောင့် real wage ကျဆင်းသွားတယ်လို့ ပြောတာ။

ကမ္ဘာ့ဘဏ်ရဲ့ အစီရင်ခံစာက ဒီနေရာမှာလည်း underestimate လုပ်ထားတာ တွေ့ရတယ်။ ၂၀၁၇ နဲ့ ၂၀၂၂ ငါးနှစ်အတွင်း ပျမ်းမျှ တပတ်တာ လုပ်အားခဟာ ၁၅%ပဲ ကျဆင်းသွားတယ်လို့ ဆိုထားတယ်။ သူတို့တွက်ချက်မှုက တကယ့်လက်တွေ့နဲ့ အတော်ကွာခြားတယ်။ ဘောဂဗေဒ ဖော်မြူလာတွေ သိစရာမလိုပါဘူး။ ဗမာပြည်က အိမ်ရှင်မတိုင်း တွက်တတ်ပါတယ်။

ဒါ့အပြင် ကုန်ထုတ်သတ္တိကျဆင်းခြင်း၊ လေဘာ ဝယ်အားမကောင်းခြင်းကြောင့် လုပ်အားခတွေ အောက်ဆင်းနေတာလို့ ကမ္ဘာ့ဘဏ် အစီရင်ခံစာမှာ ဆိုထားတယ်။ ဒီကောက်ချက် မမှန်ပါဘူး။

လုပ်အားခ နည်းနိုင်သမျှ အနည်းဆုံးပေးပြီး သွေးစုပ်အမြတ်ထုတ်နိုင်ရေးဟာ အရင်းရှင်လူတန်းစားရဲ့ အကျိုးစီးပွား။ လုပ်ခလစာ တိုးရရေးဟာ အလုပ်သမား လူတန်းစားရဲ့ အကျိုးစီးပွား။ ဆန့်ကျင်ဖက် လူတန်းစား နှစ်ရပ်ကြား တိုက်ပွဲက လုပ်အားခ အနည်းအများကို ဆုံးဖြတ်တယ်။

## လူတန်းစား တိုက်ပွဲ ပြန်လည် အားကောင်းလာရေး

လတ်တလောမှာ အလုပ်သမား လူတန်းစားက အထိနာထားတယ်။ နာလန်ပြန်ထူဖို့ အချိန်ယူနေရဆဲ ဖြစ်တယ်။ တဖက်မှာလည်း အလုပ်သမား လူတန်းစား စုစည်းမရနိုင်အောင် ဖြိုခွဲနှိပ်ကွပ်မှုတွေ ရှိနေတယ်။ လူတန်းစား တိုက်ပွဲ ဒီရေအကျမို့ အရင်းရှင် လူတန်းစားက မသေရုံတမယ် လုပ်အားခနဲ့ သွေးစုပ်နေနိုင်ခြင်း ဖြစ်တယ်။

လူတန်းစား တိုက်ပွဲ ဘယ်တော့ ပြန်အားကောင်းလာမလဲ။ ဘယ်သူမှ အတိအကျ မပြောနိုင်ပါဘူး။ ပကတိဘာဝ ရုပ်အခြေအနေတွေက ရင့်မှည့်နေပြီးသား ဖြစ်ပါတယ်။ အရင်းရှင်စနစ်ရဲ့ ပဋိပက္ခတွေက အလွန်သိပ်သည်းပြင်းထန်တဲ့ အဆင့်ရောက်နေပြီ။ ဒါပေမယ့် လူတန်းစား တိုက်ပွဲကို ဆင်နွှဲတာ သက်ရှိလူမှုအင်အားစုတွေ ဖြစ်လို့ ပကတိဘာဝ ရုပ်အခြေအနေ ပြည့်စုံရုံနဲ့ မလုံလောက်ပါဘူး။

စစ်အာဏာသိမ်းပြီး အစောပိုင်းလတွေမှာ တော်လှန်ရေး ဒီရေမြင့်သစ်ကို ဖြတ်သန်းခဲ့ရတယ်။ ဒါပေမယ့် ခေါင်းဆောင်ပိုင်း ချို့ယွင်းမှု၊ ရန်သူ လူတန်းစားရဲ့ အကြမ်းဖက်နှိပ်ကွပ်မှုတွေကြောင့် ဒီရေအကျကို ပြန်ရောက်သွားခဲ့တယ်။ ဒါ့အပြင် ငွေကြေးဖောင်းပွမှုအပါအဝင် အရင်းရှင်စနစ် စီးပွားပျက်ကပ်ဒဏ်ကို အလုပ်သမားလူတန်းစားတရပ်လုံး အလူးအလဲ ခံထားရတယ်။ တော်လှန်ရေး ခေါင်းဆောင်ပိုင်း နေရာယူထားသူတွေရဲ့ ပေါ်လစီ အလွဲအမှားတွေကြောင့် လူထုက demoralized ဖြစ်နေတယ်။

ဒီလို အတ္တဘာဝ အကြောင်းအချက်တွေကြောင့် လူတန်းစား တိုက်ပွဲ တကျော့ပြန် အားကောင်းလာဖို့ ထင်ထားတာထက် အချိန်ပိုကြာသွားနိုင်တယ်။ တဖက်မှာလည်း အရင်းရှင်စနစ် အကြပ်အတည်းက အလုပ်သမားထုကို တိုက်ပွဲဆီ တွန်းပို့နေတယ်။ ဒါ့ကြောင့် မမျှော်လင့်ဘဲ လူထုအုံကြွမှု ထပေါက်ကွဲတာမျိုး ဖြစ်လာနိုင်တယ်။

သေချာတာကတော့ လူထုတရပ်လုံး ရင်ဆိုင်နေရတဲ့ အကြပ်အတည်းကို အရင်းရှင်စနစ်ဘောင်ထဲကနေ ဖြေရှင်းလို့ မရနိုင်ဘူး။ အရင်းရှင်စနစ်ကို မဖြိုချဘဲ ငွေကြေးပေါ်လစီလေး ပြောင်းလိုက်မယ်၊ အခွန်အတုပ် စီးကြပ်

လိုက်မယ်၊ အတိုးနှုန်း အလျှော့အတင်း လုပ်လိုက်မယ်၊ ငွေလဲနှုန်းကို ဈေးကွက်အတိုင်း လွှတ်ထားလိုက်မယ်၊ လွတ်လပ်သော ကုန်သွယ်ရေးတွေ အားပေးမယ်၊ ဒီလို နည်းတွေနဲ့ အရင်းရှင်စနစ်ကို ဇက်ခွံ့ထိန်းချုပ်နိုင်မယ် ထင်နေရင် စိတ်ကူးယဉ်လွန်းတာပဲ။ အရင်းရှင်စနစ် အခြေခံပေါ်မှာ လွတ်မြောက်ရေး မရှိဘူး။

အရင်းရှင်စနစ်မှာ တိုးတက်တဲ့ အခန်းကဏ္ဍ ကုန်ဆုံးသွားပြီ။ ကုန်လုပ်စွမ်းအားစုတွေ တိုးတက်ဖွံ့ဖြိုးလာအောင် မစွမ်းဆောင်နိုင်တော့ဘူး။ ကုန်လုပ်စွမ်းအားစု ဖွံ့ဖြိုးမှုကို အလုံးစုံ ပိတ်ပင်ထားတယ်။

ဗမာပြည် အရင်းရှင်စနစ်ကို အရှေ့ကနေ နာမဝိသေသနလေးတပ်ပြီး ‘စစ်ဗျူရိုကရက်’ အရင်းရှင်စနစ်လို့ ပြောတတ်ကြတယ်။ စစ်ဗျူရိုကရက် အရင်းရှင်စနစ်ကို ဆန့်ကျင်ပေမယ့် အရင်းရှင်စနစ် in general ကို ဖြုတ်ချလို့ မဖြစ်သေးဘူးတဲ့။ စစ်ဗျူရိုကရက် ဆိုတဲ့ ဝိသေသလေး ဖြုတ်ပြီး ဒီမိုကရက်တစ် အရင်းရှင်စနစ် လုပ်လို့ရမယ် ထင်နေကြပုံပဲ။

တကယ်တော့ ဗမာပြည်ရဲ့ စီးပွားရေးစနစ်က ရေမရောတဲ့ အရင်းရှင်စနစ်ပါ။ ဝိသေသတွေ ထွေထွေထူးထူး တပ်ပြီး တော်လှန်ရေးကို အဆင့်သေတွေ ပိုင်းခြားပစ်စရာ မလိုဘူး။ စစ်အာဏာရှင်စနစ်လား၊ ဒီမိုကရေစီ စနစ်လားဆိုတာ အပေါ်ထပ် အဆောက်အအုံ political regime နဲ့ပဲ သက်ဆိုင်တယ်။ ဒါ့ကြောင့် ဗျူရိုကရက် အရင်းရှင်စနစ်၊ ဒီမိုကရက်တစ် အရင်းရှင်စနစ် ဆိုတဲ့ ခွဲခြားမှုတွေက အဓိပ္ပါယ် မရှိဘူး။

ဒီကနေ့ အကြပ်အတည်းက ဗမာပြည် အရင်းရှင်စနစ်တခုတည်း ကွက်ဖြစ်နေတာ မဟုတ်ဘူး။ ကမ္ဘာ့အရင်းရှင်စနစ် ချိန်းတန်းကြီး တခုလုံး အကြပ်ဆိုက်နေတာ။ ထိပ်သီး အရင်းရှင်နိုင်ငံကြီးတွေတောင် အကြပ်ဆိုက်နေချိန် ဗမာပြည်လို backward လူ့အဖွဲ့အစည်းမှာ တိုးတက်သော အရင်းရှင် လူ့ဘောင်ကြီးကို ထူထောင်လို့ရဦးမယ် ထင်နေတာလောက် ယူတိုးပီးယန်းဆန်တာ ရှိဦးမလား။


အုပ်စိုးသူ အရင်းရှင် လူတန်းစားမှာ ရွေးလမ်းမရှိဘူး။ ငါတို့အလုပ်သမားထုမှာလည်း ရွေးလမ်းနှစ်ခုပဲ ရှိတယ်။ ဆိုရှယ်လစ်ဇင်လား၊ ဘာဘာရစ်ဇင်လား။ ဆိုရှယ်လစ်ဇင်ကို မသွားနိုင်ရင် လက်ရှိဘာဘာရစ်ဇင် နွံထဲက လွတ်လမ်းမရှိဘူး။ ဒီနှစ်ခုကြားမှာ သာယာဝပြောသော အရင်းရှင်စနစ်ဆိုတာ မရှိဘူး။

- Fight for Socialist Revolution
- Socialism or Barbarism
- Down with the military regime
- Fight for workers’ democracy
- Expropriate the Capitalists
- Nationalise the banks

For a nationalised planned economy under workers’ control

ဝင်းစံဖြူ ရေးသည်

Theoretical



# မာ့(က်စ်)ဝါဒ၊ ငွေကြေးနဲ့ ငွေကြေးဖောင်းပွမှု



ခင်နှုး



# မာ့(က်စ်)ဝါဒ၊ ငွေကြေးနဲ့ ငွေကြေးဖောင်းပွမှု

၂၀၂၃ ဇူလိုင် ၃၁ရက်နေ့မှာ နှစ်သောင်း ကျပ်တန် ငွေစက္ကူတွေ ရိုက်ထုတ်တော့မယ်ဆို တဲ့ အာဏာသိမ်း စစ်ကောင်စီရဲ့ ကြေငြာချက် ထွက်ပေါ်လာခဲ့တယ်။ "ဟောင်းနွမ်း၍လှည့်လည် သုံးစွဲရန်မသင့်သည့် ငွေစက္ကူတို့နှင့် တန်ဖိုးတူ လဲလှယ်ခြင်းဖြင့်သာ ဖြန့်ဝေသွားမည်"လို့ ဘယ်လိုပဲပြောပြော ယုံစရာ မရှိပါ။ မင်းအောင်လှိုင်တို့ကိုယ်တိုင်လည်း ယုံယုံကြည်ကြည် ပြောရဲပုံမရပါ။

အကျိုးဆက်ကတော့ ကောင်းကွက်တခုမှ မရှိနိုင်။ ဆင်းရဲသား လူထုတရပ်လုံး အခုထက် ဒုက္ခများဖို့သာ ရှိတယ်။ ကျပ်ငွေဖောင်းပွမှု၊ ကုန်ဈေးနှုန်း ကြီးလေးမှုတွေ မကြုံစဖူး ဆိုးရွားသွားဖို့ပဲ ရှိနိုင်တယ်။ အလုပ်သမားထုရဲ့ လုပ်ခလစာတွေ နေရင်းထိုင်ရင်း ထိုးကျသွားလိမ့်မယ်။

ဒီလို စီးပွားပျက်ကပ် ကာလမှာ ငွေကြေးဖောင်းပွမှုအကြောင်း၊ ကျပ်ငွေတန်ဖိုး ကျဆင်းခြင်းအကြောင်း လူတိုင်း ပြောနေကြရပြီ ။ မပြောလို့လည်း မဖြစ်တော့။ နေရင်းထိုင်ရင်း ကိုယ်စားမယ့် ထမင်းလုတ်ကို ပုတ်ချခံနေကြရပြီ မဟုတ်ပါလား။

ဒါ့ကြောင့် ငွေကြေးနဲ့ ငွေကြေးဖောင်းပွမှု အကြောင်း မာ့(က်စ်)ဘောဂဗေဒ ရှုထောင့်ကနေ အပိုင်းလိုက် ဆွေးနွေးကြည့်ပါမယ်။ In Defence of Marxism မဂ္ဂဇင်း အမှတ် ၃၈ မှာ ဖော်ပြခဲ့သော Adam Booth ရဲ့ Marxism, Money and Inflation ဆောင်းပါးကို အခြေခံထားပါတယ်။ လုံးစေ့ဘာသာပြန်လိုက်ရင် စာလေးသွားနိုင်လို့ ဆီလျော်အောင် ပြန်ရေးပါတယ်။ လက်ရှိ ပြည်တွင်း အခြေအနေတွေကို အလျဉ်းသင့်သလို ထည့်သွင်းသုံးသပ်ကြည့်ပါမယ်။

Inflation ဆိုတာ ငွေကြေးတခုရဲ့ တန်ဖိုး ကျဆင်းသွားခြင်း ဖြစ်ပါတယ်။ အရင်က နှစ်ထောင်ကျပ်နဲ့ ဆန်တပြည် ဝယ်လို့ရခဲ့ရင် အခုမရတော့ဘူး။ အခု ကျပ်နှစ်ထောင်နဲ့ ဆန် လေးဗူးတောင် ဝယ်မရတော့ဘူး။ ဒါ့ကြောင့် လုပ်ခလစာတွေရဲ့ ဝယ်ယူစားသုံးနိုင်စွမ်းဟာ ထက်ဝက်မက ထိုးကျသွားရတယ်။

ငွေကြေးဖောင်းပွမှုဟာ အကြောင်းတမျိုး တည်းကြောင့် ဖြစ်ပေါ်လာတာမျိုး မဟုတ်ဘဲ အကြောင်းပေါင်းစုံကြောင့် ထွက်ပေါ်လာတဲ့ ရောဂါကြီး ဖြစ်ပါတယ်။ အုပ်စိုးသူ လူတန်းစား

အဖို့ ဒီရောဂါကြီးကို ကုစရာ ဆေးရယ်လို့ များများစားစား မရှိလှပါဘူး။ ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်ဖို့ ဝယ်လိုအား ကျဆင်းသွားအောင် ငွေတိုးနှုန်းတွေ ဆွဲတင်ပစ်တာ၊ စီးပွားရေး ကျဆင်းမှု ဖြစ်ပေါ်စေတာ သူတို့ရဲ့ "ကုသဆေး"ပါပဲ။

အလုပ်သမားထုအဖို့ လုပ်ခလစာက တိုးမလာရတဲ့အထဲ ကုန်ဈေးနှုန်းက ထိုးတက်နေပြန်ဆိုတော့ သရောကြီးခိုင်းဖို့သာ ရှိတယ်။ အရင်းရှင်စနစ်နဲ့ အုပ်စိုးသူ လူတန်းစားကြောင့် ဖြစ်ပေါ်နေရတဲ့ ဒီကပ်ဘေးကို အလုပ်သမားထုက ဘယ်လို ပြန်တိုက်ကြမလဲ။ ပထမဆုံးတော့ ငွေကြေးဖောင်းပွမှု ဘာ့ကြောင့် ဖြစ်လာသလဲ နားလည်ဖို့ ကြိုးစားကြည့်ရအောင်။

## လုပ်ခလစာ၊ ဈေးနှုန်းနဲ့ အမြတ်

ကိန်းဂဏန်းဒီတွေနဲ့ ငွေကြေးထိန်းချုပ်ရေးဝါဒီတွေကြားမှာ ဘယ်လိုပဲ ကွဲလွဲမှုတွေရှိရှိ၊ နောက်ဆုံးသတ္တချုပ်လိုက်ရင် ဒီကပ်ဘေးကို အလုပ်သမား လူတန်းစားပဲ စိုက်လျော်ရမယ် ဆိုတဲ့နေရာမှာ နှစ်ဖက်လုံး သဘောညီကြတယ်။ အလုပ်သမားထုရှေ့ သူတို့ချပြတဲ့ ရွေးလမ်းက နှစ်ခုပဲ။ ကြိုးပေး အသတ်ခံမလား ဒါမှမဟုတ် အပိုင်းပိုင်းခုတ် အသတ်ခံမလား။

ဒီနှစ်အုပ်စုကြား အရိပ်လက်ဝှေ့ထိုးနေကြတာတွေ ဖယ်ကြည့်လိုက်မယ်ဆိုရင် ငွေကြေးဖောင်းပွမှုကို ကိုင်တွယ်ဖို့ သူတို့ပေးတဲ့ဆေးက အတူတူပဲဆိုတာ တွေ့ရမယ်။ အတင်းအကြပ် ခြိုးခြံချွေတာရေးနဲ့ အလုပ်သမားထုရဲ့ လုပ်ခလစာတွေကို ထိပါးတိုက်ခိုက်ခြင်း။

လုပ်ခလစာတွေ တက်လာရင် ကုန်ဈေးနှုန်းတွေ လိုက်တက်မှာပဲလို့ ပြောပြီး လုပ်ခလစာ တိုးပေးရေး တိုက်ပွဲဝင်သူ အလုပ်သမားတွေကို တရားခံရှာတတ်ကြတဲ့ ဘူဇွာ ဘောဂဗေဒသမားတွေလည်း အများသား။

အဲ့လိုပဲ၊ "ငွေကြေးဖောင်းပွလာတော့မှာပဲ" ဆိုတဲ့ (inflation expectations) ကြောင့် ကုန်ဈေးနှုန်းတွေ တက်လာလိမ့်မယ်လို့ ဖက်ရှင်တခုလို သတိပေးတတ်ကြတယ်။

တကယ့် အချက်အလက်တွေအရတော့ အဲဒါနဲ့ ပြောင်းပြန်ပါပဲ။ wage-price-spiral (လုပ်ခလစာတွေ တက်လို့ ကုန်ဈေးလိုက်တက်နေတာမျိုး မဟုတ်ဘဲ) profit-price-spiral ခေါ် အရင်းရှင် လူတန်းစားက အမြတ်တွေ နင်းကန်ရနေလို့ ကုန်ဈေးနှုန်းတွေ လိုမ့်တက်နေတာမျိုးပဲ တွေ့လာရတယ်။ ကုန်ကျစရိတ်တွေ မြင့်တက်နေပေမယ့် ဘဏ်သူဌေးကြီးတွေ၊ အကြီးစား လုပ်ငန်းရှင်ကြီးတွေရဲ့ အမြတ်ငွေဟာ အရင်ကထက် အဆပေါင်းများစွာ တိုးပွားနေတာပဲ ရှိပါတယ်။

**ဒီလို စီးပွားပျက်ကပ် ကာလမှာ ငွေကြေးဖောင်းပွမှုအကြောင်း၊ ကျပ်ငွေတန်ဖိုး ကျဆင်းခြင်းအကြောင်း လူတိုင်း ပြောနေကြရပြီ။ မပြောလို့လည်း မဖြစ်တော့။ နေရင်းထိုင်ရင်း ကိုယ်စားမယ့် ထမင်းလုတ်ကို ပုတ်ချခံနေကြရပြီ မဟုတ်ပါလား။**

ကိန်းဂဏန်း အချက်အလက်အရသာ မဟုတ်၊ သဘောတရားရေးအရပါ အပေါ်က အယူအဆမျိုးကို ကား(လ်)မာ့(က်စ်) ချေဖျက်ပြခဲ့တာ ကြာပါပြီ။ ၁၈၆၅ ခုနှစ်က ပထမ အင်တာနေရှင်နယ်မှာ John Weston ရဲ့ အယူအဆကို ဆန့်ကျင်ချေပရင်း မာ့(က်စ်)ပြောခဲ့တဲ့ လက်ချာတွေရှိပါတယ်။ Value, Price, Profit ဆိုတဲ့ စာအုပ်လေးထဲမှာ တွေ့ရပါလိမ့်မယ်။ ဝွန်စဝ်စင်ရဲ့ သဘောထားကို ချုပ်လိုက်ရင် (၁) လုပ်ခလစာနှုန်းထား တိုးလာခြင်းဟာ အလုပ်သမားတွေအဖို့ ဘာမှအကျိုးမထူးဘူး၊ (၂) ဒါ့ကြောင့် အလုပ်သမားသမဂ္ဂတွေက ဆိုးကျိုးကိုပဲ ဖြစ်စေတယ်။

ဒီအငြင်းပွားမှုကို အခြေတည်ပြီး မာ့(က်စ်)က သူ့ရဲ့ဘောဂဗေဒ သဘောတရားတွေကို ရှင်းလင်းတင်ပြခဲ့တယ်။ အဓိကအားဖြင့် labor theory of value ကို အခြေခံပြီး တန်ဖိုးဆိုင်ရာ နိယာမကို ရှင်းပြခဲ့တယ်။ တန်ဖိုးနဲ့ ဈေးနှုန်းကို ခွဲခြားပြခဲ့တယ်။

ဈေးကွက်ထဲမှာ ဖလှယ်ဖို့ ထုတ်လုပ်လိုက်တဲ့ ပစ္စည်းတွေ၊ ဝန်ဆောင်မှုတွေ (ရောင်းကုန်တွေလို့ပဲ ခြုံပြီး ပြောပါမယ်) ရဲ့ ဈေးနှုန်းကို စိတ်ထင်သလို သတ်မှတ်ရောင်းချလို့ မရပါဘူး။ အခုလို ပျက်ကပ်ကာလမျိုးမှာ ကုန်သည်တွေရဲ့ လောဘဇောသက်သက်ကြောင့် ဈေးတွေ ခုန်တက်ကုန်တယ်လို့ ထင်တတ်ကြတယ်။

တကယ်တော့ ရောင်းကုန်တွေရဲ့ ဈေးနှုန်းကို စိတ်ထင်သလို တက်လို့ ချလို့ မရပါဘူး။ ဒီလိုသာ လုပ်လို့ရရိုးမှန်ရင် ဆန်တအိတ်ကို ဒေါ်လာ တထောင် သတ်မှတ်ရောင်းချပေမပေါ့။ ကုန်သည်တွေက လုပ်မရရင် အာဏာပိုင်တွေက လက်နက်အားကိုးနဲ့ အတင်းအကြပ် ပြဋ္ဌာန်းပေးမပေါ့။ မရပါဘူး။ အကြောင်းက ရောင်းကုန်တွေရဲ့ ဈေးနှုန်းကို ဓမ္မဓိဋ္ဌာန်ကျတဲ့ နိယာမတွေနဲ့ သတ်မှတ်ပေးထားလို့ ဖြစ်တယ်။ အဲဒီနိယာမတွေကို ကျနော်တို့ နားလည်သဘောပေါက်နိုင်သလို စစ်ဆေးကြည့်လို့လည်း ရပါတယ်။

ဘူဇွာဘောဂဗေဒသမားတွေ ဆိုလေ့ရှိသလို ရောင်းကုန်တခုရဲ့ ဈေးနှုန်းကို လုပ်အားခနဲ့ အမြတ်ပေါင်းလဒ်က သတ်မှတ်ပေးတာလည်း မဟုတ်ဘူးလို့ မာ့(က်စ်)က အသေအချာ ပြောခဲ့တယ်။ ယေဘုယျဆိုရရင် ဈေးနှုန်းဆိုတာ ရောင်းကုန်တွေရဲ့ တန်ဖိုးကို ငွေကြေးအနေနဲ့ ထင်ဟပ်ဖော်ပြချက်သာ ဖြစ်တယ်။

ဝယ်လိုအားနဲ့ ရောင်းလိုအားအတက်အကျပေါ် မူတည်ပြီး ဈေးနှုန်း အပြောင်းအလဲ ရှိတာမှန်ပါတယ်။ ဒါပေမယ့် ဒီဈေးနှုန်း အတက်အကျဟာ ထင်သလို ဖြစ်နေတာ မဟုတ်ဘူး၊ ပျမ်းမျှအနေအထားတခုကို ဗဟိုပြုပြီး အတက်အကျပြောင်းလဲနေတာသာ ဖြစ်တယ်။

အဲ ဒီ ပျ မ်း မျှ အ နေ အ ထား တ ခု ဆို တာ ရောင်းကုန်ရဲ့ တန်ဖိုးကြောင့် ဖြစ်ပေါ်လာတာ။ ဒါဆို ရောင်းကုန်ရဲ့ တန်ဖိုးကို ဘယ်အရာက သတ်မှတ်ပေးသလဲ။ အဲဒီ ရောင်းကုန်ထွက်လာဖို့ လိုအပ်သော လူ့အဖွဲ့အစည်းဆိုင်ရာ ပျမ်းမျှ အလုပ်ကြာချိန်က တန်ဖိုးကို ဆုံးဖြတ်ပေးတယ်။ socially necessary labor time ကို ပြောတာပါ။

ဒီစကားစုကို သေချာနားမလည်တဲ့အခါ အခုလို စောဒကတက်လေ့ရှိတယ်။ အလုပ်ကြာချိန်က တန်ဖိုးကို ပြဋ္ဌာန်းပေးတယ်ဆိုရင် ပျင်းနေလို့ ဒါမှမဟုတ် အလုပ်မကျွမ်းကျင်လို့ အချိန်ပိုကြာသွားရင် တန်ဖိုးပိုတက်သွားရောလား။ ဒီလို မေးလာသူတွေကို မာ့(က်စ်)က တခါတည်း ရှင်းခဲ့ပြီးသား ဖြစ်ပါတယ်။ အလုပ်ကြာချိန်လို့ပဲ မပြောဘဲ socially necessary လို့ ရှေ့က အထူးပြုပြောထားတာ အကြောင်းမဲ့ မဟုတ်ပါဘူး။

သက်ဆိုင်ရာ လူ့အဖွဲ့အစည်းတခုရဲ့ ကုန်

Image- Victor Dubreuil



ထုတ်စွမ်းအားစု ဖွံ့ဖြိုးမှုပေါ် လိုက်ပြီး ပျမ်းမျှလိုအပ်တဲ့ကြာချိန်ကို ဆိုလိုခြင်း ဖြစ်ပါတယ်။ လက်မှုလုပ်ငန်းလောက်ပဲ ထွန်းကားသေးတဲ့ ခေတ်မှာ ဖိနပ်တရံပြီးဖို့ ပျမ်းမျှကြာချိန်နဲ့ စက်မှုထွန်းကားတဲ့ ခေတ်မှာ ဖိနပ်တရံပြီးဖို့ ပျမ်းမျှ ကြာချိန် ဘယ်လိုမှ မတူနိုင်ပါဘူး။ လက်မှုလုပ်ငန်း ခေတ်မှာ ဖိနပ်တရံပြီးဖို့ ပျမ်းမျှကြာချိန် ၈ နာရီ ဆိုပေမယ့် ၇ နာရီစွန်းစွန်းနဲ့ ပြီးအောင် လုပ်နိုင်သူ တယောက်စ နှစ်ယောက်စ ရှိနိုင်တယ်။ အဲလိုပဲ ၈ နာရီခွဲလောက်မှ ပြီးနိုင်သူလည်း မဆိုစလောက် ရှိလိမ့်မယ်။ အဲဒါတွေကို မယူဘဲ အဲဒီခေတ် ကုန်ထုတ်စွမ်းအားစု ဖွံ့ဖြိုးမှုအနေအထားအရ ပျမ်းမျှကြာနိုင်မယ့် ၈နာရီကိုပဲ socially necessary labor time အနေနဲ့ သဘောထားပါတယ်။

လူ့အဖွဲ့အစည်းမှာ တန်ဖိုး အသစ်တွေ ဖန်တီးပေးတာ အလုပ်သမား လူတန်းစား ဖြစ်ပါတယ်။ ကုန်ထုတ် ဖြစ်စဉ်မှာ အလုပ်သမား လူတန်းစားရဲ့ လုပ်အားကို ထည့်သွင်းလိုက်ခြင်း အားဖြင့် ထွက်ပေါ်လာတဲ့ တန်ဖိုးတွေကို အလုပ်သမားထုနဲ့ အရင်းရှင် လူတန်းစားကြား ပြန်လည်ခွဲဝေလိုက်တယ်။ အလုပ်သမား လူတန်းစားက လုပ်ခလစာအနေနဲ့ ရရှိပြီး အရင်းရှင် လူတန်းစားက အမြတ်အနေနဲ့ ရတယ်။

မာ့(က်စ်) ဖောင်းပေးပြောခဲ့တာ ရှိတယ်။ အလုပ်သမား လူတန်းစားကိုယ်တိုင် အရင်းရှင်တွေဆီ ထုတ်ရောင်းရတဲ့ ရောင်းကုန် တခုရှိတယ်။ အဲဒါက သူတို့ရဲ့ လုပ်အားစွမ်းပကား (labor power) ဖြစ်ပါတယ်။ labor ခေါ် အလုပ်ကို ရောင်းလိုက်တာ မဟုတ်ဘူးလို့လည်း မာ့(က်စ်)က ခွဲခြားပြောတယ်။ ရောင်းကုန်အနေနဲ့ ရောင်းလိုက်ရတဲ့ လုပ်အားစွမ်းပကားဆိုတာ အချိန်တခု (တနာရီ၊ တရက်၊ တပတ်၊ စသဖြင့်) အတွက် သူတို့ရဲ့ အလုပ်လုပ်နိုင်စွမ်းကို ဆိုလိုခြင်း ဖြစ်တယ်။ အရင်းရှင် လူတန်းစားဆီက ဒီရောင်းကုန်ရဲ့ အဖိုးအခအဖြစ် လုပ်ခလစာ ပြန်ရတယ်။

လုပ်အားဟာလည်း တခြားရောင်းကုန်တွေလိုပါပဲ၊ သူ့မှာ တန်ဖိုး ရှိတယ်။ သူ့တန်ဖိုးကိုလည်း တခြား ရောင်းကုန်များရဲ့ တန်ဖိုးကို သတ်မှတ်ပြဌာန်းပေးသလို လုပ်အားစွမ်းပကား ဖြစ်ပေါ်လာစေဖို့ လိုအပ်သော ပျမ်းမျှ အလုပ်ကြာချိန်နဲ့ ဆုံးဖြတ်ပါတယ်။ အလုပ်သမား လူတန်းစားရဲ့ ဘဝတည်မြဲရေးနဲ့ မျိုးဆက်ပွားစီးဖို့ လိုအပ်သော ပျမ်းမျှ အလုပ်ကြာချိန် ဖြစ်ပါ

တယ်။ အလုပ်သမား လူတန်းစားတရပ် ဘဝ တည်မြဲဖို့ မျိုးဆက်ပွားစီးဖို့ စား၊ ဝတ်၊ နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အစရှိတဲ့ ရှင်သန်ရေး ပစ္စည်းတွေ လိုအပ်ပါတယ်။ ဒီအရာတွေ အလုံအလောက် ထုတ်လုပ်ဖို့ လိုအပ်တဲ့ socially necessary labor time က အလုပ်သမား လူတန်းစားရဲ့ လုပ်အားခကို သတ်မှတ်ပြဋ္ဌာန်းပေးတယ်။

လုပ်အားမှာ တန်ဖိုးရှိသလို ဈေးနှုန်းလည်း ရှိပါတယ်။ အလုပ်သမားတွေ ရရှိတဲ့ ပျမ်းမျှ လုပ်ခလစာဟာ လုပ်အားရဲ့ ဈေးနှုန်းပဲ။ တခြားရောင်းကုန် ဈေးနှုန်းတွေလိုပဲ လုပ်ခလစာဟာလည်း လုပ်အား တန်ဖိုးကို ဗဟိုပြုပြီး ဝယ်လိုအား၊ ရောင်းလိုအား ဖိအားတွေအောက်မှာ အတက်အကျ အပြောင်းအလဲ ရှိပါတယ်။ ဒါပေမယ့် တခြား ရောင်းကုန်တွေနဲ့ မတူတာက ဒီအပြောင်းအလဲဟာ ဈေးကွက် အင်အားစုတွေကြောင့် သူ့အလိုလို ဖြစ်နေတာမျိုး မဟုတ်ဘဲ လူတန်းစား တိုက်ပွဲကနေ ဖြစ်ပေါ်နေတာပဲ။

မာ့(က်စ်)ရဲ့ အဓိက ထောက်ပြချက်ကို ရောက်ပါပြီ။ ရောင်းကုန် ဈေးနှုန်းတွေလိုပဲ အရင်းရှင်တွေရဲ့ အမြတ်ဟာလည်း စိတ်ကူးပေါက်သလို သတ်မှတ်လိုက်လို့ ဖြစ်ပေါ်လာတာ မဟုတ်ဘူး။ သာမန်ကြည့်ရင် "ဈေးချိုချိုနဲ့ ဝယ်ထားပြီး ဈေးတင်ပြန်ရောင်းလို့" အမြတ်တွေ ရလာတယ် ထင်ကြမယ်။ ယေဘုယျ ပြောရရင် အရင်းရှင်တွေ ဒီလို စိတ်ထင်ရာ မလုပ်နိုင်အောင် ယှဉ်ပြိုင်ခြင်းနိယာမတွေက တားမြစ်ထားတယ်။

အခုပဲကြည့်လေ၊ လက်ဝါးကြီးအုပ် အကြီးစား လုပ်ငန်းရှင်ကြီးတွေလို ဈေးနှုန်းသတ်မှတ်နိုင်စွမ်းနဲ့ အတိုင်းအဆချင်း မယှဉ်နိုင်တဲ့ အသေးစား လုပ်ငန်းရှင်တွေ ညည်းနေရပြီ။ ကုန်ကျစရိတ်တွေ တက်လာလို့ဆိုပြီး စားသုံးသူတွေဆီ လွှယ်လွှယ်နဲ့ ဈေးတင်ရောင်းမရဘူး၊ အဲသလို ဈေးလိုက်တက်တာနဲ့အမျှ ရောင်းအားလည်း ထိလာတာကိုး။

တကယ်လို့ သူတို့စိတ်ကြိုက် ဈေးသတ်မှတ် ရောင်းနိုင်စွမ်း ရှိတယ်ဆိုရင်တောင် ရောင်းသူနေရာမှာ မြိုးမြိုးမြက်မြက်ကလေး စားလိုက်ရတဲ့ အရင်းရှင်ဟာ အမြဲတမ်း ရောင်းသူနေရာမှာပဲ မရှိနိုင်ဘူး၊ သူလည်း ဝယ်သူ ပြန်ဖြစ်ရသေးတယ်။ ဒီအခါ သူ့လို ဈေးတင်ရောင်းချသူနဲ့ တွေ့တဲ့အခါ ရောင်းသူဘဝတုန်းက ရထားတာလေး ဝယ်သူဘဝမှာ ပြန်ပါသွားမယ်။ ဦးမြကို အကြွေးပြန်ပေးဖို့ ဦးလှကို ခါးပြတိုက်လိုက်တာနဲ့ အတူတူပဲ။ ဒီလိုနည်းနဲ့ တန်ဖိုးအသစ် ထွက်မလာဘူး။ ဒါ့ကြောင့် အမြတ်ဆိုတာလည်း အဲဒီနည်းနဲ့ ရလာတာ မဟုတ်ဘူးလို့ ဆိုခြင်း ဖြစ်တယ်။

အရင်းရှင် လူတန်းစားဆီ အလုပ်သမား လူတန်းစား ရောင်းလိုက်တဲ့ လုပ်အားစွမ်းပကားမှာ တခြား ရောင်းကုန်တွေနဲ့ လုံးဝမတူတဲ့ ထူးခြားချက်တခု ရှိတယ်။ တခြားဘယ်ရောင်းကုန်မှာမှ အဲဒီထူးခြားချက်မျိုး မရှိဘူး။ လုပ်အားစွမ်းပကားရဲ့ ထူးခြားချက်က တခြားမဟုတ်ဘူး။ တန်ဖိုးအသစ် ဖန်တီးပေးနိုင်တာပဲ။ လုပ်အားကို ဝယ်ယူစဉ်က အဖိုးအခထက် ပိုများတဲ့ တန်ဖိုးအသစ်တွေ ဖန်တီးပေးနိုင်တာပဲ။ လုပ်အားကို ဝယ်ယူစဉ်က အဖိုးအခအဖြစ် wage ပေးပြီးဖြစ်လို့ ဒီထက်ကျော်လွန်ပြီး ရရှိလာတဲ့ တန်ဖိုးတွေဟာ အရင်းရှင်တွေရဲ့ အမြတ် ဖြစ်လာတယ်။ ဒါ့ကြောင့် အရင်းရှင် လူတန်းစား ရရှိတဲ့ အမြတ်ဆိုတာ အလုပ်သမား လူတန်းစားရဲ့ unpaid labor ကနေ ဆင်းသက်လာတာပဲလို့ မာ့(က်စ်) ရှင်းပြခဲ့ခြင်း ဖြစ်တယ်။

## ဘယ်သူ့အပြစ်လဲ

အတိုချုပ်ရရင် တရက်တာ၊ တပတ်တာ ဒါမှမဟုတ် တနှစ်တာကာလအတွင်း အလုပ်သမားလူတန်းစားက တန်ဖိုး အစုစုကို ဖန်တီးပေးလိုက်တယ်။ မာ့(က်စ်)ရှင်းပြခဲ့သလိုပဲ "အလုပ်သမားလူတန်းစား စိုက်ထုတ်ထားသော အလုပ်ကြာချိန်က သတ်မှတ်ပြဋ္ဌာန်းပေးလိုက်တဲ့ အဲဒီတန်ဖိုးအရပ်ရပ်ဟာ အလုပ်သမား နဲ့ အရင်းရှင်တို့ ကိုယ်စီကိုယ်ငှ ခွဲဝေယူစရာ တခုတည်းသော ရေသောက်မြစ်ပဲ။ လုပ်ခလစာနဲ့ အမြတ်ရယ်လို့ ခွဲယူစရာ တခုတည်းသော တန်ဖိုးပဲ ..."[1]

ဒါ့ကြောင့် ငွေကြေးဖောင်းပွမှု ဖြစ်လာလို့ လူ့အဖွဲ့အစည်းတခုရဲ့ ဓနဥစ္စာတွေ အမှန်တကယ် တိုးမလာပါဘူး။ နဂို ရှိနှင့်ပြီးသား တန်ဖိုးဥစ္စာတွေကိုပဲ မြီရှင်တွေနဲ့ မြီစားတွေကြား ပြန်ခွဲပေးလိုက်တာ၊ အရင်းရှင်တွေနဲ့ အလုပ်သမားတွေကြား ဝင်ငွေပမာဏ ရွှေ့သွားတာပဲ ဖြစ်ပါတယ်။ လုပ်ခလစာ တက်တဲ့နှုန်းထက် ကုန်ဈေးနှုန်းတက်တဲ့နှုန်းက ပိုမြန်နေတော့ အလုပ်သမားတွေပဲ အထိနာနေကျပါ။




Image- Public Domain

မာ့(က်စ်)က ဆက်ပြောတယ်။

"အကန့်အသတ်နဲ့ ရှိနေတဲ့ ဒီတန်ဖိုးတခုတည်းကိုပဲ (ဆိုလိုတာက အလုပ်သမားလူတန်းစားရဲ့ စုစုပေါင်း အလုပ် ကြာချိန်နဲ့ သတ်မှတ်ပေးထားသော တန်ဖိုးတခုတည်းကိုပဲ) အရင်းရှင်နဲ့ အလုပ်သမား လူတန်းစားကြား ခွဲဝေယူရတာဖြစ်လို့ တဖက်လူတန်းစားက ပိုရလေ ကျန်တဖက် လူတန်းစားက အရနည်းလေပဲ ..."

"လုပ်ခလစာ ပြောင်းလဲသွားရင် အမြတ်နှုန်းထားက ဆန့်ကျင်ဖက် လားရာအတိုင်း ပြောင်းလဲသွားလိမ့်မယ်။ လုပ်ခလစာနှုန်းထား နည်းသွားရင် အမြတ်ရတဲ့နှုန်း ပိုများသွားမယ်၊ လုပ်ခနှုန်းထား တက်ရင် အမြတ်ရနှုန်း ကျသွားမယ်။"

တနည်းဆိုရရင် အလုပ်သမားတွေရဲ့ လုပ်အားခ အမှန်တကယ် တိုးရဖို့ အရင်းရှင်လူတန်းစား ရရှိနေတဲ့ အမြတ်တွေကို ကိုက်ဖဲ့ယူမှသာ ဖြစ်နိုင်တယ်။ ဒါ့ကြောင့်လည်း အရင်းရှင်တွေနဲ့ သူတို့လက်ဝေခံတွေက အလုပ်သမားလူတန်းစားကို ရန်လိုတကြီး ထိုးနှက်တိုက်ခိုက်နေကြတာပဲ။ သူတို့အမြတ်ထဲက နည်းနည်းမှ အပဲ့မခံနိုင်ဘူး၊ ရလေလိုလေ အိုတစ္ဆေပဲ။

ဒါ့ကြောင့် ငွေကြေးဖောင်းပွမှုအတွက် အလုပ်သမားထုကို အပြစ်တင်လို့ မရဘူးဆိုတာ ရှင်းပါတယ်၊ အလုပ်သမားထုဟာ ခေါင်ခိုက်အောင် ထိုးတက်နေတဲ့ ကုန်ဈေးနှုန်းတွေ၊ အရင်းရှင်တွေရဲ့ ထိုးနှက်မှုတွေကို ခံရလွန်းလို့ ဘဝတည်မြဲရေး တိုက်ပွဲထဲ တွန်းပို့ခံရသူတွေသာ ဖြစ်ပါတယ်။ အလုပ်သမားတွေ လုပ်အားခ တိုးတောင်းလွန်းလို့ ကုန်ဈေးလိုက်တက်နေရတာ မဟုတ်ဘူး။

"ငွေကြေး တန်ဖိုးကျဆင်းမှု ဖြစ်ပွားတိုင်း အလုပ်သမား လူတန်းစားဆီက လှည့်ဖျားယူဖို့

အရင်းရှင်တွေ အသင့် ဖြစ်နေကြကြောင်း အတိတ်သမိုင်းတခုလုံးက သက်သေခံနေတယ်” လို့ မာ့(က်စ်)က တန်ဖိုး၊ ဈေးနှုန်းနဲ့ အမြတ် စာအုပ်မှာ မှတ်ချက်ပြုထားတယ်။

တကယ်လည်း ဖြစ်နေတာပါပဲ။ ဈေးကွက်ကို အုပ်စီးထားနိုင်တဲ့ လက်ဝါးကြီးအုပ် ကော့ပရိတ် လုပ်ငန်းရှင်ကြီးတွေဟာ ကပ်ရောဂါကာလကို အခွင့်အရေးသမားပီပီ အမိအရဖမ်းပြီး ဈေးတွေ မတန်တဆ တင်ပြီး၊ အမြတ်တွေ တနင့်တပိုး ယူခဲ့ကြတယ်။

ဥပမာ၊ ၂၀၂၁ ခုနှစ်အတွင်း S&P 500 စာရင်းဝင် စီးပွားရေးလုပ်ငန်းကြီးတွေရဲ့ စုစုပေါင်း ‘ဝင်ငွေ’ဟာ ၅၀% လောက် တက်လာခဲ့တယ်။ အဲဒီတနှစ်လုံး သူတို့ရဲ့ အမြတ်နှုန်းထားဟာ ခါတိုင်းနှစ်တွေထက် ၁၃% ပိုရခဲ့တယ်။ ဒါပေမယ့် အလုပ်သမား လူတန်းစားရဲ့ လုပ်ခလစာနှုန်းထားဟာ တက်မလာခဲ့ဘူး။ တက်တယ်ဆိုရင်လည်း နာမည်ခံလောက်ပါပဲ။ real wages က တက်လာတာ မဟုတ်ဘူး၊ ကျသွားတာပါ။

လုပ်အားခတွေ တက်သွားရင် အရင်းရှင်တွေဘက်က ကုန်ဈေးနှုန်းတွေ လိုက်တက်လိမ့်မယ်ဆိုတဲ့ အယူအဆကို မာ့(က်စ်)က အရင်းကျမ်း အတွဲ(၂)မှာ အခုလို တုံ့ပြန်ခဲ့ဖူးတယ်။ ရောင်းကုန်ဈေးနှုန်းတွေကို သူတို့စိတ်ရှိသလို တက်ပစ်နိုင်စွမ်း အရင်းရှင်တွေလက်ထဲမှာ ရှိနေခဲ့ရင် လုပ်ခလစာ တက်တဲ့အချိန်တောင် စောင့်နေမှာ မဟုတ်ဘူး၊ လုပ်ခလစာ တိုးမပေးဘဲ ကုန်ဈေးတွေ တင်ပစ်လိုက်မှာပေါ့။

လုပ်ခလစာတိုးသွားတာကို အကြောင်းပြ၊ ကုန်ဈေးတွေ မတန်တဆ တက်ပစ်လိုက်ပြီး အမြတ်တွေ တနင့်တပိုး သွဲ့ယူသွားတာမျိုး လုပ်မရနိုင်ဘူးလား။ ရပါတယ်။ အခါခပ်သိမ်း မဟုတ်ဘူး။ ထူးခြားတဲ့ အခြေအနေတချို့၊ ဒေသအလိုက် အခြေအနေတချို့မှာပဲ ခြွင်းချက်အနေနဲ့ ဒါမျိုး လုပ်ရနိုင်တယ်။ အချိန်အခါမရွေး အမြဲတမ်း လုပ်လို့ရတယ်ဆိုရင် အရင်းရှင်တွေအနေနဲ့ ဘယ်အလုပ်သမား သမဂ္ဂကိုမှ ဆန့်ကျင်နေမှာ မဟုတ်ဘူးလို့ မာ့(က်စ်)က ဆက်ပြောခဲ့တယ်။

အရင်းရှင်တွေနဲ့ အလိုတော်ရိ ဘောဂဗေဒသမားတွေက အကျိုးဆက်ကို အကြောင်းတရားအဖြစ် မှားပြီး ပြောနေကြတယ်။ ခြွင်းချက်အခြေအနေမျိုးမှာ ရှားရှားပါးပါး လုပ်ခလစာ တိုးလာရခြင်းဟာ စားဝတ်နေရေး ကုန်ဈေးတွေ ထိုးတက်သွားခြင်းရဲ့ အကျိုးဆက်သာ ဖြစ်တယ်။ အကြောင်းတရား မဟုတ်ဘူး။

## ထွင်ထားတဲ့ အရင်း

ဒီတော့ ငွေကြေးဆိုင်ရာ ပြဿနာတွေရဲ့ အဖြေကို တခြားမှာ သွားရှာလို့ မတွေ့နိုင်။ တန်ဖိုးနဲ့ သူ့နိယာမတွေအကြောင်း၊ ကျယ်ကျယ်ပြန့်ပြန့် ရောင်းကုန်ထုတ်ခြင်း၊ ဖလှယ်ခြင်းနဲ့ အဲဒီကနေ ထွက်ပေါ်လာတဲ့ အမြတ်ပဓာနစနစ်အကြောင်း ရေရေရာရာ နားလည်ခြင်းမှာပဲ သွားရှာရမယ်။ အထက်မှာ အကြမ်းဖျင်း ဆွေးနွေးခဲ့သလို တန်ဖိုးနဲ့ ဈေးနှုန်းအကြောင်း မာ့(က်စ်)ဝါဒအရနားလည်ထားမှသာ ငွေကြေးဖောင်းပွမှုကို ဖြစ်ပေါ်လာစေတဲ့ အင်အားစုတွေ၊ အကြောင်းအချက်တွေကို ဖမ်းဆုပ်နိုင်မယ်။

ပထမဆုံး၊ ‘ထွင်ထားတဲ့ အရင်း’ (fictitious capital) ဆိုတာရဲ့ အခန်းကဏ္ဍကို ဆွေးနွေးကြည့်ရအောင်။ ထွင်ထားတာဆိုတော့ အစစ်အမှန် မဖြစ်တဲ့သဘောပေါ့။ ဘယ်လိုလဲ။ ငွေကြေးတွေ ဈေးကွက်ထဲ စီးဆင်းနေတယ်၊ ဒါပေမယ့် သူ့နောက်မှာ တန်ဖိုး အစစ်တွေ အမှန်

တကယ် စီးဆင်းနေခြင်း မရှိဘူး။ အဲဒီပိုက်ဆံတွေက စားဖို့ သုံးဖို့ စီးဆင်းနေတဲ့ ပိုက်ဆံတွေလည်း မဟုတ်ပြန်ဘူး၊ ငွေကနေ ငွေထပ်ပွားအောင် ဖန်တီးပေးဖို့ 'အရင်း' အနေနဲ့ စီးဆင်းနေကြတဲ့ ပိုက်ဆံတွေ။ ငွေကနေ ငွေတွေ ဆပွားတိုးလာအောင် စီးဆင်းနေတယ်ဆိုပေမယ့် အဲဒီငွေတွေနဲ့ ရောင်းကုန်တွေ တကယ် ထုတ်နေသလားဆိုတော့ မထုတ်ပြန်ဘူး။ ဒါ့ကြောင့် အစစ်အမှန် မဟုတ်သော ထွင်ထားတဲ့ အရင်းလို့ မာ့(က်စ်) ပြောခဲ့တာ။

ဆက်မသွားခင် ပထမဆုံး ဒီမေးခွန်းကို ဖြေကြည့်ဦးစို့၊ ပိုက်ဆံဆိုတာ ဘာလဲ။

ပိုက်ဆံဆိုတာ တန်ဖိုးမှန်သမျှရဲ့ အတိုင်းအထွာ၊ တခြားသော ရောင်းကုန်အားလုံးရဲ့ တန်ဖိုးတွေကို အကဲဖြတ် ဖော်ပြပေးနိုင်တဲ့ စံကိုက် ပေတံတချောင်း။

တခါ၊ဈေးနှုန်းတွေဟာ တန်ဖိုးကို ငွေကြေးအနေနဲ့ ထင်ဟပ်ဖော်ပြချက်၊ ရောင်းကုန်တွေအဖြစ် ပုံဆောင်ခဲဖွဲ့ထားသော လူ့အဖွဲ့အစည်းဆိုင်ရာ လိုအပ်တဲ့ အလုပ်ကြာချိန်ကို တိုင်းတာပေးတဲ့ ယူနစ်။

ရောင်းကုန်ထုတ်လုပ်ခြင်း၊ ဖလှယ်ခြင်းနဲ့ ကုန်သွယ်ရေး လိုအပ်ချက်တွေကြောင့် သမိုင်းမှာ အသပြာ ပေါ်ထွက်လာခဲ့ခြင်း ဖြစ်တယ်။

ကနဦးမှာ 'အသပြာ ရောင်းကုန်' ပုံစံနဲ့ ထွက်ပေါ်လာခဲ့တယ်။ အသပြာအဖြစ် အသုံးပြုကြတဲ့ ရောင်းကုန်မှာ လူ့အဖွဲ့အစည်းဆိုင်ရာ လိုအပ်တဲ့ အလုပ်ကြာချိန် (socially necessary labor time) ရှိနေပြီးသားမို့ ကိုယ်တိုင်က တန်ဖိုးရှိ ပစ္စည်းတမျိုး ဖြစ်နေတယ်။ ဒီပစ္စည်းကို တခြားရောင်းကုန်အားလုံးနဲ့ ဖလှယ်နိုင်တယ်။ တခြားရောင်းကုန်အားလုံးကို သူနဲ့ချိန်ထိုးကြည့်နိုင်တယ်။ ဒါ့ကြောင့် အသပြာဟာ ရောင်းကုန်အားလုံးနဲ့ တန်ဖိုး ညီမျှခြင်းချကြည့်နိုင်တဲ့ universal equivalent အဖြစ် အလုပ်လုပ်တယ်။

ဘီစီဖြရာစုလောက်မှာ ဒင်္ဂါးပြားတွေ စပေါ်လာတာ တွေ့ရတယ်။ ရွှေနဲ့ငွေတို့လို အဖိုးတန် သတ္တုတွေကို ဒင်္ဂါးသွန်းပြီး အသပြာရောင်းကုန်အဖြစ် သုံးခဲ့ကြတယ်။ ဒီနောက် သတ္တုတမျိုးမျိုးအခြေခံထားတဲ့ အသပြာတွေ ပုံစံအမျိုးမျိုးနဲ့ သုံးစွဲလာလိုက်ကြတာ ၂၀ရာစုအထိပါပဲ။

အချိန်အိုမင်းလာတာနဲ့အမျှ အသပြာအဖြစ် လည့်လည်စီးဆင်းနေတဲ့ အဖိုးတန် သတ္တုတွေရဲ့ တန်ဖိုးဟာလည်း ကျဆင်းလာခဲ့တယ်။ အသပြာအဖြစ် စီးဆင်းနေတဲ့ သတ္တုရဲ့ တန်ဖိုးအမှန်နဲ့ ဒင်္ဂါးပြား မျက်နှာပြင်ပေါ် ခတ်နှိပ်ထားတဲ့ တန်ဖိုးကြား ကွာဟချက် ကြီးမားလာတယ်။ ပိုက်ဆံအနေနဲ့ သုံးစွဲနေတဲ့ သတ္တုကို ထုတ်လုပ်ဖို့ လိုအပ်တဲ့ လူ့အဖွဲ့အစည်းဆိုင်ရာ အလုပ်ကြာချိန်က ၁၀ နာရီရှိတယ်ဆိုပါစို့။ အဲဒီ ၁၀ နာရီက သူ့ရဲ့ တန်ဖိုး အမှန်။ ဒါပေမယ့် အဲဒီဒင်္ဂါးရဲ့ မျက်နှာပြင်မှာ ခတ်နှိပ်ထားတာကျ နာရီ ၂၀ နဲ့ညီမျှတဲ့ ပမာဏ ဖြစ်လာတယ် ဆိုပါစို့။

အချိန်ကြာလာတာနဲ့အမျှ မျက်နှာပြင်ပေါ်က တန်ဖိုးပမာဏနဲ့ သတ္တုရဲ့ တန်ဖိုးအမှန်ကြား ကွာဟချက်ဟာ ပိုပိုများလာခဲ့တယ်။ နောက်ဆုံးမှာ ငွေစက္ကူလို ကိုယ်ပိုင်တန်ဖိုး မယ်မယ်ရရ မရှိတဲ့ အသပြာပုံစံတွေ ထွက်ပေါ်လာခဲ့တယ်။ ဒီကနေ့ခေတ်မှာဆို ဖန်သားပြင်ပေါ်က ကိန်းဂဏန်းတွေအဖြစ် ပြောင်းလဲလာခဲ့ပြီ။ ဆိုလိုတာက ဒီကနေ့ အသပြာဆိုတာ တန်ဖိုးကို ကိုယ်စားပြုဖော်ပြထားတဲ့ တိုကင်သက်သက် ဖြစ်လာခဲ့ပြီ။

ကာလတခုအတွင်း လူ့အဖွဲ့အစည်းတခုက ထုတ်လုပ်ထားတဲ့ ရောင်းကုန်တွေရှိတယ်။


အဲဒီရောင်းကုန်တွေ အားလုံးပေါင်း တန်ဖိုးတခု ရှိမယ်။ ဒီတန်ဖိုးအားလုံးကို ကိုယ်စားပြု လည်ပတ်နေမယ့် ငွေပမာဏတခု ရှိမယ်။ အဲဒီရောင်းကုန်တွေရဲ့ ဈေးနှုန်းအနေအထားဟာ လည်ပတ်စီးဆင်းနေတဲ့ ငွေပမာဏ၊ လည်ပတ်စီးဆင်းနေတဲ့ တန်ဖိုးပမာဏနဲ့ ငွေကြေး ‘လည်ပတ်နှုန်း’ (ဈေးကွက်အတွင်း ဖလှယ်မှုဖြစ်တဲ့ နှုန်း ဒါမှမဟုတ် အကြိမ်ရေ) ဆိုတဲ့ အကြောင်းအချက် သုံးခုအပေါ် မူတည်ပြီး ပြောင်းလဲနေလိမ့်မယ်။

ကျန်တဲ့အချက်တွေ အကုန်အတူတူပဲ ဆိုပါစို့။ ဈေးကွက်ထဲ ရောင်းကုန်တွေလည်း ပိုများမလာဘူး၊ စီးဆင်းနေတဲ့ တန်ဖိုးပမာဏ တိုးမလာဘူး၊ ဒါပေမယ့် လည်ပတ်စီးဆင်းနေတဲ့ ငွေကြေးပမာဏတခုတည်း တိုးလာမယ်ဆိုရင် ကုန်ဈေးတွေ သေချာပေါက် တက်သွားလိမ့်မယ်။

ရုပ်အခြေခံနဲ့သာ ပူးချည်မထားဘူးဆိုရင် ငွေကြေးတိုကင်တွေကို တန်ဖိုး သင်္ကေတအဖြစ် အသုံးပြုခြင်းမှာ မတည်ငြိမ်ခြင်းနဲ့ ငွေကြေးဖောင်းပွနိုင်ခြင်း အလားအလာတွေ တသားတည်း တွဲပါနေပြီးသား ဖြစ်ပါတယ်။ ဒီကနေ့ ငွေကြေးဟာ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးတွေလို ကိုယ်ပိုင်တန်ဖိုးအစစ်မရှိဘဲ တန်ဖိုးကို သင်္ကေတအနေနဲ့ သညာပြုထားရုံသက်သက်မို့ floating ဒါမှမဟုတ် fiat ငွေကြေးလို့ ပြောကြတယ်။

အခြေခံအားဖြင့် ငွေစက္ကူဖြစ်ဖြစ်၊ ဒစ်ဂျစ်တယ် ငွေကြေးသင်္ကေတပဲဖြစ်ဖြစ် သူတို့နောက်မှာ အမှန်တကယ် တန်ဖိုးရှိသော ရောင်းကုန်တွေနဲ့ ကျားကန်ပေးထားမယ် ဆိုတဲ့ ကတိပြုချက်တွေ ရှိနေရတယ်။ အမှန်တကယ် တန်ဖိုးရှိသော ရောင်းကုန်တွေလို့ ဆိုရာမှာ ကုန်ထုတ်လုပ်မှု ဖြစ်ချင်ဖြစ်မယ် ဒါမှမဟုတ် ရွှေလို အသပြာ ရောင်းကုန်မျိုး ဖြစ်ချင်ဖြစ်မယ်။ တခုမဟုတ် တခုခုနဲ့ ကျားကန်ထားရမယ်။ အဲဒီလိုမဟုတ်ရင်တော့ ငွေကြေးဖောင်းပွမှု ဖြစ်သွားမယ်။

ငွေစက္ကူအသစ်တွေ ရိုက်ထုတ်လိုက်ရင် ကုန်ဈေးတွေ ထောင်တက်သွားတာ အဲဒါကြောင့်ပါပဲ။ နှစ်သောင်းတန် အသစ်ရိုက်မထုတ်ဘဲ ရှိပြီးသား တသောင်းတန်၊ တထောင်တန်၊ ငါးရာတန်တွေချည်း တိတ်တိတ်လေး ရိုက်ထုတ်နေလည်း ငွေကြေးဖောင်းပွမှာပါပဲ၊ ကုန်ဈေးတွေ ထောင်




တက်လာမှာပဲ။ လက်တွေ့လည်း ဖြစ်ခဲ့ ဖြစ်ဆဲ။

ဒီနေရာမှာ တခုရှိတာက ငွေသားတွေ ရိုက်ထုတ်သလောက် ကုန်ထုတ်လုပ်ငန်းတွေက တန်ဖိုးအသစ်တွေ လိုက်ဖန်တီးပေးနိုင်ရင်တော့ အခြေအနေတမျိုး ဖြစ်ပါလိမ့်မယ်။ ဒီကနေ့ ဗမာပြည် စစ်အာဏာရှင်များကတော့ ဒါနဲ့ပြောင်းပြန်လုပ်ပြီး လူထုကို ဒုက္ခအကြီးအကျယ် ပေးနေပါတယ်။ ဗမာပြည်ရဲ့ ပင်မစီးပွားရေးတခုဖြစ်တဲ့ ကျေးလက်ဒေသတခုလုံး ပြာပုံအတိဖြစ်သွားအောင် မီးရှို့ဖျက်စီးထားတော့ မြေယာကုန်ထုတ်လုပ်ငန်းတွေ မလည်ပတ်နိုင်ဘူး။ အာဏာရှင် လက်ပါးစေ စစ်တပ်က တရွာဝင်တရွာထွက် အကုန်ရှို့၊ အကုန်လု၊ အကုန်သတ် ဆိုတော့ တန်ဖိုးအသစ်တွေ ဖန်တီးနိုင်ဖို့ ဝေးစွ၊ နဂိုဖန်တီးပြီးသား တန်ဖိုးတွေပါ ပျက်စီးဆုံးရှုံးသွားရတယ်။ အသတ်ခံ၊ အဖမ်းခံရသူတွေ၊ စစ်ပြေးရသူတွေ၊ တနယ်တကျေးမက တနိုင်ငံမြိုင်ယံခြား

## ဗမာပြည်ရဲ့ပင်မစီးပွားရေးတခုဖြစ်တဲ့ ကျေးလက်ဒေသတခုလုံးပြာပုံအတိ ဖြစ်သွားအောင် မီးရှို့ဖျက်စီးထားတော့ မြေယာကုန်ထုတ်လုပ်ငန်းတွေ မလည်ပတ်နိုင်ဘူး။

ပြေးရသူတွေ အမြောက်အမြား ဖြစ်လာတဲ့အခါ တန်ဖိုးအသစ်တွေ ဖန်တီးပေးနိုင်တဲ့ လုပ်အားစွမ်းပကားတွေ အမြောက်အမြား ဆုံးရှုံးရပြန်တယ်။

ဒီတော့ လူ့အဖွဲ့အစည်းရဲ့ အသားတင်ထုတ်ကုန် တန်းဖိုးတွေက တိုးမလာဘဲ ထိုးကျနေချိန် ဖြစ်တယ်၊ ဒီအချိန်မှာ ငွေသားတွေ ရိုက်ထုတ်တဲ့ အစိုးရလောက် မိုက်မဲရူးသွပ်သူမျိုး ဘယ်မှာလိုက်ရှာလို့ တွေ့ပါ့မလဲ။ ဒီအရူးမျိုးက အုပ်စိုးသူအရင်းရှင် လူတန်းစား ကိုယ်စားလှယ်တော်ဖြစ်နေတာ ထောက်ရှုပြီး အရင်းရှင်စနစ် အကြပ်အတည်း ဘယ့်ကလောက်သည်းထန်နေသလဲ သိနိုင်တယ်။

တန်ဖိုးတွေ (ဆိုလိုတာက ရောင်းကုန်တွေ ) ထုတ်လုပ်နေခြင်း မရှိဘဲ အရင်းအနေနဲ့ လည်ပတ်စီးဆင်းနေတဲ့ ငွေတွေ (ထွင်တားတဲ့ အရင်းတွေ) ထွက်ပေါ်လာတယ်။

ထွင်ထားတဲ့ အရင်းလို့ ဆိုရာမှာ ပုံစံအမျိုးမျိုး ရှိနိုင်တယ်။ အစိုးရတွေ ထုတ်ရောင်းလိုက်တဲ့ ဘွန်း(ဒ်) ခေါ် ငွေချေးစာချုပ်တွေ၊ စတော့(ခ်)တွေ ၊ ရှယ်ယာတွေ၊ စသဖြင့် ပုံစံအမျိုးမျိုး ဖြစ်နိုင်တယ်။ တန်ဖိုး ထုတ်လုပ်ခြင်း မရှိတဲ့ ပရောဂျက်တွေ (ဥပမာ၊ စစ်လက်နက် ထုတ်လုပ်ခြင်း) မှာ အစိုးရမင်းများ သုံးလိုက်တဲ့ ငွေကြေးတွေဟာ လည်း ထွင်ထားတဲ့ အရင်းပုံစံတမျိုးပါပဲ။

မြန်မာနောင်း သတင်းဌာနရဲ့ ဖော်ပြချက်အရ မင်းအောင်လှိုင် အာဏာသိမ်း စစ်အစိုးရဟာ ဘွန်း(ဒ်)ရောင်းရငွေ ကျပ်ဘီလျံ ၁၇၈၀၀ ရှိသတဲ့ ။

“စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ငွေတိုက်ဦးစီးဌာန၏ စာရင်းများအရ ၂၀၂၂ ခုနှစ် ဧပြီလမှ ယခုနှစ် ဇူလိုင်လအထိ စစ်ကောင်စီက ငွေတိုက်စာချုပ်နှင့် ငွေတိုက်လက်မှတ် လေလံတင်ရောင်းချပွဲ ၄၆ ကြိမ် ပြုလုပ်ခဲ့ကာ စုစုပေါင်း ကျပ် ၁၇ ဒသမ ၈ ထရီလျံဖိုး (ကျပ်ဘီလျံ ၁၇,၈၀၀) ရောင်းချနိုင်ခဲ့သည်။” [ မြန်မာနောင်း - https://myanmar-now.org/mm/news/39647/?fbclid=IwAR2lsyf9MgVxx-KA0DCi4f9PHbn8P-BikX-2vWa-konAuFtN-FHIze7jnF7ik]

ဒီငွေတွေဟာ ဘာတန်ဖိုးမှ မဖန်တီးဘဲ စက္ကူစုတ်စာချုပ်ကနေ ရလာတဲ့ fictitious capital ထွင်ထားတဲ့ အရင်းငွေ ပုံစံတမျိုးပါပဲ။ ဒါရဲ့ အကျိုးဆက်က တိုင်းပြည် အကြွေးနွံနစ်စေတယ် ။ စစ်အာဏာသိမ်း စစ်တပ်က ပြည်သူတွေကို သတ်ဖြတ်ရာမှာ ဒီငွေတွေကို စစ်လက်နက်ဖိုး အနေနဲ့ သုံးစွဲပြန်တယ်။ ထွင်ထားတဲ့ အရင်းငွေ တွေဖြစ်လို့ ကျပ်ငွေတန်ဖိုး ကျသထက်ကျစေ

တယ်။ ကုန်ဈေးတွေ ထိုးတက်ပြီး လူထု စား ဝတ်နေရေး ကြပ်တည်းသထက် ကြပ်တည်းစေ တယ်။

အဲဒီလို ဘာတန်ဖိုးမှ ထုတ်လုပ်ခြင်း မရှိ တဲ့'ထွင်ထားသော အရင်း'နဲ့ ကုန်လုပ်ပစ္စည်းတွေ၊ လုပ်အားတွေ ဝယ်ယူဖို့ သုံးစွဲလိုက်တဲ့ 'ကုန်ထုတ် အရင်း'ဆိုပြီး မာ့(က်စ်)က ခွဲခြားပြခဲ့တယ်။

'ပိုလျှံသော တန်ဖိုး' ရရှိအောင် ကုန်ထုတ် အရင်းကို လုပ်အားခတွေ ပေးချေဖို့၊ ကုန်ကြမ်း တွေ၊ စက်တွေ ဝယ်ယူဖို့ အမှန်တကယ် ရင်းနှီး မြှုပ်နှံလိုက်ပေမယ့် ထွင်ထားတဲ့အရင်းကိုကျ အဲဒီလို ကုန်ထုတ်လုပ်ရေးမှာ သုံးစွဲတာမျိုး မရှိ ဘူး။ ဒီလို ကုန်ထုတ်လုပ်ရေးမှာ မရင်းနှီးခဲ့ဘဲ ထွက်လာတဲ့ အမြတ်ထဲကနေ ဝေစုလာခွဲတယ်။

ဒီအချက်ကို နည်းနည်း အကျယ်ချဲ့ ဆွေးနွေးကြည့်ပါမယ်။ အလုပ်သမား လူတန်းစား က လုပ်အားကို ရောင်းလို့ရလာတဲ့ လုပ်ခလစာ ကနေထမင်းစားတယ်။ အရင်းရှင် လူတန်းစားကျ ဘယ်ကနေ ထမင်းစားသလဲ။ သူတို့လုပ်အား ရောင်းပြီး ထမင်းမစားတာတော့ သေချာတယ်။ အရင်းရှင် လူတန်းစားတရပ်လုံး သုံးနေ ဖြုန်းနေ တာတွေ အားလုံး သူတို့ရရှိနေတဲ့ အမြတ်ကနေ လာပါတယ်။ အဲဒီအမြတ်ဆိုတာတွေ ဘယ်က ရ လာသလဲ။ အပေါ်မှာ ဆွေးနွေးခဲ့သလိုပဲ၊ အလုပ်သမား လူတန်းစားရဲ့ unpaid labor က နေလာတယ်။

ဘာ့ကြောင့် unpaid labor လို့ ပြောရသ လဲ။ အရင်းရှင်တွေ အလုပ်သမားဆီက ဝယ်လိုက် တာ လုပ်အား (labor power) သာ ဖြစ်တယ်၊ labor ခေါ် အလုပ် မဟုတ်ဘူးလို့ ဆိုခဲ့တယ်။ အရင်း ရှင်ဟာ သူဝယ်လိုက်တဲ့ လုပ်အားအတွက် လုပ်ခ လစာ ပေးချေရတယ်။ သူပေးချေလိုက်ရတဲ့ လုပ်အားခက ၆၀၀၀ ကျပ် ဆိုပါစို့။ အလုပ်သမား ဆီက ဝယ်ယူထားတဲ့ လုပ်အားကို အသုံးချပြီး ကုန်ထုတ်လိုက်လို့ ၂ နာရီအတွင်း ၆၀၀၀ ကျပ်နဲ့ ညီမျှတဲ့ တန်ဖိုးအသစ်တွေ ထုတ်လုပ်နိုင်တယ် ဆိုပါတော့။

ဒါဆိုရင် ဒီ ၂နာရီထက်ကျော်ပြီး ခိုင်းသမျှ အလုပ်ချိန်တွေအတွက် အရင်းရှင်က တပြားမှ ထပ်ပေးစရာမလိုတော့ဘူး။ ဘာ့ကြောင့် မလို သလဲဆိုတော့ labor ကို သူဝယ်ခဲ့တာ မဟုတ်ဘူး ၊ labor power ဆိုတဲ့ ရောင်းကုန်ကို ဝယ်ခဲ့တာမို့ ပဲ။ သူက တရက်စာ ဝယ်ထားတယ် ဆိုပါတော့။ အဲဒီတရက်စာအတွင်း သူဝယ်ထားတဲ့ ရောင်း ကုန်ကို အသုံးပြုတာ ဖြစ်လို့ ၂နာရီ အသုံးပြုရုံနဲ့ သူ့အရင်းကျေသွားလည်း သူဝယ်ထားတဲ့ အချိန်ပြည့်တဲ့အထိ ဆက်ခိုင်းမှာပဲ။

ဒီလို အရင်းကျေတဲ့နောက် ဆက်ခိုင်းတဲ့ အလုပ်ချိန်တွေကို surplus labor လို့ ခေါ်ပါတယ် ။ အခု ဥပမာအရဆို ၂ နာရီနောက်ပိုင်း ဆက်ခိုင်း သမျှဟာ surplus labor ပဲ။ အဲဒီတရက်မှာ ဆယ် နာရီ အလုပ်ဆင်းလိုက်ရတယ် ဆိုပါစို့။ ဒါဆိုရင် ' ပိုလျှံသော အလုပ်'က ၈ နာရီစာ ဖြစ်သွားမယ်။ ဒီ၈နာရီအတွင်း ဖန်တီးပေးလိုက်တဲ့ တန်ဖိုးတွေ ကို 'ပိုလျှံသော တန်ဖိုး' (surplus value) လို့ ခေါ် တယ်။

အရင်းရှင် စိုက်ထုတ်ထားတဲ့ လုပ်အားခ ၆၀၀၀ ဖိုးထက် ကျော်လွန်ပြီး ဖန်တီးပေးလိုက် တဲ့ တန်ဖိုးတွေမို့ 'ပိုလျှံသော တန်ဖိုး'လို့ ခေါ်တာ ပါ။ အဲဒီ ပိုလျှံသော တန်ဖိုးတွေ ဖန်တီးနိုင်ဖို့ အရင်းရှင်က အလုပ်သမားကို လုပ်အားခ ထပ်မ ပေးဘဲ ခိုင်းလိုက်ရတာမို့ unpaid labor လို့ ခေါ် တာ။ အရင်းရှင်တွေ ရရှိတဲ့ အမြတ်ဆိုတာ အဲဒီ ပိုလျှံသော တန်ဖိုးကနေ လာတာ။ ဒါ့ကြောင့် အရင်းရှင် လူတန်းစား စံစားနေရတဲ့ အမြတ်တွေ ဟာ အလုပ်သမား လူတန်းစားရဲ့ unpaid labor

ကနေ ထွက်ပေါ်လာတာလို့ ဆိုခဲ့ခြင်း ဖြစ်တယ်။

ဒါပေမယ့် ဒီလို အမြတ်ထွက်ဖို့ဆိုရင် အရင်းရှင် လူတန်းစားဟာ အလုပ်သမား လူတန်းစားရဲ့ လုပ်အားကို ဝယ်ရမယ်၊ ကုန်လုပ်ပစ္စည်းတွေ ဝယ်ရမယ်။ သူတို့ရဲ့ အရင်းငွေကြေးကို ဒီလိုကုန်ထုတ်လုပ်ရေးမှာ ရင်းနှီးမြှုပ်နှံခြင်း လုပ်ခဲ့မှသာ အလုပ်သမား လူတန်းစားရဲ့ unpaid labor ကနေ ပိုလျှံသော တန်ဖိုးတွေ ထုတ်ယူနိုင်မယ်၊ အမြတ်တွေ ရလာနိုင်မယ်။

ပြဿနာက ဒီကနေ့ အရင်းရှင် အတော်များများဟာ အဲဒီလို ကုန်ထုတ်လုပ်ရေးမှာ ရင်းနှီးမြှုပ်နှံတာမျိုးတောင် မလုပ်တော့ဘဲ လွယ်လွယ်နဲ့ အမြတ်ရချင်လာတယ်။ ရောင်းကုန်ပစ္စည်းတွေ အမှန်တကယ် ထုတ်လုပ်နေခြင်း မရှိဘဲ ငွေရင်းကနေ ငွေထပ်ပွားတာမျိုးကို ပိုမက်မောလာတယ်။ အဲဒီလို ထွင်ထားတဲ့ အရင်းငွေတွေ ကိုင်ပြီး အမြတ်ဝေစုကို သူတို့လည်း ဆိုင်တယ်၊ ပိုင်တယ် လုပ်လာကြတယ်။

နပိုလီယံ စစ်ပွဲတွေနောက်ပိုင်း တွင်ကျယ်လာတဲ့ ရွှေစံနှုန်းဆိုတာ ရှိတယ်။ စစ်ပွဲကာလတွေမှာ ငွေကြေးဖောင်းပွ၊ ကုန်ဈေးတွေကြီး၊ အစိုးရကြွေးမြီတွေများလာ။ ဒီအချက်တွေကြောင့် ရွှေကို စံအနေနဲ့ သတ်မှတ်ခဲ့ရတာ။ လည်ပတ်စီးဆင်းနေတဲ့ ငွေစက္ကူ တိုကင်တွေကို ရွှေလို တန်ဖိုးအစစ်ရှိတဲ့ သတ္တုအခြေခံ ရုပ်ပစ္စည်းနဲ့ တွဲနှောင်ထားခဲ့ကြတယ်။

ဒီလို ရွှေနဲ့ပူးချည်ထားခြင်းဟာ စီးဆင်းနေတဲ့ ငွေစက္ကူပမာဏကို လည်ပတ်နေတဲ့ တန်ဖိုး (ရောင်းကုန်) ပမာဏနဲ့ သီးခြားကင်းလွတ်မသွားအောင် ကာကွယ်ပေးတယ်။

ဒါပေမယ့် ပထမကမ္ဘာစစ်အတွင်းမှာ ရွှေစံနှုန်း ပျက်သွားတယ်။ ဒီနောက် Great Depression ခေါ် ကမ္ဘာ့စီးပွားပျက်ကပ်ကာလမှာ ထပ်ဖြစ်တယ်။ ဒီအခါ ရွှေနဲ့ပူးချည်ထားတုန်းက အကန့်အသတ်မျိုး မရှိတော့ဘူး။ တန်ဖိုးက တိုးမလာဘဲ စီးဆင်းနေတဲ့ ငွေစက္ကူပမာဏ တိုးချင်သလို တိုးတာမျိုး လုပ်လို့ရသွားတယ်။ ဒီနောက် ဒုတိယကမ္ဘာစစ် အဆုံးသတ်မှာ ဘရက်တန် ဝု(ဒ်စ်) ငွေကြေးစနစ် ပေါ်လာခဲ့တယ်။ ၁၉၇၁ ခုနှစ်အထိ ဒီစနစ်ကို ကျင့်သုံးခဲ့ကြတယ်။

ဘရက်တန်ဝု(ဒ်စ်) ငွေကြေး အစီအစဉ်အောက်မှာ နိုင်ငံတွေရဲ့ ငွေကြေးတွေကို ရွှေနဲ့ပူးချည်ထားတာမျိုး မဟုတ်ဘဲ အမေရိကန် ဒေါ်လာနဲ့ ပူးချည်ထားခဲ့တာ ဖြစ်တယ်။ အမေရိကန်ဒေါ်လာကိုမှ ရွှေနဲ့ တဆင့်ပြန်ချည်ထားခဲ့တာ။ ရွှေတအောင်စကို ၃၅ ဒေါ်လာလို့ သတ်မှတ်ထားခဲ့တယ်။

ဒုတိယကမ္ဘာစစ်အပြီး အမေရိကန် အရင်းရှင်စနစ်က အင်အားကြီးထွားလာလို့ အခုလို လုပ်နိုင်ခဲ့တာပါ။ အမေရိကန် အရင်းရှင် နယ်ချဲ့စနစ်ဘယ့်လောက် အင်အားတောင့်တင်းလာသလဲဆိုရင် ကမ္ဘာ့ရွှေချောင်းအားလုံးရဲ့ သုံးပုံနှစ်ပုံက Fort Knox မှာ ရှိနေခဲ့တယ်။ တနည်းပြောရရင် 'ဒေါ်လာရွှေခေတ်' ဖြစ်နေတဲ့ နှစ်ကာလများ။

ဒါပေမယ့် နောက်ပိုင်း ဆယ်စုနှစ်တွေမှာတော့ အမေရိကန် အရင်းရှင်နယ်ချဲ့စနစ်လည်း အရှိန်နဲ့စာရင် အင်အား ဆုတ်ယုတ်လာတယ်။ ဆင်ပိန်ကျွဲလောက် ဆိုပေမယ့် ဒေါ်လာလည်း အရင်လို မဟုတ်တော့။ အမေရိကန်ရဲ့ ပြည်ပငွေပေးငွေယူ ရှင်းတမ်းမှာ လိုငွေပြလာခဲ့တယ်။ ကမ္ဘာ့ပုလိပ်ကြီး လုပ်လာတဲ့ အမေရိကန် နယ်ချဲ့စနစ်ဟာ စစ်လက်နက်ဖိုးတွေ အလုံးအရင်း သုံးခဲ့တယ်၊ ဒီတော့ ဒေါ်လာကို အားပျော့စေမယ့် ဖောင်းပွရေး အင်အားတွေ မွေးဖွားပေးလိုက်တယ်။

ဒီလိုနဲ့ ရွှေတအောင်စ ၃၅ ဒေါ်လာ လုပ်

ထားတဲ့ အခြေအနေကို ဆက်မထိန်းနိုင်တဲ့အဆုံး ဘရက်တန်ဝုဒ်(ဒ်စ်) သဘောတူညီမှုလည်း ဆုတ်ဖြဲပစ်ခဲ့ရတယ်။ ရွှေလောက်ကောင်းသော ဒေါ်လာနဲ့ ချိတ်တွယ်ထားတဲ့ ကျောက်ဆူးကိုလည်း ဖြုတ်လိုက်ရော၊ *'ပေါ်လော' ငွေစက္ကူများရဲ့ ခေတ်* မွေးဖွားလာတော့တယ်။ (ပေါ်လော ငွေစက္ကူဆိုတာ အထက်တနေရာမှာ တင်ပြခဲ့တဲ့ floating or fiat ငွေကြေးတွေကို ပြောတာပါ)။

ဒီနောက်တော့ အာဏာပိုင် အစိုးရတွေနဲ့ ဗဟိုဘဏ်တွေဟာ ဘာအချုပ်အနှောင်မှ မရှိဘဲ ငွေစက္ကူတွေ ရိုက်ချင်သလို ရိုက်လို့ရသွားတယ်။ ကိန်းဝါဒီတွေကတော့ ဒီအချက်ကို အထူးအခွင့်အာဏာတရပ်လို ပြီးခဲ့တဲ့ ရာစုတလျှောက် အပြည့်အဝ အသုံးပြုသွားကြတယ်။ ဒီလိုလုပ်ရင်း အရင်းရှင်စနစ်အတွင်း ငွေကြေးဖောင်းပွစေနိုင်တဲ့ ဖိအားတွေ ကြောက်စရာကောင်းလောက်အောင် သွတ်သွင်းသွားကြတယ်။

## ကိန်း(စ်)ဝါဒရဲ့ အကန့်အသတ်များ

ကိန်း(စ်)ကိုယ်တိုင်ကတော့ ငွေကြေးဖောင်းပွခြင်းကို ကြိုက်လှသူ မဟုတ်ပါဘူး။ ကိန်း(စ်)က တိုးချဲ့ရေး အစီအမံတွေကို မတတ်သာလို့ သုံးလိုက်ရတဲ့ မကောင်းမှုတခုလို့ပဲ ကိန်း(စ်) မြင်ခဲ့တယ်။ ဒီလိုမှ မလုပ်ရင် ပျက်ကပ်ဆိုက်သွားနိုင်လို့ အရင်းရှင်စနစ်ကို ကယ်တင်ဖို့ရာ ရွေးချယ်လိုက်ရတဲ့သဘော။

ငွေကြေးဖောင်းပွမှုကို ဘယ်လို တိုက်မလဲ ဆိုတဲ့အချက်မှာ ကိန်း(စ်)နဲ့ ငွေကြေးထိန်းချုပ်ရေးဝါဒီတွေ အဓိက ကွဲသွားတာပါ။ ငွေကြေးထိန်းချုပ်ရေးဝါဒီတွေက ငွေကြေး supply ထိန်းချုပ်ရေးကို အဓိကဇောင်းပေးတယ်။ ကိန်း(စ်)က ဝယ်လိုအားဘက်ကို အဓိကထား ကိုင်ချင်တယ်။ ကိန်း(စ်)နည်းက အလုပ်သမားထုရဲ့ လုပ်ခလစာကို ကန့်သတ်ပြီး ဝယ်လိုအား လျှော့ချရေးပါပဲ။

ဥပမာ၊ ကမ္ဘာ့စီးပွားပျက်ကပ်ကာလမှာ 'demand' တက်လာအောင် အစိုးရ အသုံးစရိတ် တိုးမြှင့်ဖို့ ကိန်း(စ်) ရှေ့နေလိုက်ခဲ့တယ်။ ဒါပေမယ့် ဒုတိယကမ္ဘာစစ်ကာလကျ ဝယ်လိုအားကျပြီး ကုန်ဈေးနှုန်းပါ လိုက်ကျအောင် "လုပ်အားခအချိန်ဆိုင်းပေးတဲ့" ပေါ်လစီကို ထောက်ခံခဲ့တယ် ။

ဒါပေမယ့် ဒီကနေ့ ကိန်း(စ်)ဝါဒ ပေါ်လစီတွေ (ဝယ်လိုအား တက်လာအောင်/ ကျမသွားအောင် အစိုးရက ဘတ်ဂျက်လိုငွေအပြခံပြီး ကြွေးမြီအတင်ခံပြီး အသုံးစရိတ်တွေ တိုးမြှင့်သုံးစွဲလိုက်တယ်။ ဒီလိုနည်းနဲ့ စီးပွားရေး ပြန်ဦးမော့လာဖို့ ရည်ရွယ်တယ်) က ငွေကြေးဖောင်းပွမှုနဲ့ အနက်တူ ဖြစ်နေပြီ။ ကိန်း(စ်)ရဲ့ ခေတ်သစ် တပည့်တပန်းတွေထဲမှာ လက်ဝဲပြုပြင်ရေးဝါဒီတွေတောင် ပါလိုက်သေး။ အဲဒီ ကိန်း(စ်)ဝါဒီတွေက သူတို့ရှေ့နေလိုက်ပြောနေတဲ့ အစီအမံတွေထဲမှာ ငွေကြေးဖောင်းပွမှု ဖြစ်စေနိုင်တဲ့ အန္တရာယ်တွေ ကိန်းအောင်းနေလည်း အမှုထားပုံမရဘူး။

မဝေးသေးတဲ့ ဆယ်စုနှစ်တွေတုန်းက အုပ်စိုးသူ လူတန်းစားကလည်း ခပ်ပေါ့ပေါ့ပဲ။ ငွေကြေးဖောင်းပွမှုဆိုတာ အတိတ်မှာပဲ ကျန်ခဲ့တဲ့အရာလိုလို သဘောထားခဲ့ကြတယ်။ စီးပွားရေး ကောင်းနေချိန်မှာတော့ ပေါပေါလောလော ခရက်ဒစ်တွေ၊ ထွင်ထားတဲ့ အရင်းနဲ့ ပေါလော ငွေစက္ကူတွေကြောင့် ဖြစ်လာနိုင်တဲ့ အန္တရာယ်တွေကို အလေးမထားခဲ့ကြဘူး။ ဒီနောက် အရင်းရှင်စနစ် အကြပ်ဆိုက်လာချိန်ကျ မျက်တောင်မွေးတဆုံးပဲ ကြည့်လုပ်ကြပြန်တယ်။

ရေရှည်မှာ ဒီထက်ပိုဆိုးမယ့် အကြပ်အတည်းတခုကို ကြိုပြင်ပေးနေမှန်း မစဉ်းစားနိုင်တော့ဘူး။

ကိုဗစ်ကပ်အတွင်း အုပ်စိုးသူ လူတန်းစားရဲ့ ကိန်း(စ်)နည်းလမ်းတွေဟာ ငွေကြေးဖောင်းပွမှုကို မီးလောင်ရာ လေပင့် လုပ်ပေးခဲ့ကြတယ်။ ကမ္ဘာ့စီးပွားရေးအတွင်း ထွင်ထားတဲ့ အရင်းတွေဒလဟော လောင်းထည့်ခဲ့ကြတယ်။

ကိုရိုနာ ဗိုင်းရပ်(စ်) ပြန့်ပွားသွားချိန် လူ့အဖွဲ့အစည်းက လော့ခ်ဒေါင်းကျပြီး ကုန်ထုတ်လုပ်ငန်းတွေ ရပ်ဆိုင်းကုန်တယ်။ ကမ္ဘာ့စီးပွားရေး ကျဆင်းသွားခဲ့တယ်။ ဒီအခါ မကြုံစဖူး များပြားလှတဲ့ အစိုးရဘဏ္ဍာတွေ ထုတ်သုံးပြီး အုပ်စိုးသူ လူတန်းစားက ကြားဝင်ဆောင်ရွက်ခဲ့တယ်။ အရင်းရှင်စနစ် ပေါက်ကွဲထွက်သွားမှာကို သေလုအောင် ကြောက်ကြတာကိုး။

၂၀၂၂ ခု၊ ဇူလိုင်လအထိ အချက်အလက်တွေအရ အစိုးရတွေ စိုက်သုံးခဲ့တဲ့ ဘဏ္ဍာငွေအထောက်အပံ့ဟာ အမေရိကန်ဒေါ်လာ ၁၆ ထရီလီယံ ရှိခဲ့တယ်။ အဲဒီလောက်နဲ့လည်း ရပ်မသွားခဲ့ပါဘူး။ ဗဟိုဘဏ်တွေကနေ ငွေသားတွေ ထပ်ရိုက်ပြီး နောက်ထပ် ဒေါ်လာ ၁၀ ထရီလီယံ ပံ့ပိုးပေးခဲ့ကြတယ်။

အရင်းရှင်စနစ် ပြိုကျသွားနိုင်တဲ့ အန္တရာယ်ကျရောက်လာတိုင်း အစိုးရတွေက ဒီလို ကြားဝင်ဆောင်ရွက်နေကျ ဖြစ်ပါတယ်။ ပြည်သူ့ အကြွေးမြီ မြင့်တက်လာမှာ၊ ငွေကြေးဖောင်းပွမှု ဖြစ်လာမှာတွေ သူတို့ ထည့်မစဉ်းစားနိုင်ဘူး။

အမေရိကမှာတင် ကိုဗစ်ကပ်နဲ့ ဆက်စပ်ပြီး စီးပွားရေး လှုံ့ဆော်ဖို့ အစိုးရ ကြားဝင်ထောက်ပံ့ငွေ စုစုပေါင်းဟာ ဂျီဒီပီရဲ့ ၂၅% ရှိခဲ့တယ်။ ကမ္ဘာ့အချမ်းသာဆုံး တိုင်းပြည်တခု တနှစ်အတွင်း ထုတ်နိုင်သမျှ တန်ဖိုးအားလုံးရဲ့ လေးပုံတပုံ သုံးစွဲခဲ့တဲ့သဘော။ ငွေရိုက်စက်တွေလည်ပတ်နေချိန်မှာပဲ ထိပ်သီး အရင်းရှင်တိုင်းပြည်တွေရဲ့ ဗဟိုဘဏ်တွေမှာ အစိုးရ ကြွေးမြီတွေကို တနင့်တပိုး ထမ်းထားရပြီ။

ယူကေနဲ့ ဥရောပမှာ ကိုဗစ်ကာလ အစိုးရထောက်ပံ့ငွေအချို့ဟာ အလုပ်နားထားရတဲ့ အလုပ်သမားတွေ လုပ်ခလစာ ပံ့ပိုးဖို့ သုံးခဲ့တာ ရှိပါရဲ့။ ဒါပေမယ့် ဒီငွေတွေဟာ စီးပွားရေး ပြန်

Image- Socialist Appeal



လှုပ်ရှားအောင် မလုပ်နိုင်ခဲ့ပါဘူး။ အဲ့လိုက်ကျင်းလိုက် အလုပ်လက်မဲ့ ဖြစ်သွားရင် ဒလဟော ကျဆင်းသွားမယ့် ဝယ်လိုအားကို ကျားကန်ပေးရုံပဲ တတ်နိုင်တယ်။

အမေရိကမှာတော့ အစိုးရက ဒေါ်လာ ၂၅၀ ဘီလျံတန် ကိုရိုနာချက်(ခ်)တွေကို သန်းနဲ့ချီသော အိမ်ထောင်စုတွေဆီ ပို့ပေးခဲ့တယ်။ ဝယ်ယူစားသုံးနိုင်စွမ်း တက်လာအောင် အစိုးရက ကြားဝင်ကြိုးပမ်းချက် တခုပါပဲ။

ဒါပေမယ့် ခရီးသွားဝန်ဆောင်မှု လုပ်ငန်းတွေ အပါအဝင် စီးပွားရေး လုပ်ငန်းအတော်များများ တံ့ဆိုင်းနေချိန်မှာ ဒီငွေတွေ အများစုကို မသုံးဖြစ်ကြပါဘူး။ အမေရိကန် စစ်တမ်းတခုအရဆိုရင် ၄၂% ကို သုံးစွဲခဲ့တယ်၊ ၂၇%ကို စုမိတယ်၊ ကျန် ၃၁% ကို အကြွေးပြန်ဆပ်ဖို့ သုံးလိုက်ရတယ်။

အကျိုးဆက်က ကိုဗစ်ကန့်သတ်ချက်တွေ ဖယ်ရှားလိုက်ချိန်မှာ ချုပ်တည်းထားရတဲ့ ဝယ်လိုအားတွေ ဈေးကွက်ထဲ ပွင့်ထွက်လာတယ်။

စီးပွားရေး လှုံ့ဆော်ဖို့ အစိုးရများ သုံးထားတဲ့ ငွေတွေ၊ ဗဟိုဘဏ်တွေက quantitative easing ဆိုပြီး ရိုက်ထုတ်ထားတဲ့ ငွေတွေနဲ့ ကိုဗစ်ကာလ မသုံးခဲ့ရဘဲ စုမိနေတဲ့ အိမ်ထောင်စုအလိုက် ငွေတွေ ပေါင်းလိုက်ရင် အလွန်များတဲ့ ငွေကြေး supply ဖြစ်ပါတယ်။ တဆက်တည်းမှာ ကိုဗစ်အလွန် စားသုံးသူ ဝယ်လိုအားလည်း တက်လာခဲ့တယ်။ ဒါပေမယ့် ကုန်ထုတ်လုပ်မှုတွေက ကပ်ဘေးဆိုင်ရာ ရပ်နားမှုတွေ၊ ပြတ်တောက်မှုတွေကြောင့် အလျင်မီအောင် မလိုက်နိုင်ဘူး။ ဒါကိုက အရင်းရှင် ကုန်ထုတ်လုပ်ရေးနဲ့ ဈေးကွက်ရဲ့ အနာခီဖြစ်မှုကို ထင်ဟပ်နေတဲ့ အချက်ပါပဲ။ တနည်းဆိုရရင် ကမ္ဘာ့စီးပွားရေးမှာ စီးဆင်းနေတဲ့ တန်ဖိုးတွေ (ရောင်းကုန်တွေ) ကျဆင်းသွားခဲ့တယ်၊ ဒါပေမယ့် လှည့်လည် စီးဆင်းနေတဲ့ ငွေပမာဏကျ အများကြီး တိုးလာတယ်။ ဒီအခါ အထွေထွေ ကုန်ဈေးတွေ တက်လာတာပါပဲ။

ကျပ်နဲ့ယှဉ်ရင် ဒေါ်လာဈေးတွေ ထောင်တက်နေတာကြည့်ပြီး အမေရိကမှာ ငွေကြေးဖောင်းပွမှု မရှိဘူး ထင်တတ်ကြတယ်။ အမေရိကနဲ့ ဥရောပက ထိပ်သီးအရင်းရှင် နိုင်ငံကြီးတွေမှာလည်း ငွေကြေးဖောင်းပွမှုက နှစ် ၄၀ အတွင်း အမြင့်ဆုံး အခြေအနေ ရောက်ခဲ့တယ်။ ဗြိတိန်ဆိုရင် ၁၀% ကျော်တယ်။ အမေရိကမှာလည်း ၈.၅% ရှိခဲ့တယ်။ အစပိုင်းမှာ ငွေကြေးဖောင်းပွမှုကို ယာယီပဲလို့ အရင်းရှင်

**ကျပ်နဲ့ယှဉ်ရင် ဒေါ်လာဈေးတွေ ထောင်တက်နေတာကြည့်ပြီး အမေရိကမှာ ငွေကြေးဖောင်းပွမှု မရှိဘူး ထင်တတ်ကြတယ်။ အမေရိကနဲ့ ဥရောပက ထိပ်သီးအရင်းရှင် နိုင်ငံကြီးတွေမှာလည်း ငွေကြေးဖောင်းပွမှုက နှစ်၄၀ အတွင်း အမြင့်ဆုံး အခြေအနေ ရောက်ခဲ့တယ်။**

ဘောဂဗေဒသမားတွေ ယူဆခဲ့ကြတယ်။ တကယ်တမ်းကျ အခုထိ ကျသွားမယ့် အရိပ်အယောင် မတွေ့ရဘူး။

ငွေကြေးဖောင်းပွမှုက ဗမာပြည်မှာ သူတို့ထက် အဆမတန် ပိုဆိုးတာ အမှန်ပဲ။ ဒါပေမယ့် ငွေကြေးဖောင်းပွမှု အပါအဝင် အရင်းရှင်စနစ် အကြပ်အတည်းဟာ ကမ္ဘာ့ အရင်းရှင်စနစ်တခုလုံးရဲ့ organic crisis ဖြစ်တယ်။ ဒီအချက်ကို မျက်ခြည်ပြတ်လို့ မရဘူး။

တချို့က ငါတို့အာဏာရလာရင် အရင်းရှင်စနစ်ကို manage လုပ်နိုင်မယ်လို့ စိတ်ကူးယဉ်နေကြဆဲ ဖြစ်လို့ အခုလို သတိပေးနေရတာပါ။ အရင်းရှင်စနစ်ကို ကယ်တင်ဖို့၊ manage လုပ်ဖို့ ကြိုးပမ်းတဲ့ ကိန်း(စ်)ဝါဒ နည်းလမ်းတွေကြောင့် လက်ရှိ အရင်းရှင် ကမ္ဘာမှာ ဘယ်လိုဖြစ်နေသလဲ တချက်ကြည့်ပါ။ ရေတိုမှာ အရင်းရှင်စနစ်ကို ကယ်တင်ဖို့ လုပ်လိုက်တာတွေက ရေရှည်မှာ ကမ္ဘာ့အရင်းရှင်စနစ်ရဲ့ အတွင်းပဋိပက္ခတွေကို ပိုပြင်းထန်စေခဲ့တယ်။ ဈေးတွေ ထောင်တက်၊ ကြွေးတွေ တောင်လိုပုံပြီး ကမ္ဘာ့ဈေးကွက်အတွင်း မငြိမ်မသက် အလှုပ်အခပ်တွေ ပိုများသွားစေတယ်။

စစ်အာဏာရှင်စနစ် လည်မြို့တက်နင်းတာ ခံနေတဲ့ ဗမာပြည်မှာ ထူးခြားချက်တွေ ရှိတာ မှန်ပေမယ့် အထက်မှာ ဆွေးနွေးခဲ့တဲ့ ရှင်းပြချက်တွေနဲ့ ကင်းလွတ်မနေဘူးဆိုတာ မြင်နိုင်ပါတယ်။

၂၀၂၀ အာဏာမသိမ်းခင် ကိုဗစ်ကာလမှာ စီးပွားရေး လုပ်ငန်းတွေ တုံ့ဆိုင်းသွားခဲ့တယ်။ အလုပ်လက်မဲ့တွေ ပိုများလာတယ်။ ၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက် အခြေအနေက အားလုံးသိတဲ့အတိုင်းပဲ။ စီးပွားရေးတခုလုံး ရပ်ဆိုင်းသွားခဲ့တယ်။ ၂၁ခုနှစ်မှာ ဗမာ့စီးပွားရေး ၁၈% အနှုတ်ပြခဲ့တယ်။ အနှုတ်မပြတဲ့ နိုင်ငံတွေတောင် လည်ပတ်စီးဆင်းနေတဲ့ တန်ဖိုး ကျဆင်းသွားရင် အနှုတ် ၁၈% ပြခဲ့တဲ့ တိုင်းပြည်တခုမှာ တန်ဖိုးတွေ (ရောင်းကုန်ထုတ်လုပ်မှုတွေ) ဘယ့်လောက် ထိုးကျသွားမလဲ။

၂၁ နောက်ပိုင်း၂၀၂၂၊ ၂၀၂၃ နှစ်တွေမှာ အာဏာသိမ်းစစ်တပ်က စိုက်ပျိုးရေး ဒေသကြီး တခုလုံးကို ချေမွဖျက်စီးပစ်ခဲ့တယ်။ တန်ဖိုးအသစ်တွေ ထုတ်လုပ်ပေးမယ့် workforce ကို ဖျက်စီးပစ်ခဲ့ကြောင်း အထက်မှာ ဆိုခဲ့ပြီ။

ခရီးသွားဝန်ဆောင်မှု လုပ်ငန်းတွေ မလည်ပတ်နိုင်တော့တာ၊ ပြည်ပကုမ္ပဏီကြီးတွေ စက်ရုံကြီးတွေ ပြန်ထွက်သွားတာ၊ ကုန်ထုတ်လုပ်ငန်း ရင်းနှီးမြှုပ်နှံမှုတွေ တက်မလာတော့တာ၊ အလုပ်လက်မဲ့ သန်းချီတိုးလာတာ၊ workforce ထဲ အသစ်တိုးလာတဲ့ လူငယ်တွေအတွက် အလုပ်အကိုင်မရှိတာ၊အစရှိတဲ့အကြောင်းအချက်တွေ။

ဒါ့အပြင် အာဏာသိမ်းပြီးကာစမှာ အမေရိကန်ရဲ့ ဒဏ်ခတ်အရေးယူမှုကြောင့် ဒေါ်လာတွေ သန်းထောင်ချီ အပိတ်ခံရတယ်။ ဒီနောက်မှာလည်း “ယမန်နှစ် ဖေဖော်ဝါရီလအတွင်း ဥရောပသမဂ္ဂ၏ MOGE အပေါ် ပိတ်ဆို့အရေးယူမှုကြောင့် စစ်ကောင်စီထံ မရောက်ရှိဘဲ ပြည်ပတွင် ပိတ်မိနေသော ငွေပမာဏ အမေရိကန်ဒေါ်လာသန်း ၅၀၀ ကျော်ရှိသည်”လို့ Myanmar Now သတင်းဌာနက ဖော်ပြပါတယ်။

ဒါ့အပြင် “ပြင်သစ်ရေနံကုမ္ပဏီကြီး Total နှင့်အတူ မြန်မာနိုင်ငံ၏ အကြီးဆုံးကမ်းလွန်ရေနံ စီမံကိန်း ရတနာမှ နုတ်ထွက်မည်ဖြစ်ကြောင်း အမေရိကန်ရေနံကုမ္ပဏီ Chevron က ကြေညာခဲ့သည်”။

[https://myanmar-now.org/mm/

news/10530/]

ဒါတွေက နမူနာပဲ ရှိပါသေးတယ်။ ဒီလို ထုတ်လုပ်မှု တန်ဖိုးတွေ အဖက်ဖက်က ကျဆင်းနေချိန်မှာ အာဏာသိမ်း စစ်အစိုးရအနေနဲ့ ငွေစက္ကူတွေ အလုံးအရင်း ရိုက်ထုတ်တာ၊ ဘွန်း(ဒ်)နဲ့ security တို့လို ချေးငွေစာချုပ်တွေ ထုတ်ရောင်းပြီး 'fictitious အရင်း'ကို ပုံစံအမျိုးမျိုး သွန်လောင်းထည့်တာပဲ လုပ်နိုင်တယ်။ တခြား ဖြေရှင်းနည်း သူတို့မှာ မရှိပါဘူး။

ဒီအခါ လှည့်လည် စီးဆင်းနေတဲ့ ငွေကြေး supply အဆမတန် များပြားလာမယ်။ အကျိုးဆက်က မျက်မြင်ပါပဲ။

ဒါ့အပြင် လစ်ဘရယ်တွေ အားကိုးတဲ့ western sanction တွေက အာဏာသိမ်း စစ်အစိုးရထက် လူထုကို ပိုထိနေသလား ဆိုတာ အခုမြင်နေရပါပြီ။

## စစ်လက်နက် အသုံးစရိတ်

အရှေ့မှာ ဖော်ပြခဲ့သလိုပဲ 'ထွင်ထားတဲ့ အရင်း'ဟာ ပုံစံအမျိုးမျိုး ရှိနိုင်တယ်။ ဒီထဲက အဓိကနမူနာတခု ပြပါဆိုရင် အစိုးရမင်းများ စစ်လက်နက်ဖိုး သုံးလိုက်တဲ့ ငွေတွေကို လက်ညှိုးထိုး ပြရလိမ့်မယ်။

စစ်လက်နက် စက်ရုံတွေကနေ ကုန်ထုတ်လုပ်ငန်းအတွက် စက်ယန္တယားတွေ၊ အခြေခံ အဆောက်အဦတွေ ထွက်မလာသလို လူသုံးကုန်ပစ္စည်းတွေလည်း တခုမှ မထုတ်လုပ်ပါဘူး။

ဒီတော့ စစ်လက်နက် ထုတ်လုပ်ရေးကဏ္ဍကနေ စီးဆင်းနေတဲ့ တန်ဖိုးပမာဏ တိုးလာအောင် ဘာတခုမှ လုပ်မပေးဘူးဆိုတာ ရှင်းတယ်။ ဒါပေမယ့် လက်နက်စက်ရုံပိုင်ရှင်တွေ၊ လက်နက်ထုတ်လုပ်ရေး အလုပ်သမားတွေဟာ လူ့အဖွဲ့အစည်းရဲ့ အသားတင် ထုတ်ကုန်တွေထဲကနေ သူတို့ဝေစုကို ဆွဲယူစားသုံးကြတယ်။ အလုပ်သမားက လုပ်အားခပုံစံနဲ့ ဝေစုခွဲတယ်၊ အရင်းရှင်က အမြတ်ပုံစံနဲ့ ဝေစုခွဲတယ်။

ဒါ့ကြောင့် အရင်းရှင်စနစ် တခုလုံးအနေနဲ့ ကြည့်ရင် အစိုးရရဲ့ စစ်လက်နက် အသုံးစရိတ်ဟာ တန်ဖိုး ထုတ်လုပ်မှုမရှိဘဲ စားသုံးခြင်း သက်သက် 'unproductive consumption' ဖြစ်နေတယ်။ လူ့အဖွဲ့အစည်းရဲ့ အသားတင် ထုတ်ကုန်ထဲကနေ အလွန်များပြားတဲ့ ဆုံးရှုံးမှုကြီး ဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းအနေနဲ့ အလွန်ကြီးလေးတဲ့ ဝန်ထုပ်ဝန်ပိုးကြီး ထမ်းထားရသလို ဖြစ်နေတယ်။

ကိန်း(စ်) အဆိုပြုချက်တခု ရှိတယ်။ စီးပွားပျက်ကပ်ကာလမှာ အလုပ်သမားတွေ အလုပ်လက်မဲ့ ဖြစ်ကုန်ရင် ဝင်ငွေမရှိဘူး၊ ဒီအခါ ဈေးကွက်ထဲမှာ ဝယ်လိုအား ထိုးကျမယ်။ အဲဒီလို မဖြစ်အောင် အလုပ်သမားတွေကို အလုပ်ပေးထားရမယ်။ တခြားအလုပ်တွေ မပေးနိုင်ရင် မြေကြီးထဲ ကျင်းတူးခိုင်းတာမျိုး။ ဒီအလုပ်ကနေ ဘာတန်ဖိုးတွေများ ဖန်တီးပေးနိုင်မလဲဆိုတာ ကိန်း(စ်)အတွက် အရေးမကြီးဘူး။ စစ်အသုံးစရိတ်လို unproductive consumption ဖြစ်နေလဲ အကြောင်းမဟုတ်ဘူး။ လိုရင်းက အလုပ်ပေးထားပြီး ဝယ်လိုအားကို ဆွဲတင်ဖို့ပဲ။

တကယ်တော့ ဒါဟာ ထွင်ထားတဲ့ အရင်းက ခေါင်းပေါင်းလဲပြီး ထွက်လာတာသက်သက်ပဲ။ ဒုတိယ ကမ္ဘာစစ်အလွန် စီးပွားအတက်ကာလမှာ မာ့(က်စ်)ဝါဒီဆိုသူတချို့ ကိန်း(စ်)ဝါဒနောက် ပါသွားခဲ့ဖူးတယ်။ အစိုးရရဲ့ စစ်လက်နက် အသုံးစရိတ်တွေဟာ အရင်းရှင်စနစ်ရဲ့ overproduction ပဋိပက္ခကို ကျော်လွှားနိုင်မယ်လို့

ယုံကြည်ခဲ့ကြဖူးတယ်။ ဒါ့ကြောင့် တက်(ဒ်)ဂရန့်(ထ်)က 'Will there be a slump?' စာတမ်းကနေ တုံ့ပြန် ရှင်းပြခဲ့တယ်။

တကယ်တော့ အထက်မှာ ဆွေးနွေးခဲ့သလိုပဲ စစ်လက်နက် အသုံးစရိတ်တွေဟာ အရင်းရှင်စနစ်ရဲ့ ပဋိပက္ခတွေကို ပိုသည်းထန်စေခဲ့တယ်။ နောက်ဆုံး ဘရက်တန်ဝု(ဒ်) စာချုပ်ကို ဆုတ်ဖြဲပစ်ခဲ့ရတယ်။ ဒီနောက် ငွေကြေးဖောင်းပွစေနိုင်တဲ့ ဖိအားတွေ စုပြုံကိန်းအောင်းလာပြီး ကမ္ဘာ့မျက်နှာထက် ပေါက်ကွဲထွက်လာတဲ့ အထိပဲ။

အခုလည်း ကြည့်လေ၊ အမေရိကန် နယ်ချဲ့စနစ်နဲ့ သူ့မဟာမိတ်တွေက စစ်အသုံးစရိတ်ကို ထပ်တိုးမယ်လို့ ကတိပေးထားတယ်။ ကမ္ဘာတလွှား ကုန်ဈေးတွေ တက်လာဦးမှာပဲ။

ဥပမာ၊ ယူကရိန်းစစ်ပွဲစကတည်းက ဒေါ်လာ ၁၃ ဘီလျံဖိုးရှိတဲ့ စစ်ဘက်ဆိုင်ရာ အကူအညီတွေ ယူအက်(စ်)က ယူကရိန်းကို ပေးထားပြီးသား။ ထပ်ဆောင်းအနေနဲ့ ဒေါ်လာ ၄၀ ဘီလျံဖိုး စစ်ရေးအကူအညီပေးနိုင်အောင် ဝါရှင်တန်ဘက်က ဥပဒေကြမ်း ထုတ်လိုက်ပြီ။ (မူရင်းရေးသူက ၂၀၂၂ ဇူလိုင်မတိုင်ခင် အချက်အလက်ကို ပြောနေတာပါ)။

၂၀၂၂ မတ်လထဲမှာပဲ နေတိုး စစ်မဟာမိတ်အုပ်စုဝင် တခြား ၆ နိုင်ငံကလည်း စစ်အသုံးစရိတ်ကို ဒေါ်လာ ၁၃၃ ဘီလျံအထိ တိုးသုံးမယ်လို့ ကတိပြုထားတယ်။ ဂျာမနီတနိုင်ငံတည်းကတင် ဒေါ်လာ ၁၀၀ ဘီလျံကျော် သုံးလိမ့်မယ်။

နေတိုး စစ်အုပ်စုဝင် နိုင်ငံတွေရဲ့ စုစုပေါင်း စစ်အသုံးစရိတ်ဟာ တနှစ်တနှစ်ကို ဒေါ်လာ ၁ ထရီလျံဝန်းကျင် ရှိနေတယ်။ ပန်တဂွန်က ၇၀% သုံးစွဲနေတယ်။ လွန်ခဲ့တဲ့ ဆယ့်နှစ်လနဲ့ နှိုင်းယှဉ်ရင် စစ်အသုံးစရိတ် ၂% တိုးလာခြင်း ဖြစ်တယ်။ ကမ္ဘာ့တလွှား စစ်အသုံးစရိတ်က ဒေါ်လာ ၂.၁ ထရီလျံကျော် ရှိပါတယ်။ ကမ္ဘာ့ ဂျီဒီပီရဲ့ ၂.၂%နဲ့ ညီမျှတယ်။ လူ့အဖွဲ့အစည်းအဖို့ အလွန်ကြီးလေးတဲ့ ဝန်ထုပ်ကြီးပဲ။ ကုန်ထုတ်စွမ်းရည်တွေ၊ အရင်းအမြစ်တွေကို လူသားအခြေခံ လိုအပ်ချက်တွေ ဖြည့်ဆည်းဖို့ မသုံးစွဲရဘဲ သတ်ဖြတ်တဲ့ စစ်ပွဲတွေမှာ သုံးစွဲနေကြတယ်။

ဗမာပြည်က အာဏာသိမ်း စစ်အစိုးရရဲ့ စစ်အသုံးစရိတ်ကို တချက်ကြည့်ရအောင်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှာ စစ်အသုံးစရိတ် ကျပ်ဘီလျံ ၁၇၀၀ ကျော်၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှာ ကျပ်ဘီလျံ ၃၇၀၀ ကျော်ရှိခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ ကျပ်ဘီလျံ ၅၆၀၀ ကျော် လျာထားတာဖြစ်လို့ စစ်အာဏာသိမ်းပြီး နောက်နှစ်တွေမှာ တနှစ်ကို စစ်လက်နက်ဖိုး ကျပ်ဘီလျံ ၂၀၀၀ ကျော် တိုးတိုးလာတာ တွေ့ရမယ်။

ဒါတင်မကသေး။ ပြည်ထဲရေးဌာနရဲ့ အသုံးစရိတ်က ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှာ ဒေါ်လာ ၁၅၂ သန်းခန့်ရှိခဲ့ရာက ၂၀၂၂-၂၃ ဘဏ္ဍာနှစ်မှာ ဒေါ်လာသန်း ၃၀၀ အထိ နှစ်ဆနီးပါး တိုးလာခဲ့တယ်။

https://myanmar-now.org/mm/news/13416/

ဒီအသုံးစရိတ်တွေဟာ ဘာတန်ဖိုးမှ ထုတ်လုပ်ပေးနိုင်ခြင်း မရှိတဲ့ 'unproductive consumption ဖြစ်တဲ့အပြင် လူထုကို သတ်ဖြတ်ရာမှာ သုံးစွဲလိုက်တာမို့ တန်ဖိုးအသစ် ဖန်တီးပေးမယ့် လုပ်အားစွမ်းပကားတွေကို အလုံးအရင်းနဲ့ ဖျက်စီးပစ်ရာ ရောက်တယ်။ လူထုကို သတ်ဖြတ်ရာမှာ ဒေါ်လာဘီလျံနဲ့ချီအောင် နှစ်တိုင်း တိုးသုံးနေပေမယ့် လူထုရဲ့ လုပ်အားစွမ်းပကားကို ရှင်သန်ပွားစီးစေမယ့် ကျန်းမာရေး၊ ပညာရေး အသုံးစရိတ်တွေကတော့ စစ်အသုံးစရိတ် တဝက်မရှိခဲ့ဘူး။

ဒါ့ကြောင့်ပဲ တန်ဖိုး ထုတ်လုပ်မှု ကျဆင်းပြီး ငွေကြေးဖောင်းပွမှုက ထောင်တက်သွားခဲ့တယ်။

## ငွေရေးကြေးရေး ဖြစ်စဉ် ‘Monetary phenomenon’

ငွေကြေးထိန်းချုပ်ရေးဝါဒီတွေနဲ့ လစ်ဘာတေးရီးယန်းတွေလည်း ချဲ့ထွင်ရေးပေါ်လစီတွေရဲ့ အန္တရာယ်ကို ထောက်ပြလေ့ရှိတယ်။ တာဝန်မဲ့ မဆင်မခြင်လုပ်လေ့ရှိတဲ့ အစိုးရတွေ၊ ဗဟိုဘဏ်တွေက ကိန်း(စ်)ဝါဒ နည်းလမ်းတွေသုံးပြီး ငွေကြေးဖောင်းပွမှုဖြစ်လာအောင် ထိုးဆွနေကြတယ်လို့ အပြစ်တင်တတ်တယ်။

ဒီလက်ယာဂိုဏ်းသားတွေ မကြာခဏ ထောက်ပြလေ့ရှိတဲ့ သမိုင်းဝင် နမူနာတွေ ရှိပါတယ်။ ၁၉၁၉-၁၉၃၃ (Weimar) ဝိုင်းမားခေတ် ဂျာမနီ၊ ဒါမှမဟုတ် ဒီဖက်ခေတ် ဇင်ဘာဘွေနဲ့ ဗင်နီဇွဲလားတို့မှာ ငွေကြေးဖောင်းပွမှု တဟုန်ထိုးမြင့်တက်ခဲ့ဖူးတဲ့ သာဓကတွေကို ထောက်ပြလေ့ရှိတယ်။ ငွေကြေးတွေ ရိုက်နှိပ်ပြီး အကြပ်အတည်း တခုကို ကျော်လွှားလို့မရနိုင်ကြောင်း အလေးပေး ပြောတတ်ပါတယ်။

ငွေကြေးထိန်းချုပ်ရေးဝါဒီတွေရဲ့ ဒီအဆိုပြုချက်ကတော့ မှန်ပါတယ်။ အထက်မှာ ဆွေးနွေးခဲ့သလိုပဲ (ထုတ်လိုက်သော ရောင်းကုန်များ) တန်ဖိုးတွေ တိုးမလာဘဲ ငွေသားတွေချည်းများလာမယ်ဆိုရင် ကုန်ဈေးတွေ ထောင်တက်ဖို့ လှေကားထောင်ပေးလိုက်သလို ဖြစ်မယ်။

ဒါပေမယ့် အသပြာနဲ့ ငွေကြေးဖောင်းပွမှုအပေါ် သူတို့သုံးသပ်ချက်က ဘူဇွာ ဘောဂဗေဒအားလုံးလိုပဲ ယန္တယားဆန်ပြီး တဖက်သတ်ကျလွန်းတယ်။ ဒါ့အပြင် စီးဆင်းနေတဲ့ ငွေကြေးပမာဏ လျှော့ချ၊ အစိုးရအသုံးစရိတ် ဖြတ်တောက်ပြီး အတင်းအကြပ် ခြိုးခြံရေး ပေါ်လစီတွေ ကျင့်သုံးခိုင်းတာ၊ လုပ်အားခနှုန်းထား လျှော့ချခိုင်းတာ သူတို့ဖော်တဲ့ ဆေးပါပဲ။ အရင်းခံ ပြဿနာက အိုမင်းရင့်ရော်နေတဲ့ အရင်းရှင်စနစ်ဖြစ်ပါတယ်။ ဒါပေမယ့် သူတို့ဖြေရှင်းနည်းက အလုပ်သမားလူတန်းစားကို ပါးစပ်အတင်းဖြဲပြီး ဆေးခါးကြီးတိုက်သလို ဖြစ်နေတယ်။

“ငွေကြေးဖောင်းပွမှုဆိုတာ ဘယ်မှာမဆို အမြဲတမ်း ငွေရေးကြေးရေး ဖြစ်စဉ်တခုပဲ”လို့ ရှီကာဂို ဘောဂဗေဒဂိုဏ်း ဦးဆောင်တဦးဖြစ်တဲ့ မေ(လ်)တန် ဖရီး(ဒ်)မန်က ဆိုခဲ့တယ်။ ရှီကာဂို ဘောဂဗေဒဂိုဏ်းက ချီလီအာဏာရှင် ဗိုလ်ချုပ်ကြီး ပီနိုရှေး၊ မာဂရစ်(ထ်) သက်ချာ၊ ရီပတ်ဘလစ်ကန် သမ္မတ ရော်နယ်(လ်ဒ်)ရေးဂင် တို့လို ဖောက်ပြန်ရေးသမား နိုင်ငံရေးသမားတွေအပေါ် ဩဇာညောင်းခဲ့လို့ နာမည်ကြီးပါတယ်။

တနည်းဆိုရရင် ဖရီး(ဒ်)မန်နဲ့ ငွေကြေးထိန်းချုပ်ရေးဝါဒီတွေ အလိုအရ ဘယ်ခါမဆို ငွေကြေးဖောင်းပွမှုဖြစ်တိုင်း ငွေကြေး supply တိုးလာတာသက်သက်ကြောင့်ပဲ။

ဒါပေမယ့် ဒီရှင်းပြချက်ဟာ ဘာကိုမှ ရှင်းမပြနိုင်ဘူး။ မာ့(က်စ်)ပြောခဲ့တဲ့ ‘ငွေကြေးကို မှော်ဝင်နေတယ်အမှတ်နဲ့ အရူးအမူးကိုးကွယ်ခြင်း’ မျိုးပဲ။ ငွေကြေးနဲ့ ငွေကြေး supply ကို သူတို့မှာ တကယ်မရှိတဲ့ ဆန်းဆန်းပြားပြား တန်ခိုးစွမ်းအင်တွေ ပြည့်လျှမ်းသွားစေပြီး စိတ်ကူးယဉ်ဆန်ဆန် ရှုကြည့်လိုက်ခြင်း ဖြစ်တယ်။

အကျိုးဆက်ကတော့ အကြောင်းနဲ့ အကျိုး ပြောင်းပြန်လွဲကောက်ပြီး အကြီးအကျယ် ရှုပ်ထွေးကုန်တာပဲ။ တက်(ဒ်)ဂရန့်(ထ်) ရှင်းပြခဲ့သလိုပဲ

“[ငွေကြေးထိန်းချုပ်ရေးဝါဒီတွေ]ဟာ ပုံသေနှုန်းနဲ့ လှည့်လည်စီးဆင်းနေတဲ့ အရင်းရှင်စီးပွားရေးတခုမှာ ကုန်ပစ္စည်းပမာဏတခု စီးဆင်းသွားဖို့ ငွေကြေးပမာဏတခု လိုအပ်တယ်၊ တကယ်လို့များ ဒီအခြေအနေမှာ ငွေသားပမာဏကိုပဲ နှစ်ဆတိုးလိုက်မယ်ဆိုရင် ကုန်ဈေးတွေလည်း နှစ်ဆတက်သွားမယ်ဆိုတဲ့ အခြေခံကျသော အဆိုကို ကောက်ကိုင်လိုက်တယ်။

ဒီနောက် အဲဒီအဆိုကို အခြေခံပြီး အခုလိုကောက်ချက်ဆွဲလိုက်ကြတယ်။ ငွေကြေးဖောင်းပွနေတဲ့ အခြေအနေမှာ ငွေကြေး supply (ငွေသားတွေ၊ ခရက်ဒစ်တွေ)ကိုသာ လျှော့ချလိုက်မယ်ဆိုရင် ကုန်ဈေးတွေလည်း အချိုးကျ လိုက်ကျလိမ့်မယ်၊ မကျခဲ့ရင်တောင် တရိပ်ရိပ်တက်နေတဲ့ ကုန်ဈေးနှုန်းကို ဟန့်တားပေးလိမ့်မယ်။ လက္ခဏာကို ဖယ်ရှားလိုက်ရင် ရောဂါကို ကုသနိုင်တာပဲလို့ စိတ်ကူးယဉ်နေကြသူတွေ။”

အရင်းစစ်လိုက်ရင် ဒီအမြင်ဟာ ရေမရောတဲ့ reductionism ပါပဲ။ မာ့(က်စ်)ဝါဒက ဖြစ်စဉ်တွေကို ဘက်ပေါင်းစုံကနေ ဒိုင်ယာလက်တစ်ကျကျ ခွဲခြမ်းသုံးသပ်ပါတယ်။ ဒါပေမယ့် (ငွေကြေးထိန်းချုပ်ရေးဝါဒီ၊ ကိန်းစ်ဝါဒီ အကုန်ပါတဲ့) ဘူဇွာဘောဂဗေဒသမားတွေကတော့ အပြန်အလှန်ယှက်နွယ်နေတဲ့ ဖြစ်စဉ်တစုံလုံးကို အစိတ်အပိုင်းတခုချင်းစီ သီးခြားခွဲထုတ်ပစ်တယ်၊ နှိုင်းရသဘော အမှန်တရားတခုကို မဟာအမှားဖြစ်အောင် လုပ်ပစ်ကြတယ်။

“ငွေသားတွေ များလွန်းခြင်း”က ပြဿနာရဲ့ မျက်နှာစာတခုဆိုတာ အမှန်ပဲ။ ဒါပေမယ့် အရင်ဆုံး ဒီလို မေးကြည့်ရမယ်။ ငွေကြေးဖောင်းပွမှုဖြစ်တာ ငွေကြေး supply အလွန်များလို့ဆိုရင် ငွေကြေး supply အနည်းအများကို ဘယ်အရာက ဆုံးဖြတ်ပေးသလဲ။

ဒုတိယအချက်အနေနဲ့ ‘ကုန်ပစ္စည်းနည်းနည်းလေးကို ငွေတွေအများကြီးနဲ့ ဝယ်နေရတာကြောင့်’ ငွေကြေးဖောင်းပွမှု ဖြစ်ရတာလို့ ပြောခြင်းဟာ အဖြေ မဟုတ်ဘူး။ ငွေကြေး အလွန်များနေခြင်း ဆိုတာ ဘာလဲ။ ကုန်ပစ္စည်းတွေက ဘာ့လို့ နည်းနည်းလေးပဲ ရှိနေတာလဲ။

စီးပွားရေးတခုအတွင်း လှည့်လည်နေတဲ့ ငွေသားပမာဏကို အစိုးရတွေက ကြိုက်သလို အဖွင့်အပိတ်လုပ် ထိန်းချုပ်ထားနိုင်တဲ့ ရေပိုက်ခေါင်း အောက်မေ့နေကြတယ်။ အဲသလိုပဲ၊ ငွေကြေးထိန်းချုပ်ရေးဝါဒီတွေ အမြင်မှာ ကုန်ထုတ်လုပ်မှု အတိုင်းအတာကိုလည်း ပုံသေလို့ပဲ အောက်မေ့ကြတယ်။

ဒါပေမယ့် တကယ့်လက်တွေ့မှာ ငွေကြေး supply ရော၊ ကုန်ထုတ်ရလဒ်ရော ပုံသေ မဟုတ်သလို လွတ်လွတ်လပ်လပ် ဖြစ်ပေါ်နေတာ မဟုတ်ဘူး။ အရင်းရှင်စနစ်အောက်မှာ သူတို့နှစ်ဦးလုံး တခုတည်းသော မောင်းနှင်အားကို နာခံနေကြရတယ်။ အဲဒါက တခြားမဟုတ်၊ အမြတ်ထုတ်လုပ်ရေးဆိုတဲ့ မောင်းနှင်အားပဲ။

ငွေကြေးထိန်းချုပ်ရေးဝါဒီတွေက တာဝန်အားလုံး အစိုးရတွေနဲ့ ဗဟိုဘဏ်တွေအပေါ် တင်ပေးကြတယ်။ ဒါပေမယ့် အရင်းကျမ်း သုံးတွဲလုံးမှာ မာ့(က်စ်)ရှင်းပြခဲ့သလိုပဲ အစိုးရတွေအနေနဲ့ အရင်းရှင်စနစ်အောက်က ငွေကြေး supply အပေါ် အလုံးစုံ ထိန်းချုပ်နိုင်စွမ်း မရှိပါဘူး။

အဲဒီအစား အရင်းရှင်စနစ် ကြီးထွားလာတာနဲ့အမျှ ခရက်ဒစ်တွေ အရေးပါသထက် အရေးပါလာတာ တွေ့ရတယ်။ (အဓိကအားဖြင့် လက်ဝါးကြီးအုပ် ဘဏ္ဍာရေး အဖွဲ့အစည်းတွေက ထုတ်ချေးထားသော ငွေကြေးပုံစံ) ခရက်ဒစ်ဟာ ကုန်ထုတ်လုပ်ရေး တိုးချဲ့ရာမှာ မရှိမဖြစ် အရေးကြီးလာခဲ့တယ်။

ဒီအချက်ကို နားလည်ဖို့ဆိုရင် အထက်မှာ ဆွေးနွေးခဲ့တဲ့ အခြေခံသဘောတရားကို ပြန် စဉ်းစားကြည့်ဖို့ လိုလိမ့်မယ်။ အရင်းရှင်တွေက ကုန်ပစ္စည်းတွေ ထုတ်လုပ်ဖို့ အလုပ်သမားရဲ့ လုပ်အားကို ဝယ်ရတယ်။ လုပ်အားခ ပေးရတယ် ။ အလုပ်သမားက ပြန်ထုတ်ပေးတဲ့ တန်ဖိုးကျ သူ ပေးလိုက်တဲ့ လုပ်အားခထက် ပိုများတယ်။ မြင်သာအောင် နမူနာ ဂဏန်းတချို့ ထပ်ပေး ကြည့်ပါမယ်။ အလုပ်သမားက ဆယ်နာရီစာ လုပ်အားခ ၆၀၀၀ ကျပ် ရလိုက်တယ်။ အဲဒီဆယ် နာရီအတွင်း သူပြန်ထုတ်ပေးတာ ၆၀၀၀၀ ကျပ် တန် ကုန်ပစ္စည်းတွေ။

အဲဒီကုန်ပစ္စည်းတွေကို ဈေးကွက်ထဲမှာ ရောင်းနိုင်မှ အရင်းရှင်အနေနဲ့ သူရင်းထားတဲ့ အရင်းငွေနဲ့ အမြတ်ငွေကို ပြန်ရမယ်။ ဒါပေမယ့် ဘယ်သူက ဝယ်စားမလဲ။ လူ့အဖွဲ့အစည်းမှာ အရင်းရှင် လူတန်းစားက လက်တဆုပ်စာပဲ။ အရင်းရှင် လူတန်းစားကပဲ ကုန်အောင် ဝယ်မစား နိုင်ဘူး။ လူအများစုဖြစ်တဲ့ အလုပ်သမားထုက ဝယ်စားနိုင်မှ သူတို့ရောင်းတဲ့ ကုန်ပစ္စည်းတွေ ရောင်းထွက်မယ်။ အလုပ်သမားကလည်း သူရတဲ့ လုပ်အားခက ၆၀၀၀ ပဲ ရှိတယ်။ ဘယ်လိုလုပ်ပြီး ၆၀၀၀၀ တန် ကုန်တွေ ဝယ်နိုင်မလဲ။

တကယ်တော့ တရက် ၅၀၀၀ ကျပ် လောက်နဲ့ လုပ်နေကြရတဲ့ ဗမာပြည်က အထည် ချုပ် အလုပ်သမားတွေဆိုရင် သိန်းချီတန် အထည် တွေ နေ့စဉ်ထုတ်ပေးနေကြတာပါ။ သူတို့ထုတ် တဲ့ အထည်ကို သူတို့ပြန်ဝယ်ဝတ်နိုင် မဝတ်နိုင် ကြည့်ရုံနဲ့ အပေါ်က ဥပမာကို သဘောပေါက်နိုင် ပါတယ်။ အလားတူပဲ။ လူအများစုဟာ တသက် လုံး ကုန်းရုန်းလုပ်လို့ အိမ်တလုံး၊ ကားတစီး မ ပိုင်နိုင်တဲ့အဆုံး ဘဏ်တိုးနဲ့ အရစ်ကျပေးပြီး အကြွေးဝယ်ကြရတယ်။ ဖုန်းတလုံးကိုတောင် လက်ငင်းမဝယ်နိုင်လို့ အရစ်ကျနဲ့ ဝယ်ကိုင်ရသူ တွေ အမြောက်အမြား ရှိပါတယ်။

အလုပ်သမား လူတန်းစား အမှန်တကယ် ရရှိနေတဲ့ လုပ်အားခနဲ့ မဝယ်နိုင်တဲ့အခါ ခရက်ဒ စ်နဲ့ အကြွေး ဝယ်လို့ရအောင် ဖန်တီးပေးလိုက် တယ်။ ဒီလိုမှ မလုပ်ရင် အရင်းရှင်လူတန်းစားရဲ့ ရောင်းကုန်တွေဟာ ရောင်းမထွက်ဘဲ အိုင်နေ မယ်။ ဒါဆိုရင် ကုန်ထုတ်လုပ်ငန်းတွေ ရပ်ဆိုင်း ထားရုံပဲ။ ကုန်ထုတ်လုပ်ငန်း ဆက်ခဲ့ထွင်ဖို့ဆို တာ အဝေးကြီး။ ဒါ့ကြောင့် အရင်းရှင်စနစ်ရဲ့ အတွင်းသား ပဋိပက္ခကို ခရက်ဒစ်နည်းနဲ့ ရှောင် ကွင်းပြီး ယာယီဖြေရှင်းကြရတယ်။ ကြာလာမှ သာ ၂၀၀၈ တုန်းကဖြစ်ခဲ့သလို၊ အခုဖြစ်နေသလို မျက်ဖြူဆိုက်ကြရတာ။

ကဲ ဒီတော့ လှည့်လည်စီးဆင်းနေတဲ့ ခ ရက်ဒစ် ပမာဏကိုရော ဘယ်အရာက သတ်မှတ် ပြဋ္ဌာန်းလိုက်သလဲ။ အတိုချုပ်ဆိုရရင် အမြတ် ထုတ်လုပ်ရေးနဲ့ အမြတ် အမှန်တကယ် ရရှိရေး က ပြဋ္ဌာန်းပေးပါတယ်။ အရင်းရှင်တွေ ချေးငွေ ယူတယ်ဆိုတာ အတိုးသက်သာလို့ချည်း မဟုတ် ပါ။ ရင်းနှီးမြှုပ်နှံပြီး အမြတ်ရအောင် လုပ်ဖို့ ချေး ကြတာ။

အရင်းရှင်စနစ်မှာ ငွေကြေးက စီးပွားရေး ကို “အဓိကမောင်းနှင်သူ”၊ စီးပွားရေးရဲ့ “ အမြဲတမ်း မောင်းနှင်အား”လို့ ထင်ရတယ်။ အရင်းရှင်စနစ်ရဲ့ ဘီးတွေကို ငွေကြေး အမဲဆီ ထည့်ပြီး ချောချောမွတ်မွတ် လည်ပတ်နေတာ လည်း အမှန်ပဲ။ ငွေဆိုတဲ့ ကြားခံကို လက်ပေါင်း များစွာ အလွှဲအပြောင်းလုပ်ပြီး ရောင်းရေးဝယ် တာ လုပ်နေကြရတာ အကြိမ်ပေါင်း မြောက်မြား စွာ။

ဒါပေမယ့် အဲဒါ ထင်ရတာသက်သက်ပဲလို့ မာ့(က်စ်) အသားပေးပြောခဲ့တယ်။ အမှန်တကယ်

တော့ ငွေကြေး လိုအပ်ချက်ကို ပြဌာန်ပေးတာ ‘ အရင်း’ရဲ့ ဒိုင်နမ်းမစ်(ခ်စ်)ပဲ (အမြတ်ရရှိရေး ရောင်းကုန်တွေ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းကို ဆိုလိုတာပါ)။ ငွေကြေး လိုအပ်ချက်လို့ ဆိုရာမှာ ခရက်ဒစ်ပုံစံကို အဓိကထားပြောပေမယ့် ငွေသား တွေ၊ အကြွေတွေလည်း ပါပါတယ်။

တနည်းဆိုရရင် ငွေကြေးဖောင်းပွမှုဆိုတာ ဖရီး(ဒ်)မန် ပြောခဲ့သလို ‘ငွေရေးကြေးရေး ဖြစ်စဉ် တခု’ ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ငွေရေးကြေးရေး ဖြစ်စဉ်တွေကိုယ်တိုင်က တန်ဖိုး နိယာမတွေရဲ့ ထင်ဟပ်ချက်ပဲ ဖြစ်ပါတယ်။ တန်ဖိုး နိယာမတွေ ဆိုတာ ရောင်းကုန်တွေ အကျယ်အပြန့် ထုတ်လုပ် ၊ဖလှယ်သော စနစ်၊ အမြတ်ရရှိဖို့ ကုန်ထုတ်သော စနစ် (အရင်းရှင်စနစ်)ကို အုပ်စိုးမင်းမူနေတဲ့ နိယာမတွေပဲ။

## Quantitative easing

ဒီတော့ ငွေကြေးဖောင်းပွမှုကို ပြဌာန်းပေး နေတာငွေကြေး supply တခုတည်း မဟုတ်ဘူး။ ငွေကြေးက အရင်းရှင်စနစ်ရဲ့ မောင်းနှင်အား မဟုတ်ဘူး။ ဒါ့အပြင် ငွေကြေးပေါ်လစီက အနန္တ တန်ခိုးရှင်ကြီးလည်း မဟုတ်ပါဘူး။ ခပ်တိုတို ပြောရရင် အရင်းရှင်စနစ် ပဋိပက္ခတွေကို နိုင်ငံတော်အာဏာသုံးပြီး မကျော်လွှားနိုင်ပါဘူး။

ဒီအချက်တွေ မှန်ကန်ကြောင်း ၂၀၀၈ စီးပွားပျက်ကပ်နောက်ပိုင်း သက်သေထင်ရှား လာခဲ့တယ်။ အဲဒီကာလမှာ ဘဏ်ချေးငွေ အတိုး နှုန်းက သုညနီးပါး ရောက်နေပြီ၊ အများပြည်သူ ကြွေးမြီက ခေါင်ခိုက်နေပြီ။ အုပ်စိုးသူ လူတန်းစား လက်ထဲမှာ အကြပ်အတည်းကို ရင်ဆိုင်ဖို့ ကျည် ကုန်နေပြီ။ သူတို့ ဘယ်လိုပဲလုပ်လုပ် ရင်းနှီးမြှုပ်နှံမှုနဲ့ စီးပွားရေး တိုးတက်မှုက အားကောင်းမလာဘူး။

ဒါ့ကြောင့် ထိပ်တန်း အရင်းရှင် နိုင်ငံ အသီးသီးရဲ့ ဗဟိုဘဏ်တွေက ကမ္ဘာ့စီးပွားရေးကို ဒေါ်လာ ထရီလီယံပေါင်းများစွာ လောင်းထည့်ခဲ့ ကြတယ်။ ဒီလိုနည်းနဲ့ ငွေပေါ်လွယ်မှု အားကောင်း လာစေဖို့၊ ပုဂ္ဂလိက ဘဏ်တွေက ငွေထုတ်ချေး လာအောင် လှုံ့ဆော်ပေးဖို့ ကြံရွယ်ခဲ့တယ်။

၂၀၀၈ ပျက်ကပ်ဖြစ်ပြီး နှစ်များအတွင်း အ မေရိက ဖက်ဒရယ်ဘဏ်ရဲ့ ငွေစာရင်းရှင်းတမ်း မှာ ဒေါ်လာ ၄.၅ ထရီလီယံ ထပ်တိုးလာခဲ့တယ်။ ယူကေမှာ အင်္ဂလန်ဘဏ်က စတာလင်ပေါင် ၃၇၅ ဘီလျံ ထပ်ထုတ်ပြီးသွားပြီ။ ဥရောပ ဗဟို ဘဏ်ကလည်း ယူအက်(စ်)နဲ့ ယူကေ သွားရာလမ်း ကို လိုက်ပြီး ယူရို ၁ ထရီလီယံတန်ဖိုးရှိ ပိုင်ဆိုင်မှု တွေဝယ်ယူခဲ့တယ်။

ငွေကြေးထိန်းချုပ်ရေးဝါဒီတွေရဲ့ ‘quantity theory of money’ အရ ဒီလို အသုံးအဖြုန်း ကြီးပုံမျိုးနဲ့ ငွေကြေးဖောင်းပွမှု အကျယ်အပြန့် ဖြစ်ခဲ့ရမယ်။ အထက်မှာ ဆွေးနွေးခဲ့သလိုပဲ ( တခြားအချက်တွေသာ ဒီအတိုင်းဆက်ရှိနေရင်) လှည့်လည်နေတဲ့ ငွေသားပမာဏကို နှစ်ဆတိုး လိုက်တာနဲ့ ကုန်ဈေးနှုန်း နှစ်ဆတက်သွားရမယ်။ ဒါ သိပ်ကိုရိုးစင်းတဲ့ အခြေခံသဘောတရားပဲ။

ဒါပေမယ့် တခြားအချက်တွေက ဒီအတိုင်း ငြိမ်မနေခဲ့ဘူး။ အတော်များများ ထင်နေခဲ့သလို ငွေကြေးဖောင်းပွမှုလည်း ဖြစ်မလာခဲ့ဘူး။ တကယ်တော့ အဲဒီကာလမှာ စီးပွားရေး ထုံထိုင်း သွားစေနိုင်တဲ့ ကုန်ဈေးကျဆင်းမှု ဖြစ်လာမှာကို ပဲ ကြောက်နေခဲ့ကြတာပါ။

ဒီလို ဖြစ်ခဲ့ရတာ အကြောင်းအချက် အများ ကြီး ပေါင်းစုံသွားခဲ့လို့ပါ။ ကိုဗစ်ရောဂါကပ် မတိုင် ခင် ဆယ်စုနှစ်တွေတုန်းက အင်အားစုမျိုးစုံဟာ ကုန်ဈေးနှုန်း အကျဘက်ကိုသာ ဖိအား

သက်ရောက်နေခဲ့တယ်။

အရေးကြီးဆုံး တချက်က ကမ္ဘာတဝှမ်း overproduction ဖြစ်နေခြင်းကြောင့် ကုန်ဈေးနှုန်း မတက်နိုင်ဖြစ်ခဲ့ရတယ်။ ဝယ်လိုအားနဲ့စာရင် ရောင်းလိုတဲ့ ပစ္စည်းတွေ အဆမတန် များပြားနေခြင်းက ဒီအချက်ကို ထင်ဟပ်နေတယ်။

အရင်းရှင်စနစ် အကြပ်အတည်းဆိုတာ အရင်းစစ်လိုက်ရင် overproduction အကြပ်အတည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် ဘာသာမပြန်ဘဲ တိုက်ရိုက်ယူသုံးထားတဲ့ ဒီဝေါဟာရအကြောင်း ထည့်ဆွေးနွေးဖို့ လိုလာတယ်။ overproduction လည်း ဆိုသေးရဲ့၊ ကမ္ဘာမှာ အစာအာဟာရ မလုံလောက်သူတွေ ဒုနဲ့ဒေးလို့ စောဒက တက်ချင်စရာ။ ဟုတ်ပါတယ်။ အဲသလို ဖြစ်နေတာကိုက အရင်းရှင်စနစ်ရဲ့ ပဋိပက္ခပါပဲ။

အထက်တနေရာမှာ ဆွေးနွေးခဲ့သလိုပဲ၊ လူ့အဖွဲ့အစည်းတခုလုံးရဲ့ ဥစ္စာပစ္စည်းမှန်သမျှ အလုပ်သမားထုက ဖန်တီးထုတ်လုပ်ပေးလိုက်တာပါ။ အရင်းရှင်စနစ်မှာ ဒီလိုထုတ်လုပ်နိုင်ဖို့ ထုတ်လုပ်ရေးပစ္စည်းတွေကို လက်တဆုပ်စာ အရင်းရှင် လူတန်းစားက ပိုင်ဆိုင်ထားတယ်။ သူတို့က အလုပ်သမားကို လုပ်အားခပေးပြီး ကုန်ပစ္စည်းမျိုးစုံ ထုတ်လုပ်ခိုင်းတယ်။ တနှစ်အတွင်း အရင်းရှင်လူတန်းစား တရပ်လုံးက အလုပ်သမား လူတန်းစားတရပ်လုံးကို လုပ်အားခအဖြစ် ပေးရငွေ စုစုပေါင်း ဒေါ်လာ သန်း ၁၀၀ ရှိတယ် ဆိုပါစို့။ အလုပ်သမား လူတန်းစားက အဲဒီ တနှစ်အတွင်း ထုတ်လုပ်ပေးလိုက်တဲ့ အသားတင် ထုတ်ကုန်တန်ဖိုးဟာ ဒေါ်လာ သန်း ၁၀၀၀ ရှိတယ် ဆိုပါစို့။

အလုပ်သမား လူတန်းစားက ရလာတဲ့ လုပ်အားခ သန်း ၁၀၀ ကို စားဝတ်နေရေးအတွက် အရင်းရှင် လူတန်းစားဆီက သန်း ၁၀၀ ဖိုး ကုန်ပစ္စည်းတွေ ပြန်ဝယ်ရမယ်။ ဒါဆိုရင် သန်း ၉၀၀ တန် ကုန်ပစ္စည်းတွေ ဈေးကွက်ထဲ ကျန်နေဦးမယ်။ အရင်းရှင် လူတန်းစားက အလုပ်သမား လူတန်းစားနဲ့စာရင် လက်တဆုပ်စာ အရေအတွက်ပဲ ရှိပါတယ်။ ဒါပေမယ့် သူတို့က ဖြုန်းနိုင်သူတွေဆိုတော့ သူတို့လည်း သန်း ၁၀၀ ဖိုး ဝယ်သုံးလိုက်တယ် ဆိုပါစို့။ ဒါဆိုလည်း တနှစ်အတွင်း အသားတင် ထုတ်ကုန်တွေ သန်း ၈၀၀ ဖိုး ကျန်နေဦးမှာပဲ။ ဈေးကွက်မှာ မရောင်းရဘဲ အိုင်နေဦးမယ်။

တဖက်မှာ ရောင်းလိုတဲ့ ကုန်ပစ္စည်းတွေ အောတိုက်ပုံနေသလို တဖက်မှာ ဝယ်မစားသုံးနိုင်လို့ ငေးမောနေရတဲ့ (ငတ်မွတ်နေတဲ့) လူအများစုကြီး ရှိနေတယ်။ အလုပ်သမား လူတန်းစားက သူတို့ဖန်တီးပေးလိုက်တဲ့ ရောင်းကုန်တွေကို သူတို့ရရှိလိုက်တဲ့ လုပ်အားခနဲ့ ဝယ်ယူစားသုံးနိုင်ခြင်း မရှိလို့ အခုလို ဖြစ်လာတာ။ ဒါကိုပဲ over-production လို့ ပြောချင်တာ။

ဒီအခြေအနေကို ယာယီကျော်လွှားဖို့ ခရက်ဒစ် ဆိုတာမျိုး ဖန်တီးလာရကြောင်း ဆွေးနွေးခဲ့ပြီးပြီ။ ပြည်တွင်း ဈေးကွက်မှာ ရောင်းမကုန်နိုင်တဲ့အခါ ပြည်ပဈေးကွက်တွေအထိ တိုးချဲ့ခဲ့ရတယ်။ နောက်ဆုံး ကမ္ဘာ့ဈေးကွက် ဖြစ်လာတဲ့အထိပဲ။ ဒီလို ဆေးမြီးတို နည်းပေါင်းစုံနဲ့ ယာယီဖြေရှင်းခဲ့တာတွေက ရေရှည်မှာ ပိုပြင်းထန်တဲ့ overproduction အကြပ်အတည်းကို ဖြစ်စေတယ်။

ကမ္ဘာတလွှား overproduction ဖြစ်နေတဲ့ အပြင် ဂလိုဘယ်လိုင်ဇေးရှင်း ဖြစ်စဉ်ကြောင့်လည်း ထုတ်လုပ်ရေးမှာ ကုန်ကျစရိတ်တွေ အများကြီး သက်သာခဲ့တယ်။ လုပ်အားခ နဲ့

ကုန်ကြမ်းတွေ ဈေးပေါလွန်းတဲ့ တိုင်းပြည်တွေဆီ ကုန်ထုတ်လုပ်ငန်းတွေ ရွှေ့လာကြတယ်။ တဖက်မှာ နည်းပညာ တိုးတက်လာတာနဲ့အမျှ ကုန်ထုတ်သတ္တိလည်း ပိုတိုးလာခဲ့တယ်။ ဒီ အကြောင်းအချက်တွေ အားလုံးက အရင်းရှင်တွေကို ထုတ်လုပ်ရေး ကုန်ကျစရိတ် အများကြီး သက်သာစေခဲ့တယ်။

တခြားတဖက်မှာလည်း ဗဟိုဘဏ်တွေ လောင်းထည့်လိုက်တဲ့ ငွေအများစုက စားသုံးသူတွေ အိတ်ထောင်ထဲ ရောက်သွားတာ မဟုတ်ဘူး ။ ဆိုလိုတာက တကယ့် စီးပွားရေးထဲ စီးဆင်းနေခြင်း မရှိဘူး။

သာမန်ပြည်သူတွေလက်ထဲ အဲဒီပိုက်ဆံတွေ တိုက်ရိုက်ရောက်သွားပြီး ဝယ်လိုအား တက်လာတာမျိုး မရှိဘူး။ ဒီပိုက်ဆံတွေကို ဗဟိုဘဏ်တွေ ဖန်တီးရခြင်း ရည်ရွယ်ချက်ကိုက အဲဒီလို လုပ်ဖို့ မဟုတ်ဘူး။ ပုဂ္ဂလိက ဘဏ်အဖွဲ့ကြီးတွေဆီက ဘဏ္ဍာရေး ပိုင်ဆိုင်မှုတွေ (ဥပမာ - ငွေပေါ်လွယ်သော ငွေချေးသက်သေခံလက်မှတ်တွေ၊ ဘွန်းဒ်တွေ၊ စသဖြင့်) ဝယ်ယူဖို့ အစိုးရ ဗဟိုဘဏ်တွေက ရိုက်ထုတ်ပေးခဲ့တာ ဖြစ်ပါတယ်။ ဒီလိုနည်းနဲ့ အဲဒီဘဏ်တွေက စီးပွားရေးလုပ်ငန်းတွေ၊ သာမန်ပြည်သူတွေကို အတိုးနှုန်း သက်သက်သာသာနဲ့ ငွေထုတ်ချေးလာမယ်လို့ မျှော်လင့်ခဲ့တယ်။

ဒါပေမယ့် ထင်သလို မဖြစ်ခဲ့ဘူး။ ဘဏ်အရင်းရှင်တွေက ငွေချေးလုပ်ငန်းကို လျှော့ချပြီး အမြတ်လွယ်လွယ်ရရေးပဲ လုပ်ခဲ့တယ်။ စီးပွားရေးလုပ်ငန်းတွေက မစီးဆင်းဘဲ အိုင်နေတဲ့ ငွေပုံကြီးကို ဖင်ခုထိုင်နေခဲ့ကြတယ်။ လွယ်လွယ်ရလာတဲ့ ငွေတွေကို ကုန်ထုတ်လုပ်ရေးထဲ ထည့်ဝင်မဲ့အစား ဈေးကစားတာမျိုးပဲ အရှူးအမူး လုပ်ခဲ့ကြတယ်။ စတော့(ခ်)၊ အိမ်ခြံမြေနဲ့ ခရစ်(ပ်)တို ငွေကြေး ဈေးကွက်မှာပဲ ပူဖောင်းတွေ ဗလုံစီ တက်လာတယ်။ [https://socialist.net/poverty-amidst-plenty-inequality-imbalances-and-the-worldwide-crisis-of-capitalism/]

တဖက်မှာ ဗဟိုဘဏ်တွေက ငွေသားတွေ ရိုက်ထုတ်ပြီး ရေပိုက်ခေါင်းကို ဖွင့်ပေးနေချိန်မှာ အစိုးရတွေက အများပြည်သူဆိုင်ရာ အသုံးစရိတ်တွေ ဖြတ်တောက်ပြီး အတင်းအကြပ် ခြိုးခြံရေး ပေါ်လစီတွေ ကျင့်သုံးရင်း ဝယ်လိုအားကို ခမ်းခြောက်စေခဲ့တယ်။ တနည်းဆိုရရင် ငွေကြေး ပေါ်လစီ လျော့ရဲပြီး ဘဏ္ဍာရေး ပေါ်လစီကို တင်းကြပ်ခဲ့တယ်။

တချိန်တည်းမှာ ဈေးကွက်အတွင်း မရောင်းရတဲ့ ကုန်ပစ္စည်းတွေ ပြည့်လျှံနေတယ်။ စီးပွားရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုတွေ ထိုင်းမှိုင်းနေတယ်။ ဒီတော့ ဘဏ်တွေဆီက ချေးငွေယူစရာ သိပ်မလိုလှဘူး။

အစိုးရက မျက်နှာလွှဲခဲပစ် ငွေအသစ်တွေ ရိုက်ထုတ်ပေမယ့် တကယ်တမ်း စီးဆင်းနေတဲ့ ငွေကြေး ပမာဏက အများကြီး ပြောင်းမသွားဘူး ။

ဒါ့ကြောင့် ဝယ်လိုအားရဲ့ အဓိက ရေသောက်မြစ်တွေ အားလုံး ကျဆင်းနေခဲ့တယ် ဒါမှမဟုတ် ငြိမ်နေခဲ့တယ်။ လုပ်အားခက ဖြစ်ဖြစ်မြောက်မြောက် တိုးလာတာမျိုး မရှိတော့ အများပြည်သူ စားသုံးနိုင်စွမ်းလည်း တက်မလာဘူး။ အများပြည်သူအတွက် အစိုးရ အသုံးစရိတ် ( ပညာရေး၊ ကျန်းမာရေး၊ ပင်စင်လစာ၊ လူမှုဖူလုံရေး၊ စသဖြင့်) ကျ ဖြတ်တောက်ထားတယ်။ ဒါ့အပြင် ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းတွေမှာ မြှုပ်နှံမှုက ထိုင်းနေတယ်။ အရင်းရှင်စနစ်လည်း ယောင်နနဖြစ်နေခဲ့တယ်။

ဒီအချက်တွေအားလုံးက ငွေကြေးပေါ်လစီ

ရဲ့ လုပ်နိုင်စွမ်းအပေါ် အကန့်အသတ်တွေ အများကြီး ရှိနေကြောင်း မီးမောင်းထိုးပြနေတယ်။ အရင်းရှင် လူတန်းစားဟာ အမြတ်ရဖို့ပဲ ထုတ်လုပ်တယ်။ ရနိုင်တယ် မထင်ရင် ကုန်ထုတ်လုပ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ အကုန်ရပ်ဆိုင်းသွားမှာပဲ။ အခုပေးခဲ့တဲ့ နမူနာမှာ မြင်ခဲ့ရသလိုပဲ အတိုးနှုန်း သုညနီးပါးဖြစ်နေတဲ့ ပေါပေါလောလော ပိုက်ဆံတွေ ဘယ်လောက်သွန်ထည့်ထည့် အမြတ်သာမရနိုင်ရင် ရင်းနှီးမြှုပ်နှံလာအောင် နားချလို့ မရပါဘူး။

'ငွေကြေးဖောင်းပွမှု ဖြစ်ရတာ ငွေကြေးပမာဏ များလာလို့' ဆိုတဲ့ ငွေကြေးထိန်းချုပ်ရေးဝါဒီတွေရဲ့ အမြင်ဟာ မျက်နှာစာတဖက်တည်းကိုသာ ကြည့်တဲ့ အမြင်ဖြစ်ကြောင်း ဒီလောက်ဆိုပေါ်လွင်ပြီ ထင်ပါတယ်။ ဒါ့အပြင် စစ်အာဏာသိမ်းပြီး ပြည်ပလုပ်ငန်းကြီးတွေ ထွက်ခွာသွားတာ၊ နောက်ထပ် ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ဝင်မလာတော့တာ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်လို့၊ စစ်အာဏာရှင်တွေရဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို လက်မခံနိုင်လို့ မဟုတ်ဘူး။ သူတို့အတွက် အမြတ်အရနည်းသွားလို့၊ အမြတ်ရဖို့ မသေချာတော့လို့ဆိုတာ ရှင်းမယ် ထင်ပါတယ်။

## မော်ဝင်တန်ခိုးတွေ ရှိမယ်ထင်ပြီး ငွေကို ကိုးကွယ်ခြင်း


'Modern Monetary Theory' (MMT) တရားဟောဆရာ ကိန်း(စ်)ဝါဒီလက်သစ်တွေက ငွေကြေးထိန်းချုပ်းရေးဝါဒီတွေကို ဝေဖန်လေ့ရှိတယ်။ ဒါပေမယ့် ငွေကြေးထိန်းချုပ်ရေးဝါဒီတွေလိုပဲ သူတို့လည်း ငွေကြေးရဲ့ စွမ်းပကားကို အမှန်တကယ် ရှိတာထက် ပိုအထင်ကြီး ကိုးကွယ်နေကြတယ်။ [https://socialist.net/marx-ism-vs-modern-monetary-theory/]

သို့သော် MMT ထောက်ခံသူတွေက ငွေကြေးထိန်းချုပ်ရေးဝါဒီတွေရဲ့ ငြင်းချက်ကို ပြောင်းပြန်လှန်ပစ်တယ်။ ငွေကြေးကို အရင်းရှင်စနစ်ရဲ့ 'မောင်းနှင်အား'လို့ မြင်တဲ့နေရာမှာ နှစ်အုပ်စုလုံး အတူတူပဲ။ ဒါပေမယ့် ကောက်ချက်ဆွဲရာမှာ ဆန့်ကျင်ဖက် ဖြစ်သွားတယ်။ MMT သမားတွေက ငွေတွေ ရိုက်ထုတ်ပြီး ကုန်ထုတ်လုပ်ငန်းတွေ အားကောင်းလာအောင် လှုံ့ဆော်ပေးနိုင်မယ်လို့ တလွဲယုံကြည်နေကြတယ်။

တကယ်တော့ ငွေကြေးပေါ်လစီကနေ အရင်းရှင်စနစ်ကို ဇက်ခွံ့ကိုင်တွယ်လို့ မရသလို အခွန်အခ အတိုးအလျှော့လုပ်ခြင်း၊ အစိုးရ အသုံးစရိတ် အတိုးအလျှော့ လုပ်ခြင်းကနေလည်း ပဲ့ကိုင်ထိန်းချုပ်လို့ မရပါဘူး။ MMT သမား ဖိုးတက်ကြွတွေ တင်ပြလေ့ရှိတဲ့ 'ဖြေရှင်းနည်းတွေ'က ငွေကြေးဖောင်းပွမှု သေချာပေါက် ဖြစ်စေမယ့် မွဲဆေးတရပ်ပါပဲ။ သမိုင်းတလျှောက် ဒီလိုအတွေ့အကြုံတွေ အလုံအလောက် ရှိပြီးသားဖြစ်သလို ဒီကနေ့အချိန်မှာလည်း အထင်အရှားမြင်တွေ့နေရပြီ။ ဒီမွဲဆေးကို အလုပ်သမားထုပဲ သောက်နေကြရတယ်။

ကိန်း(စ်)လက်သစ် MMT သမားတွေနဲ့ ငွေကြေးထိန်းချုပ်ရေးဝါဒီတွေ ငွေကြေး ပမာဏ မျက်နှာစာတခြမ်းကိုပဲ အာရုံစိုက်ပြီး ငွေကြေးရဲ့ စွမ်းပကားကို အလွန်အကျွံ ဖန်းတင်လွန်းတာ များတယ်။

ကျနော်တို့ကတော့ မာ့(က်စ်)လုပ်ခဲ့သလို အရင်းရှင်စနစ်ရဲ့ ဒိုင်နမ်းမစ်(ခ်စ်)တွေ၊ ဈေးနှုန်း လှုပ်ရှားမှုတွေကို လွှမ်းမိုးပဲ့ကိုင်နေတဲ့ ပကတိ ဘာဝ နိယာမ အစစ်အမှန်တွေ တူးဆွရှာဖွေရေးကိုပဲ အလေးထားသင့်တယ်။ ဒီတော့မှသာ အရင်း


Image : Public Domain

ရှင်စနစ်ကို သိပ္ပံနည်းကျ နားလည်နိုင်မယ်။ ဒီလို နားလည်ထားမှ လက်ရှိအကြပ်အတည်းကနေ ထွက်ရပ်လမ်းကို ရှာတွေ့မယ်။

အရင်းရှင်စနစ်အောက်က ငွေကြေးကို လူ့ခန္ဓာကိုယ်က သွေးနဲ့ နှိုင်းယှဉ်ကြည့်နိုင်တယ်။ ‘အသက်သွေး’လို့ ဆိုကြပေမယ့် တကယ်တမ်း လူ့ခန္ဓာကိုယ်ကို ရှင်သန်စေတာ သွေးတခုတည်းကြောင့် မဟုတ်ဘူး။ ခန္ဓာကိုယ်အနှံ့က အင်္ဂါအစိတ်အပိုင်းတွေ၊ ဆဲလ်တွေဆီ အောက်ဆီဂျင်နဲ့ တခြားအရေးကြီး အာဟာရဓာတ်တွေ ရောက်သွားအောင် လုံလောက်တဲ့ သွေးစီးဆင်းမှုရှိဖို့ အင်မတန် အရေးကြီးပါတယ်။ ဒါပေမယ့် ဒီအရာတွေကို သွေးက ထုတ်လုပ်ပေးနေတာ မဟုတ်ဘူး။ ဒါ့အပြင် လည်ပတ်နေတဲ့ သွေးပမာဏနဲ့ စီးဆင်းမှုအလျင်ကို သွေးစီးဆင်းမှုစနစ်က သူ့ဘာသာ သတ်မှတ်ပြဋ္ဌာန်းထားတာ မဟုတ်ဘူး။

ဒီသဘောနဲ့ကြည့်ရင် ငွေကြေးထိန်းချုပ်ရေးဝါဒီတွေဟာ အလယ်ခေတ်က မျှော့ကုထုံးဆရာတွေနဲ့ တူနေတယ်။ ခန္ဓာကိုယ်ထဲက ပိုလျှံနေတဲ့ သွေးဆိုးသွေးညစ်တွေကို မျှော့နဲ့စုပ်ထုတ်ခိုင်းခဲ့တဲ့ အယူအဆကို ဆိုလိုတာပါ။ ဗမာပြည်မှာလည်း ဒီကနေ့ခေတ်အထိ ဒီအယူအဆ အမြစ်မပြတ်သေးပါဘူး။ သွေးလွန်တုပ်ကွေး ရာသီမှာ မက်ကလောင်ခြစ် ကုတာတွေ ရှိနေဆဲ။ ကိန်း(စ်)ဝါဒီတွေကတော့ တဘာသာ။ သွေးသွင်းကုဖို့ အဆိုပြုကြသူတွေပေါ့။

သို့သော်လည်း အရင်းရှင်စနစ်ကိုယ်တိုင်က သေကောင်ပေါင်းလဲ ရောဂါကြီး ဖြစ်နေချိန်မှာ သူတို့ဖော်တဲ့ ဘယ်ဆေးကမှ အောက်ခံရောဂါအမှန်ကို ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း မရှိဘူး။

## ဇရာအို အရင်းရှင်စနစ်

အထက်မှာ ဖော်ပြခဲ့သလိုပဲ ငွေကြေးထိန်းချုပ်ရေးဝါဒီတွေက ငွေကြေးပေါ်လစီ တင်းကြပ်ပြီး ငွေကြေးဖောင်းပွမှုကို ကိုင်ချင်တယ်။ တချို့ဆိုရင် ရွှေစံနှုန်းထားတဲ့ခေတ်ကို ပြန်သွားဖို့ ပြောလာကြတယ်။ ငွေကြေး supply ကို ရွှေလို အမာခံ ရောင်းကုန်တမျိုးမျိုးနဲ့ တင်းတင်းကြပ်ကြပ် ပူးချည်ထားသင့်ကြောင်း ဆိုကြတယ်။

အရင်းရှင် စနစ်အောက် က ငွေကြေးဖောင်းပွမှုသမိုင်းကို ကြည့်လိုက်ရင် ဒီလို အကြံပြုချက်ပေးတာ ယုတ္တိရှိပါတယ်။ ရွှေစံနှုန်းကို ပစ်ပယ်ပြီး ဗဟိုဘဏ်တွေကို ပေါလော

ငွေစက္ကူတွေ စိတ်ကြိုက်ရိုက်ထုတ်ခွင့် ပေးလိုက်ကတည်းက ကုန်ဈေးတွေ တဟုန်ထိုး တက်ခဲ့တယ် မဟုတ်လား။

အင်္ဂလန်ဘဏ်က ဘောဂဗေဒပညာရှင်တွေရဲ့ သုံးသပ်ချက်ကို နမူနာပေးရရင် ယူကေမှာ ၁၉၄၈-၁၉၈၄ အတွင်း ကုန်းဈေးနှုန်း အဆနှစ်ဆယ် တက်ခဲ့တယ်။ ဒါပေမယ့် ၁၆၉၄ ခုကနေ ဒုတိယကမ္ဘာစစ် အဆုံးသတ်ကာလအထိ ရာစုနှစ်သုံးခုအတွင်း ကုန်ဈေးနှုန်း သုံးဆပဲ တက်ခဲ့ပါတယ်။ ဒီရာစုနှစ်သုံးခုအတွင်း ငွေကြေးဖောင်းပွမှု ဖြစ်ခဲ့တာကို ပြန်ကြည့်ရင် တသမတ်တည်းတောက်လျှောက်တက်နေတာမျိုး မဟုတ်ဘူး။ နပိုလီယံ စစ်ပွဲ၊ ပထမကမ္ဘာစစ်နဲ့ ဒုတိယကမ္ဘာစစ်လို ရွှေစံနှုန်း သတ်မှတ်ချက် အသက်မဝင်ဖြစ်နေချိန်စစ်အတွင်း ကာလတွေမှာပဲ ငွေကြေးဖောင်းပွမှုတွေ ဖြစ်ခဲ့တာ။

ဒါပေမယ့် ငွေကြေးထိန်းချုပ်ရေးဝါဒီတွေဟာ ဒီနေရာမှာလည်း အကြောင်းနဲ့ အကျိုးဆက်ကို ပြောင်းပြန်ကောက်ကြတယ်။ ရွှေစံနှုန်းသတ်မှတ်ချက် (ဒီနောက် ဘရက်တန်ဝုဒ်စ်အစီအမံ) ပြိုကျသွားရတာ နိုင်ငံရေး အမှားကြောင့် မဟုတ်ဘူး။ ကမ္ဘာ့အရင်းရှင်စနစ်အတွင်း စုပြုံလာတဲ့ ပဋိပက္ခတွေကို ဆက်ထိန်းမထားနိုင်တော့လို့ပဲ။

နယ်ချဲ့ပါဝါတွေဟာ ပထမကမ္ဘာစစ်ကြီး စဖြစ်တာနဲ့ ရွှေစံနှုန်းသတ်မှတ်ချက်ကို လွှတ်ချလိုက်တယ်။ နယ်ချဲ့စစ်ကို ငွေတွေ အလုံးအရင်း ရိုက်ထုတ်ပြီး ပံ့ပိုးဖို့ ဒီလိုလုပ်လိုက်တာ။ ဒီနောက်၁၉၃၀ ခုနှစ်များရောက်တော့ အရင်းရှင်စနစ် သမိုင်းတလျှောက် အပြင်းထန်ဆုံး စီးပွားပျက်ကပ်ဆိုက်တယ်။ ဒီအခါ စီးပွားရေး နလန်ထူအောင် လှုပ်နှိုးဖို့ဆိုပြီး တိုးချဲ့ရေး ပေါ်လစီတွေ ကျင့်သုံးကြတယ်။ ရွှေစံချိန်ပစ်ချပြီး ငွေတွေ လိမ့်ရိုက်ကြတယ်။ ဒီလိုနည်းနဲ့ အစိုးရ ဘတ်ဂျက်လိုငွေ ဖြည့်ခဲ့တယ်၊ အရှုံးပေါ်နေတဲ့ ဘဏ်တွေကို ငွေပေါ်လွယ်အောင် လုပ်ပေးခဲ့တယ်။

ငွေကြေးစနစ် အကြပ်အတည်းဆိုတာ အနှစ်သာရအရတော့ အရင်းရှင်စနစ် အကြပ်အတည်းကို ထင်ဟပ်ချက် ဖြစ်သလို ကုန်ထုတ်စွမ်းအားစုတွေက ပုဂ္ဂလိက ပိုင်ဆိုင်မှုနဲ့ အမျိုးသားနိုင်ငံတော်ဆိုတဲ့ ကိုယ်ကြပ်အင်္ကျီတွေကို ပုန်ကန်ခြားနားခြင်းလည်း ဖြစ်တယ်။

ကွန်မြူနစ် အင်တာနေရှင်နယ် မိန့်ခွန်းတွေထဲမှာ ထရော့စကီး ရှင်းပြခဲ့သလိုပဲ ငွေကြေးဖောင်းပွမှုဟာ အရင်းရှင်နယ်ချဲ့စနစ် ကျန်းမာရေး ယိုယွင်းပျက်စီးနေကြောင်း ပြနေတဲ့ လက္ခဏာပဲ။ ငွေကြေး ရိုက်ထုတ်ခြင်းနဲ့ ကြွေးမြီဆိုတာ အရင်းရှင်နယ်ချဲ့စနစ် အသက်ဆက်နိုင်အောင် drip သွင်းပေးခြင်းတမျိုးပါပဲ။

ဒီမတိုင်ခင်အထိ ဘူဇွာတွေက ငွေကြေးဖောင်းပွမှုကို ပွဲသိမ်းအနိုင်ယူပြီးပြီလို့ လက်ခမောင်းခတ်ခဲ့ကြတယ်။ ဥပမာ၊ ငွေကြေးထိန်းချုပ်ရေးဝါဒီတွေက အခုလို ကြွားလုံးထုတ်ခဲ့ဖူးတယ်။ ပြီးခဲ့တဲ့ဆယ်စုနှစ်တွေမှာ ကုန်ဈေးတွေ ထိန်းထားနိုင်ခဲ့တယ်၊ ထိပ်သီး အရင်းရှင်နိုင်ငံတွေမှာ ငွေကြေးဖောင်းပွမှု နဲ့ အလုပ်လက်မဲ့ မဆိုစလောက်သာရှိတဲ့ ခေတ်တခုကို ရောက်ရှိခဲ့ပြီတဲ့။

အထက်မှာ ရှင်းခဲ့သလိုပဲ အဲဒီကာလ ငွေကြေးဖောင်းပွမှု ငြိမ်နေခဲ့တာ ငွေကြေးထိန်းချုပ်ရေး ပေါ်လစီတွေကြောင့် မဟုတ်ဘူး။ ပကတိဘာဝ အကြောင်းအချက်တွေ (overproduction,ဂလိုဘယ်လိုင်ဇေးရှင်း၊ ကွန်ပြူတာနည်းပညာတွေ တိုးတက်လာခြင်း၊ စသဖြင့်) ပေါင်းစုံသွားခဲ့လို့ ကုန်ဈေး မတက်ခဲ့တာပါ။

တဖက်မှာ အုပ်စိုးသူ လူတန်းစားက

၁၉၇၀ခုနှစ်တွေကစပြီး လုပ်ခလစာ ဖြတ်တောက်မှုတွေ၊ အတင်းအကြပ် ခြိုးခြံရေးတွေ လုပ်လာခဲ့တယ်။ ဒါရဲ့ နောက်ဆက်တွဲ လူမှုရေး၊ စီးပွားရေး အကြီးအကျယ်ပျက်စီးမှုကြီးကို ခရက်ဒစ်တွေ အလုံးအရင်း ချဲ့ထွင်တဲ့နည်းနဲ့ အတန်အသင့် သက်သာစေခဲ့တယ်။

ဒါ့အပြင် တချိန်တည်းမှာပဲ အစိုးရကြွေးမြီ၊ ကော့ပရိတ်ကြွေးမြီ၊ အိမ်ထောင်စု ကြွေးမြီတွေ တောင်လိုပုံလာတယ်။ အဲသလို စုပြုံလာတဲ့ ပဋိပက္ခတွေဟာ ၂၀၀၈ မှာ ပေါက်ကွဲထွက်သွားခဲ့တယ်။

ဒီတော့ ငွေကြေးဖောင်းပွမှုနဲ့ ကြွေးမြီဟာ ဒင်္ဂါးပြားရဲ့ ခေါင်းနဲ့ပန်းလိုပါပဲ။ နှစ်ခုလုံးဟာ ‘ ထွင်ထားသော အရင်းတွေ’ dose တိုးတိုးပြီး ထိုးပေးနေမှ အသက်ဆက်နိုင်တဲ့ အရင်းရှင်စနစ် အကြပ်အတည်းရဲ့ ထင်ဟပ်ချက်သာ ဖြစ်တယ်။ ဒါပေမယ့် ဒီလို အသက်ဆွဲဆန့်နေခြင်းဟာ ဇရာအို အရင်းရှင်စနစ်ရဲ့ အတွင်းပဋိပက္ခတွေ ပိုများလာအောင် လုပ်ပေးရာ ရောက်တယ်။ နောင်အခါ ပိုပြင်းထန်၊ ပိုကြီးမားတဲ့ အကြပ်အတည်းတွေ ပေါက်ကွဲထွက်လာအောင် လမ်းခင်းပေးလိုက်တာပဲ။

## ထောက်ပံ့ရေး ရှော့(ခ်)များ

ကိုဗစ်-၁၉ ရောဂါကပ် ဖြစ်ပေါ်လာချိန်မှာ အစိုးရတွေက စီးပွားရေး လှုံ့ဆော်မှုအနေနဲ့ ဒေါ်လာထရီလီယံ အမြောက်အမြား သုံးစွဲခဲ့သလို ဗဟိုဘဏ်တွေကလည်း QE ပုံစံနဲ့ ငွေသားတွေ အလုံးအရင်း ရိုက်ထုတ်ခဲ့တယ်။ ဒီနောက် မကြာခင် ငွေကြေးဖောင်းပွမှု ဖြစ်လာတာ အဲသလို ထွင်ထားသော အရင်းတွေ လောင်းထည့်ခဲ့လို့ ဆိုတာ ရှင်းပါတယ်။ ဒါပေမယ့် ဒီတချက်တည်းကြောင့် မဟုတ်ပါဘူး။

ဝယ်လိုအား ကောင်းလာခြင်းဆိုတာ ပြဿနာရဲ့ မျက်နှာစာတခုပဲ ဖြစ်ပါတယ်။ ကမ္ဘာ့စီးပွားရေးကို ဖရိုဖရဲ ဖြစ်သွားစေတဲ့ ထောက်ပံ့ရေး ပြဿနာတွေလည်း ရှိသေးတယ်။ လုပ်သားရှားပါးမှုတွေ၊ ထုတ်လုပ်ရေး ဖြစ်စဉ်အတွင်း တစ်ဆို့ကြန့်ကြာခြင်းတွေကြောင့် အရေးကြီး ကုန်ပစ္စည်း အတော်များများ ထုတ်လုပ်ရေး ရပ်ဆိုင်းလုမတတ် ဖြစ်ကုန်တယ်။ [https://socialist.net/shortages-and-bottlenecks-expose-anarchy-of-capitalism/]

ထောက်ပံ့ရေး ကွင်းဆက်ချိန်းတန်းတွေကို မိုင်ကုန်အောင် ဆွဲဆန့်ပြီးသွားပြီ။ ပို့ဆောင်ရေး ကွင်းဆက်တွေ၊ ကွန်တိန်နာ သင်္ဘောလမ်းကြောင်းတွေ လနဲ့ချီ ဒါမှမဟုတ် နှစ်နဲ့ချီကြာအောင် နားထားရနိုင်ကြောင်း ခန့်မှန်းထားကြတယ်။ ဒါ့အပြင် ကဏ္ဍာပေါင်းစုံက လုပ်ငန်းခွင်တွေမှာ လစ်လပ်ရာထူးတွေ ပြန်ဖြည့်ဖို့တောင် အနိုင်နိုင် ဖြစ်နေကြတယ်။ (၂၀၂၁-၂၂ က ကမ္ဘာ့ကုန်သွယ်ရေး အခြေအနေကို ပြောနေတာပါ)။ [https://www.marxist.com/blockage-in-the-suez-canal-the-week-world-trade-stopped.htm]

တနေရာမှာ ပြတ်လပ်မှုဖြစ်လိုက်တာနဲ့ စီးပွားရေးတခုလုံး ဂယက်လှိုင်းတွေ ရိုက်ခတ်သွားနိုင်တယ်။ ဥပမာ၊ မိုက်ခရိုချစ်(ပ်) ဝယ်အားထောင်တက်သွားတာနဲ့ ကားထုတ်လုပ်ရေးလို စက်မှုလုပ်ငန်းတွေ ထိုးရပ်သွားခဲ့တာမျိုး။ [https://europe.autonews.com/automakers/vw-expects-microchip-shortage-last-until-2024]

ဒီလိုကသောင်းကနင်း ဖြစ်နေချိန် ရှော့(ခ်)တွေ တသီကြီး ထပ်ဆင့်လာခဲ့တယ်၊ ကမ္ဘာ့

စီးပွားရေးအတွက် အရေးကြီး ရောင်းကုန် ထောက်ပံ့မှုကို အကြီးအကျယ် ရိုက်ခတ်သွားခဲ့ တယ်။

အထင်ရှားဆုံးက ယူကရိန်းစစ်ပွဲ ထဖြစ် တယ်၊ အနောက်အုပ်စုက ပူတင်အစိုးရကို လောင်စာဆီ တင်ပို့လို့မရအောင် ဒဏ်ခတ်အရေး မှုတွေ လုပ်လာတယ်။ ယူကရိန်းနဲ့ ရုရှားက ဂျုံ တင်ပို့မှု အများဆုံး နိုင်ငံတွေ။ ရုရှားက အလူမီနီ ယံ၊ ပယ်လဒီယံနဲ့ ဓာတ်မြေဩဇာလို အရေးကြီး ကုန်ကြမ်းတွေ ထုတ်လုပ်ပေးတဲ့ တိုင်းပြည်။ [https://www.ft.com/content/cf0212cf-21f3-4520-ae5f-136ce3f78afc]

တခါ တရုတ်အစိုးရက 'ကိုဗစ် လုံးဝမရှိ စေရ' ပေါ်လစီ ကျင့်သုံးခဲ့တယ်။ စက်မှုဇုံဒေသ တွေမှာ လော့(ခ်)ဒေါင်းတွေ အတင်းအကြပ် ချ ပစ်ခဲ့တယ်။ ဒီဒေသတွေဟာ ကမ္ဘာ့ ကုန်ထုတ်လုပ် ရေးနဲ့ ကုန်သွယ်ရေးမှာ အရေးကြီး ဆက်ထုံးတွေ ဖြစ်နေတော့ စိုးရိမ်မှုတွေ အများအပြား ရှိခဲ့တယ် ။

တန်ဖိုး၊ ဈေးနှုန်းနဲ့ ငွေကြေးကြားက ဆက်နွယ်ချက်ကို နားလည်ထားရင် ဒီဖြစ်စဉ်က လည်း ငွေကြေးဖောင်းပွမှုကို မီးထိုးပေးခဲ့ကြောင်း ထင်းခနဲ တွေ့ရလိမ့်မယ်။

ရောင်းအားနဲ့ ဝယ်အား တဖက်စောင်းနင်း ဖြစ်လာတဲ့အခါ ကုန်ဈေးတွေ တက်လာတယ်။ ထုတ်လုပ်ရေးနဲ့ ဖြန့်ဖြူးရေးမှာ မရှိမဖြစ် အရေးကြီးသော လောင်စာစွမ်းအင်နဲ့ ပို့ဆောင် ရေးလို အစိတ်အပိုင်းတွေ ဒီလိုကမောက်ကမ ဖြစ်သွားရင် ပိုဆိုးပါတယ်။ ဒီနောက် အထွေထွေ ကုန်ဈေးနှုန်းအပေါ် တသီတတန်းကြီး ရိုက်ခတ် သွားပြီး ငွေကြေးဖောင်းပွမှုလဲ အကျယ်အပြန့် ဖြစ်လာတော့တယ်။

ဥပမာ၊ ထိပ်သီးအရင်းရှင် တိုင်းပြည် အများစုက ငွေကြေးဖောင်းပွမှု ကိန်းဂဏန်းတွေ ရဲ့ တဝက်ကျော်ဟာ လောင်စာဆီဈေး တက်သွား ခြင်းရဲ့ အကျိုးဆက် ဖြစ်နေတာ တွေ့ရမယ်။ ယူရို ဇုံမှာဆိုရင် ငွေကြေးဖောင်းပွမှုရဲ့ လေးပုံသုံးပုံ လောက်ဟာ စွမ်းအင်နဲ့ အစားအသောက် ဈေးနှုန်းတွေ တက်သွားလို့ ဖြစ်နေတာ။

ကုန်ဈေးတွေ တက်နေပေမယ့် ထုတ်လုပ်မှု တန်ဖိုးတွေ တက်မလာပါဘူး။ နမူနာပေးရရင် ရုရှား ရေနံစိမ်း တင်ပို့မှုကို ပိတ်ဆို့လိုက်လို့ အမေ ရိကမှာ ရေနံထုတ်လုပ်ဖို့ လူ့အဖွဲ့အစည်းဆိုင်ရာ လိုအပ်သော အလုပ်ကြာချိန် ပြောင်းလဲမသွားပါ ဘူး။

အကျိုးဆက်ကတော့ လူနာမျက်ဖြူဆိုက် လေ ဆရာကြိုက်လေ ဖြစ်ကုန်တယ်။ အခုလို လောင်စာဆီ စွမ်းအင် အကြပ်အတည်း ဖြစ်နေ တာကို အခွင့်ကောင်းယူပြီး လောင်စာဆီ လက်ဝါးကြီးအုပ် လုပ်ငန်းစုတွေက အမြတ်တွေ သဲ့ယူလာကြတယ်။ သဘာဝပတ်ဝန်းကျင် မ ပျက်စီးအောင် လူတိုင်း clean energy လက်လှမ်းမီရေး ရင်းနှီးမြှုပ်နှံတာမျိုး မလုပ်ပါဘူး ။ [https://socialist.net/war-in-ukraine-path-to-climate-disaster/]

## ဈေးကွက် ပရမ်းပတာဖြစ်ခြင်း

ဈေးကွက်ရဲ့ စွမ်းပကားကို အလွန် အထင်ကြီးတဲ့ အုပ်စိုးသူ လူတန်းစား ကိုယ်စားလှယ်တွေက ဒီအနှောင့်အယှက်တွေ မြန်မြန် ပြေလည်သွားပြီး မကြာခင် မျှခြေပြန် ရောက်မယ်လို့ ယုံကြည်ထားခဲ့တယ်။

လော့(ခ်)ဒေါင်း ဖြည်ကာစ ထောင် တက်နေတဲ့ ဝယ်အားလည်း ခဏနေ ပြန်ကျသွား လိမ့်မယ်။ ရောင်းအားက အမီလိုက်လာပြီး 'ပုံမှန်'

ပြန်ဖြစ်သွားမယ်။ ငွေကြေးဖောင်းပွမှုဆိုတာလည်း ခဏတဖြုတ် အဖျားတက်တာထက် မပိုပါဘူးလို့ သူတို့ မျှော်လင့်ခဲ့တယ်။

ဒါပေမယ့် အထက်မှာ နမူနာပေးခဲ့တဲ့ ကဏ္ဍတွေကို ကြည့်လိုက်ရင် အများစုကို OPEC ( ရေနံရောင်း နိုင်ငံများအဖွဲ့) လို လက်ဝါးကြီးအုပ် လုပ်ငန်းစုတွေက ချုပ်ကိုင်ထားတယ်။ ဒီလို လုပ်ငန်းကြီးတွေက ကုန်ဈေးတက်လာရင် အမြတ်များများရအောင် လုပ်ဖို့ပဲ ဦးစားပေး နေကျ။ ထုတ်လုပ်ရေးကို ဦးစားပေးတာမျိုး မရှိဘူး။

နောက်ပေါက်ကုမ္ပဏီတွေအနေနဲ့ ဒီလို လုပ်ငန်းစုကြီးတွေနဲ့ ယှဉ်ပြိုင်ပြီး ဈေးကွက်ထဲဝင်ဖို့ဆိုတာ မဖြစ်နိုင်သလောက်ပဲ။ ယှဉ်ပြိုင်မှု မရှိလေ လက်ဝါးကြီးအုပ် လုပ်ငန်းကြီးတွေ ဖြတ်တဲ့ ဈေးကို ပေးဝယ်ရလေ။

တချိန်တည်းမှာ ဂလိုဘယ်လိုင်ဖေးရှင်း ဖြစ်စဉ်နဲ့အတူ လက်ဝါးကြီးအုပ်ချုပ်ထွင်ခြင်း၊ အထူးပြုထုတ်လုပ်ခြင်းတွေ အလွန်တရာ ကြီးထွားလာခဲ့တယ်။

ဥပမာ၊ ကွန်ပြူတာ ချစ်(ပ်) ထုတ်လုပ်ခြင်းလို အလွန်အရေးပါတဲ့ စက်မှုလုပ်ငန်းတွေဟာ နိုင်ငံတခု/နှစ်ခုမှာပဲ စုနေတယ်။ ဒီလုပ်ငန်းတွေကိုသာ ကမ္ဘာ့အခြား တိုင်းပြည်တွေနဲ့ အဆက်ဖြတ်လိုက်မယ်ဆိုရင် အထိမခံဖြစ်နေတဲ့ ထောက်ပံ့ရေး ကွင်းဆက်ချိန်းတန်းတွေ၊ ဂလိုဘယ် ဈေးကွက်တွေ ရှေ့ဆင့်နောက်ဆင့် ကျိုးပျက်သွားနိုင်တယ်။

အရင်းစစ်လိုက်ရင် ဒါတွေအားလုံး အရင်းရှင်စနစ် ပရမ်းပတာဖြစ်မှုရဲ့ အသီးအပွင့်ပဲ။ အရင်းရှင်စနစ်ဆိုတာ ပုဂ္ဂလိက ပိုင်ဆိုင်မှုစနစ်ဖြစ်သလို အမြတ်ရဖို့ ပဓာနထား ထုတ်လုပ်သော စနစ်လဲ ဖြစ်တယ်။

ဒီတော့ အမြတ်များများရနိုင်အောင် အပြိုင်အဆိုင် လုပ်ကြတယ်။ ကုန်ကျစရိတ် သက်သာအောင် ထုတ်လုပ်ရေး လိုအပ်ချက် ပစ္စည်းတွေကို 'အချိန်မီလေး တင်သွင်းတဲ့' နည်းလမ်းတွေကို သုံးခဲ့ကြတယ်။ ထုတ်လုပ်ရေးမှာ လိုအပ်တဲ့ ပစ္စည်းတွေကို ကြိုလှောင်ထားတာမျိုး မလုပ်တော့ဘူး။ ဝယ်အားနဲ့ ချိန်သားကိုက် လို သလောက်ပဲ အချိန်မီလေး တင်သွင်းပြီး ထုတ်လုပ်ကြတာ။ ဒီနည်းနဲ့ သိုလှောင်စရိတ် လျှော့ချတယ်၊ အလေအလွင့် နည်းအောင် လုပ်တယ်၊ ထောက်ပံ့ရေး ကွင်းဆက်ချိန်းတန်းကို အလွန်အကျွံ ဆွဲဆန့်လိုက်တယ်။ ဒါတွေ လုပ်ရခြင်းရဲ့ ရည်ရွယ်ချက်က အများကြီး မဟုတ်ဘူး၊ တခုတည်းပါ။ များနိုင်သမျှ အမြတ်များများ ရရှိရေး။

အဲလိုပဲ ထိပ်သီး အရင်းရှင် နိုင်ငံတွေမှာ စက်မှုလုပ်ငန်းနဲ့ အခြေခံအဆောက်အဦလို ရေရှည်ရင်းနှီးမြှုပ်နှံမှုပိုင်းမှာ သိပ်မလုပ်တော့ဘူး ။ ငွေမြန်မြန်ပွားလွယ်တဲ့ ငွေကြေး ဈေးကစားတာမျိုးပဲ လုပ်ချင်ကြတယ်။

ဒါပေမယ့် ဒီလို မျက်တောင်မွေးတဆုံးပဲ ကြည့်လုပ်ခြင်းဟာ အရင်းရှင်စနစ်ကို ချိနဲ့စေတယ်။ အခုလို 'ရှောင်တခင်'ပေါ်လာတဲ့ ရှော့ခ်တွေ (သဘာဝဘေး၊ ရောဂါကပ်နဲ့ စစ်ပွဲတွေ) ကြုံရတဲ့အခါ ဒဏ်မခံနိုင်တော့ဘူး ။

ခာတ်ငွေ့ကိုပဲ နမူနာပေးကြည့်မယ်။ ပြီးခဲ့တဲ့နှစ်တွေက ယူကေမှာ ခာတ်ငွေ့ သိုလှောင်မှုပမာဏကို တနှစ်တာ လိုအပ်ချက်ရဲ့ ၁၀%ကနေ ၂%အထိ လျှော့ချပစ်ခဲ့တယ်။ ဒီတော့ ပြည်တွင်းဝယ်အား နည်းနည်းလေး တက်လိုက်ရင်ပဲ ဖြစ်ဖြစ် ဒါမှမဟုတ် တင်သွင်းနိုင်မှု လျော့သွားတာပဲဖြစ်ဖြစ် ခာတ်ငွေ့ မလောက်မှာ ပူရပြီ။ ဈေးလည်း ထိုးတက်ပြီ။ ပြီးခဲ့တဲ့နှစ်က အဲသလို

ဖြစ်သွားတာပဲ။

ဆီဈေးကို ကြည့်ဦးမလား။ ကိုဗစ်စဖြစ်တော့ ဝယ်အားထိုးကျပြီး ဈေးလည်း မကြုံစဖူး ပြုတ်ကျတယ်။ နောက် ၂နှစ်အကြာ လော့ခ်ဒေါင်းတွေ ဖြည်လိုက်တာနဲ့ ဝယ်အားက ပြန်လိုက်လာတယ်။ အဲဒီအခါကျ အိပ်ပျော်နေတဲ့ ရေနံတူးစက်တွေနဲ့ အလျဉ်မီ လိုက်မထုတ်နိုင်တော့ဘူး။

ဒါ့အပြင် ယူကရိန်း စစ်ပွဲရဲ့ ရိုက်ချက်တွေက ရှိသေးတယ်။ ဒီတော့ ရေနံစိမ်း တစည်ကို ဒေါ်လာတရာအထက် ဖြစ်သွားတယ်။

ဒီလို အခြေခံကျတဲ့ ဖြစ်စဉ်မျိုး ကမ္ဘာ့စီးပွားရေးတခုလုံးမှာ တွေ့နိုင်တယ်။ ဂနာမငြိမ်လွန်းတဲ့ ရောင်းအား၊ ဝယ်အား အပြောင်းအလဲတွေကို မမြင်ရတဲ့ လက်ကြီးက ချိန်ခွင်လျှာ ညှိမပေးနိုင်ပါဘူး။ အရင်းရှင်စနစ်အပေါ် တဖြောဖြောစီးကျလာတဲ့ အားပြင်းပြင်း ရိုက်ချက်တွေကိုလည်း သူမခံနိုင်ပါဘူး။ အရေးကြီး လူသုံးကုန်တွေ၊ ကုန်ကြမ်းတွေ ပြတ်တောက်ကုန်တာပဲ ဖြစ်ခဲ့တယ်။

“ဒီလောက်ကြီးမား ပြင်းထန်တဲ့ ရှော့ခ်မျိုး မကြုံဖူးဘူး။ ဒါ့ကြောင့် ဝယ်အားကို အတင်းအဓမ္မလျှော့ချတာမျိုး မလုပ်ဘဲ ဈေးကွက်ကို ပြန်တည့်မတ်ပေးနိုင်မယ် မထင်ဘူး” လို့ The Economist မဂ္ဂဇင်းက ရေးသားဖော်ပြတယ်။ [The Economist, March 12, 2022]

တနည်းဆိုရရင် ရာရှင်နဲ့ စားရတဲ့ခေတ်ကို ပြန်သွားခိုင်းနေတာပဲ။

ချုပ်ရရင် ဈေးကွက် ကျရှုံးသွားပြီ။ ဈေးကွက်ကိုသာ သူ့အတိုင်း လွှတ်ထားလိုက်ရင် အရင်းအမြစ်တွေကို ထိထိရောက်ရောက် ကိုင်တွယ်သွားလိမ့်မယ်ဆိုတာ စိတ်ကူးယဉ်သက်သက်ပဲ။ တကယ့်လက်တွေ့မှာ လူ့အသက်ရှင်ရုံ အခြေခံ လိုအပ်ချက်တွေလောက်ကို မဖြည့်ဆည်းပေးနိုင်ဘူး။ ဒီလို ပရမ်းပတာ အရင်းရှင် ဈေးကွက်စနစ် နေရာမှာ ဆိုရှယ်လစ် စီမံကိန်း ထုတ်လုပ်ရေးစနစ်ကို အစားထိုးပစ်ဖို့ လိုအပ်တယ်။

## ဂလိုဘယ်လိုင်ဇေးရှင်း ပြိုကွဲလာခြင်း

ထွင်ထားသော အရင်းနဲ့ ထောက်ပံ့ရေး ရှော့(ခ်)တွေအပြင် ဒီကနေ့ ငွေကြေးဖောင်းပွမှု အကြပ်အတည်းကို ဖြစ်စေတဲ့ အဓိက အကြောင်းအချက် ရှိသေးတယ်။ ထုတ်လုပ်ရေး ကုန်ကျစရိတ်တွေ အရင်ကထက် ပိုများလာတဲ့ အချက်ပါပဲ။

ထွင်ထားသော အရင်းတွေ ဒလဟော လောင်းထည့်ပြီး၊ ထောက်ပံ့ရေး ရှော့(ခ်)တွေ တသီတတန်းကြီး ကြုံခဲ့ရလို့ ရောင်းအား၊ ဝယ်အား ချိန်ခွင်လျှာ တဖက်စောင်းနင်း ဖြစ်သွားခဲ့တယ်။ ဒီနှစ်ချက်ကြောင့် ကုန်ဈေးနှုန်းတွေ တက်ခဲ့တယ်။ ဒါပေမယ့် ငွေကြေးဖောင်းပွမှုရဲ့ တတိယ အကြောင်းအချက်ကတော့ တန်ဖိုးတွေ နှိုင်းရသဘော တိုးလာခြင်းကို ညွှန်ပြနေတယ်။ သဘောက တချို့သော ရောင်းကုန်တွေ ထုတ်လုပ်၊ ဖြန့်ဖြူးဖို့ လိုအပ်သော လူ့အဖွဲ့အစည်းဆိုင်ရာ အလုပ်ကြာချိန် အရင်ကထက် ပိုများလာခဲ့တယ်။

ရှေ့ဆယ်စုနှစ်တွေမှာ တရုတ်၊ ရုရှားနဲ့ အရှေ့ဥရောပ နိုင်ငံတွေက ကမ္ဘာ့ဈေးကွက်ကို ဖွင့်ပေးခဲ့တယ်။ ဒီအခါ အနောက် အရင်းရှင် လူတန်းစားအတွက် ဈေးပေါလှသော ကုန်ကြမ်း အရင်းအမြစ်တွေ၊ လုပ်အားတွေ ရရှိသွားခဲ့တယ်။

ဒါ့အပြင် ပို့ဆောင် ဆက်သွယ်ရေး နည်းလမ်းတွေ တိုးတက်လာတာနဲ့အမျှ ဂလိုဘယ် ထောက်ပံ့ရေး ကွင်းဆက်ချိန်းတန်းကြီးတွေ

အခြေခိုင်လာခဲ့တယ်။ ဒီအခါ ကုန်ထုတ်လုပ်ရေးက နိုင်ငံဖြတ်ကျော် ရောမ လက်ဝါးကြီးအုပ်လုပ်ငန်းစုကြီးတွေအဖြစ် စုစည်းမိသွားတယ်။ ရလဒ်အနေနဲ့ ကုန်ထုတ်သတ္တိ တိုးလာပြီး ကုန်ကျစရိတ်တွေ အများကြီး သက်သာခဲ့တယ်။

အခု အဲသလို မဟုတ်တော့ဘူး။ ဂလိုဘယ်လိုင်ဖေးရှင်း ပြိုကွဲလာသလို အရင်းရှင်နိုင်ငံကြီးတွေက protectionism လို့ခေါ်တဲ့ ပြည်တွင်းလုပ်ငန်း အဓိကဦးစားပေးဝါဒကို ကျင့်သုံးလာကြတယ်။ ဂလိုဘယ်လိုင်ဖေးရှင်းက နောက်ဆုတ်သွားပြီး စီးပွားရေး အမျိုးသားရေးဝါဒ ရှေ့တန်းရောက်လာတယ်။ ဂလိုဘယ် ထောက်ပံ့ရေး ချိန်းတန်းတွေ အထုံးပြေစပြုလာပြီ။ ဒီအရာတွေအားလုံးက ကိုဗစ်ကပ်၊ ယူကရိန်းစစ်နဲ့ ရုရှားအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုတွေကို တုံ့ပြန်သောအားဖြင့် အရှိန်ပိုပြင်းလာတယ်။

ဒီအခါ ဒုတိယကမ္ဘာစစ် နောက်ပိုင်း တစတစ ကျယ်ပြန့်လာသော အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး ကျဆင်းလာတယ်။

အကျိုးဆက်အနေနဲ့ ကမ္ဘာ့ဈေးကွက် အပိုင်းပိုင်း ကွဲအက်လာပြီး ကုန်ထုတ်လုပ်မှုလည်း စရိတ်စက များလာတယ်၊ လုပ်အားခနဲ့ နှိုင်းယှဉ်လိုက်ရင် ကုန်ဈေးတွေလည်း တက်လာတယ်။

ဂျိုးဘိုင်ဒင်ကိုပဲ နမူနာကြည့်။ 'အမေရိကမှာ ထုတ်သည်' ကြွေးကြော်သံကိုပဲ ခဏခဏ အာရိုက်နေတယ်။ ထုတ်လုပ်ရေး လုပ်ငန်းတွေကို အမေရိက ပြန်ရွှေ့ဖို့ စဉ်းစားနေတယ်။ တကယ့်လက်တွေ့မှာ ကုန်သွယ်ရေး တံတိုင်းတွေ ထပ်တိုးခြင်းပါပဲ။ ဒီအခါ ထုတ်လုပ်သူတွေ ကုန်ကျစရိတ် ပိုများလာမယ်။

အုပ်စိုးသူ လူတန်းစားရဲ့ နိုင်ငံရေးဆုံးဖြတ်ချက်တွေက ငွေကြေးဖောင်းပွမှုအပေါ် သက်ရောက်မှု ကြီးကြီးမားမား ရှိနေကြောင်း ဒီအချက်က လှစ်ဟပြလိုက်တာပဲ။ ဒေါ်နယ်ထရမ့်ရဲ့ 'အမေရိက ပထမ' ပေါ်လစီတွေ၊ ဘိုးရစ်(စ်) ဂျွန်စင်ရဲ့ ဘရက်ဇစ် လုပ်ရပ်တွေ၊ ယူကရိန်းမြေပေါ်မှာ ဆင်နွှဲနေသော ယူအက်(စ်)နဲ့ ရုရှားတို့ရဲ့ ကြားခံစစ်ပွဲ၊ စသဖြင့်။ ဒီဆုံးဖြတ်ချက်တွေ ကိုယ်တိုင်က အရင်းရှင်စနစ်ရဲ့ ပဋိပက္ခတွေ ပြင်းထန်လာပြီး အကြပ်အတည်း ဆိုက်နေလို့ တုံ့ပြန်ထွက်ပေါ်လာတာ ဖြစ်ပေမယ့် တဟုန်းဟုန်းတောက်လောင်နေတဲ့ မီးလျှံတွေပေါ် ဓာတ်ဆီ ထပ်လောင်းသလို ဖြစ်ခဲ့တယ်။



Image : Kees torn, wikimedia commons

အရေးကြီးဆုံးအချက်က အမျိုးသား နိုင်ငံတော်ဆိုတာလဲ ပုဂ္ဂလိက ပိုင်ဆိုင်မှုလိုပဲ ကုန် လုပ်စွမ်းအားစု ဖွံ့ဖြိုးမှုကို အခြေခံကျကျ တားဆီး ပိတ်ပင်နေတဲ့ အရာဖြစ်ကြောင်း အထက်ပါ အချက်တွေက မီးမောင်းထိုးပြနေတယ်။

## 'Stagflation'

ယေဘုယျအကျိုးဆက်ကတော့ ကမ္ဘာ့ စီးပွားရေးဟာ ငွေကြေးဖောင်းပွမှုနဲ့ တိုးတက်မှု ဆိတ်သုဉ်းခြင်း တပြိုင်တည်း ဖြစ်ပေါ်နေတဲ့ အိပ်မက်ဆိုး ချောက်ကမ်းပါးဆီ ဦးတည်ရွေ့လျား နေတယ်။ ဒီဖြစ်စဉ်ကို ဘူဇွာ ဘောဂဗေဒသမား တွေက 'stagflation' လို့ နာမည်ပေးထားကြ တယ်။ stagnation ဆိုတဲ့ စီးပွားရေး တိုးတက်မှု ဆိတ်သုဉ်းခြင်းနဲ့ inflation ငွေကြေးဖောင်းပွမှု တပြိုင်တည်းဖြစ်နေတာမို့ အခုလို နာမည် ပေးလိုက်တဲ့သဘော။

ဗမာပြည် စီးပွားရေးကတော့ တိုးတက်မှု ဆိတ်သုဉ်းတဲ့ အဆင့်တောင် မဟုတ်ဘူး။ အနှုတ်ပြတဲ့အဆင့်၊ deep recession ခေါ် စီးပွားပျက်ကပ် ဆိုက်တဲ့ အနေအထားပါ။ ၂၀၂၁ စစ်အာဏာသိမ်း ပြီးနောက်ပိုင်း အလုပ်လက်မဲ့ဦးရေ သန်းနဲ့ချီ တိုး လာခဲ့တယ်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့ ILO ရဲ့ ၂၀၂၃၊ ဩဂုတ်လ ၁၁ ရက်နေ့ ထုတ် ပြန်ချက်အရ ၂၀၂၁ ဖေဖော်ဝါရီ ၁ရက် စစ်တပ် အာဏာသိမ်းပြီးနောက်ပိုင်း အလုပ်ဖြုတ်ခံရတဲ့ အလုပ်သမားဦးရေ ၄၁ ရာခိုင်နှုန်းအထိ မြင့်တက် ခဲ့တယ်။

ဒါ့အပြင် ၂၀၁၇-၂၀၂၂ ခုနှစ်အတွင်း လုပ်ငန်းခွင်ဝင်နိုင်သော လူဦးရေ တိုးလာပေမယ့် ၂၀၂၂ ခုနှစ်ရဲ့ အလုပ်အကိုင် ရရှိမှုအချိုးအစားဟာ ၂၀၁၇ ခုနှစ် အနေအထားထက် ၈.၂% လျော့နည်း နေကြောင်း ILO ရဲ့ ဇူလိုင် ၂၇ သတင်း ထုတ်ပြန် ချက်မှာ ဖော်ပြထားတယ်။ ကုန်ထုတ်သတ္တိက တိုးမလာဘဲ ၂၀၂၁ မှာ ၈% ကျဆင်းသွားခဲ့ပြီး ၂၀၂၂ ပထမ ခြောက်လအတွင်း ၂% ထပ်ကျခဲ့ တယ်လို့ ဆိုပါတယ်။

ဒီလို တရားဝင် ထွက်လာတဲ့ ကိန်းဂဏန်း တွေကို ကြည့်ရင်ပဲ ဗမာပြည်ရဲ့ စီးပွားရေး ကျ ဆင်းမှုအခြေအနေကို အထင်အရှား မြင်နိုင်ပါ တယ်။ ပကတိအခြေအနေက ဒီအချက်အလက် တွေထက် ပိုဆိုးမှာ သေချာပါတယ်။ ကုန်ထုတ် သတ္တိကျဆင်းမှုနဲ့ အလုပ်လက်မဲ့ သန်းချီများပြား မှုအပြင် ကြွေးမြီတွေ တောင်လိုပုံနေတာကို လည်း ထည့်ပြောဖို့ လိုတယ်။ [https://www.ilo.org/yangon/press/WCMS_888635/lang--en/index.htm?fbclid=IwAR3AjSN-YQOUEB-zEn-cQ4J3_bH3Lp4-NMCj2-QKoW9Guh7M-cazLOaxry4GM]

ဒီကနေ့ အရင်းရှင်စနစ် အကြပ်အတည်း ကို ရင်ဆိုင်နေရတဲ့ အုပ်စိုးသူ လူတန်းစားမှာ

**ဗမာပြည် စီးပွားရေးကတော့ တိုးတက်မှု ဆိတ်သုဉ်းတဲ့ အဆင့်တောင် မဟုတ်ဘူး။ အနှုတ်ပြတဲ့ အဆင့်၊ deep recession ခေါ် စီးပွားပျက်ကပ် ဆိုက်တဲ့ အနေအထားပါ။ ၂၀၂၁ စစ်အာဏာသိမ်းပြီးနောက်ပိုင်း အလုပ်လက်မဲ့ဦးရေ သန်းနဲ့ချီ တိုးလာခဲ့တယ်။**

အားထားစရာ ဘာလက်နက်မှ မရှိတော့ဘူး။

အုပ်စိုးသူ လူတန်းစား သုံးနေကျ အသွားတုံး လက်နက်တခုဖြစ်တဲ့ အတိုးနှုန်းကိုပဲ နမူနာ ကြည့်ရအောင်။ ဒီလက်နက်ကို ထုတ်သုံးရတဲ့ ရည်ရွယ်ချက်က ငွေကြေး ပမာဏကို တင်းကြပ်ပြီး ဝယ်အား လျှော့ချဖို့။ ဒါပေမယ့် ဝင်ငွေတိုးမလာဘဲ ကုန်ဈေးနှုန်းတွေ တက်နေလို့ စားသုံးသူ ဝယ်လိုအားက ကျနေပြီးသား။ ဒီတော့ ကိုဗစ်ကပ်အလွန်မှာ စီးပွားရေး နာလန်ထူလာမယ်ဆိုတဲ့ ခန့်မှန်းချက်တွေလည်း အငွေ့ပြယ်သွားခဲ့ပြီ။

ဒါ့အပြင် အတိုးနှုန်း တက်လာတာနဲ့အမျှ ကြွေးမြီဝန်ထုပ်က ပိုလေးလံလာမယ်၊ ချေးငှားရတဲ့ ကုန်ကျစရိတ် တက်သွားမယ်။ အိမ်ထောင်စုအလိုက်၊ လုပ်ငန်းစုအလိုက်၊ အစိုးရအလိုက် အကြွေးလည်ပင်းနစ်နေတဲ့ ဒီကနေ့ ကာလမှာ အတိုးနှုန်းပါ ထပ်တက်ရင် စီးပွားပျက်ကပ် ဆိုက်သွားနိုင်တယ်။

ဒါ့ကြောင့် ဒီကနေ့အခြေအနေကို ၁၉၇၀ ပြည့်နှစ်များ အခြေအနေတွေနဲ့ နှိုင်းယှဉ်ပြောလာကြတယ်။ အဲဒီကာလမှာ အခုလိုပဲ စီးပွားရေး ကျဆင်းမှု၊ အလုပ်လက်မဲ့ များပြားမှုနဲ့ ငွေကြေးဖောင်းပွမှုတွေ တပြိုင်တည်း ဖြစ်ခဲ့တယ်။

အဲဒီတုန်းက ငွေကြေးဖောင်းပွမှု ဖြစ်စေတဲ့ ဖိအားတွေကို ပြန်ကြည့်ရင် ၁၉၇၃ လောင်စာဆီ အကြပ်အတည်းလို ထောက်ပံ့ရေး ရှော့(ခ်)တွေ ဖြစ်ခဲ့သလို ထွင်ထားတဲ့ အရင်းတွေ လောင်းထည့်တာလည်း ရှိခဲ့တယ်။ Yom Kippur စစ်ပွဲ ဖြစ်ပြီး လောင်စာဆီ ကုန်သွယ်မှု ပိတ်ပင်တာတွေ ဖြစ်ခဲ့တယ်။ အကျိုးဆက်အနေနဲ့ လောင်စာဆီဈေးတွေ ထောင်တက်သွားခဲ့တယ်။

၇၀စုနှစ်များ အဆုံးသတ်ကျ အခြေအနေဟာ ထိန်းမရသိမ်းမရ ဖြစ်သွားပြီ။ ၁၉၇၉ ဒီဇင်ဘာမှာ ယူအက်(စ်)ရဲ့ တနှစ်တာ ငွေကြေးဖောင်းပွနှုန်းက ၁၃% ကျော်သွားပြီ။

အဲဒီနှစ်မှာပဲ ယူအက်(စ်)သမ္မတ ဂျင်မီကာတာက "လက်တွေ့ကျသော ငွေကြေးထိန်းချုပ်ရေးဝါဒီ"လို့ ကြွေးကြော်ထားတဲ့ Paul Volcker ကို ဖက်ဒရယ်ဘဏ် ဥက္ကဋ္ဌ ခန့်လိုက်တယ်။ ဥက္ကဋ္ဌ ဖြစ်ပြီး ချက်ချင်းဆိုသလို Volcker က ဗဟိုဘဏ် အတိုးနှုန်းကို ၁၀%ကနေ ၂၀%အထိ ဆွဲတင်ပစ်လိုက်တယ်။

ဗဟိုဘဏ်ရဲ့ ရည်ရွယ်ချက်က ခရက်ဒစ်အသုံး ကန့်သတ်ပြီး စီးပွားရေး ကျဆင်းမှုကို ဖန်တီးယူဖို့ ဖြစ်တယ်၊ စီးပွားရေး ကျဆင်းသွားရင် အလုပ်လက်မဲ့တွေ များလာမယ်၊ လုပ်ခလစာနှုန်းထားတွေ ကျဆင်းသွားမယ်လို့ တွက်ထားတယ်။ ဒီရည်မှန်းချက်ကိုတော့ အုပ်စိုးသူ လူတန်းစားနဲ့ Volcker တို့ အောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။

ဒါပေမယ့် ဒီလုပ်ရပ်ကြောင့် အကြီးအကျယ် ပျက်စီးဆုံးရှုံးခဲ့ရတယ်။ လူ့အဖွဲ့အစည်းတခုလုံးအပေါ် ကျရောက်ခဲ့တဲ့ ဒဏ်ချက်တွေဟာ ဒီကနေ့ထိ အမာရွတ် စွဲကျန်နေတုန်းပဲ။ စက်မှုလုပ်ငန်းတွေ ဖြုတ်သိမ်းသွားတဲ့ Rust Belt ဒေသတွေကို သွားကြည့်လိုက်ပါ။

ဒါပေမယ့် သမိုင်းဆိုင်ရာ ဖြစ်ရပ်တွေကို နှိုင်းယှဉ်ပြောတိုင်း အကန့်အသတ်ဆိုတာ ရှိစမြဲ။ ၂၀၂၂ဟာ၁၉၈၀မဟုတ်ပါဘူး။ငွေကြေးဖောင်းပွမှု အလွန်ပြင်းထန်တဲ့ အကြပ်အတည်း နှစ်ခုလုံးမှာ တူညီချက်တွေ အများကြီး ရှိပါတယ်။ ဒါပေမယ့် မတူတဲ့အချက်တွေလည်း ရှိပါတယ်။

ပထမဆုံးအချက်က ဒီကနေ့ အုပ်စိုးသူ လူတန်းစားမှာ ကြွေးမြီနဲ့ ထွင်ထားသော အရင်းတွေ အရင်ကထက် အဆပေါင်းများစွာ ပိုများတယ်။

၂၀၂၀ ခုနှစ်မှာ တကမ္ဘာလုံး ကြွေးမြီက ကမ္ဘာ့ဂျီဒီပီရဲ့ ၃၆၀% ရှိနေပြီ။ ကိုဗစ်ကပ်ဆိုင်ရာ အစိုးရ အသုံးစရိတ်တွေကြောင့် ကြွေးမြီ ၂၈% ခုန်တက်သွားခဲ့တယ်။ အမေရိကမှာ ဖက်ဒရယ် ကြွေးမြီက ဂျီဒီပီရဲ့ ၁၄၀% ရှိနေတယ်။ ၁၉၈၀ ခုနှစ်တွေတုန်းက အမေရိကရဲ့ ကြွေးမြီဟာ ဂျီဒီပီရဲ့ ၃၂% ရှိခဲ့တယ်။

တခြားနိုင်ငံတွေလည်း ဒီသဘောပါပဲ။ တကမ္ဘာလုံး ဒီလောက် ကြွေးမြီများတာ မကြုံဖူးသေးဘူး။ ဒီလိုအချိန်မှာ အတိုးနှုန်း တက်လိုက်ရင် စီးပွားရေးတခုလုံး ကြေမွပျက်စီးသွားမယ်။ မိသားစုတွေ၊ လုပ်ငန်းစုတွေ၊ နိုင်ငံတွေ အမြောက်အမြား ချွတ်ခြုံကျသွားမယ်။

ဒီကနေ့ ဂလိုဘယ် စီးပွားရေးဟာ ၁၉၈၀ ခုနှစ်တွေတုန်းကလို မဟုတ်တော့ဘူး၊ မယှဉ်သာအောင် ပေါင်းစည်းသွားပြီ။ ဒီတော့ ဖက်ဒရယ် ဗဟိုဘဏ်ရဲ့ ဆုံးဖြတ်ချက်တွေဟာ တကမ္ဘာလုံး အတိုင်းအတာနဲ့ ရိုက်ခတ်သွားလိမ့်မယ်။ သီရိလင်္ကာ ဒေဝါလီခံရခြင်း၊ ဒီနောက် စတော့(ခ်) ဈေးကွက် တုန်လှုပ်သွားခြင်းတွေဟာ ရှေ့မှာစောင့်ကြိုနေတဲ့ အရာတွေကို နိမိတ်ပြလိုက်တာပဲ။

နောက်ဆုံးတချက် ပြောရရင် ဒီကနေ့ အရင်းရှင်စနစ်ဟာ ၁၉၈၀ ပြည့်နှစ်တွေတုန်းကလို စီးပွားရေး အတက်ကာလ ရောက်ခါနီး အခြေအနေ မဟုတ်ဘူး။ အဲဒီတုန်းက ဂလိုဘယ်လိုင်ဇေးရှင်းခေတ် အစပျိုးကာစ၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး ချဲ့ထွင်နေချိန်။ တရုတ်က ကမ္ဘာ့ဈေးကွက်ထဲ စဝင်လာပြီ။ ဒီနောက် အရှေ့ဥရောပနဲ့ ရုရှားတို့ ကမ္ဘာ့ဈေးကွက်ကို တံခါးဖွင့်ပေးလိုက်တယ်။ အနောက် အရင်းရှင်ကမ္ဘာမှာ အကျဖက် ရောက်နေတဲ့ စီးပွားရေးကို ပြန်ဆွဲတင်နိုင်အောင် အရင်းအမြစ်အသစ်တွေ အများကြီး ထုတ်ပေးခဲ့တယ်။

ဒါပေမယ့် ဒီကနေ့ အခြေအနေက အဲဒီကာလနဲ့ ပြောင်းပြန်ပဲ။ ဂလိုဘယ်လိုင်ဇေးရှင်းက ပြိုကွဲစပြုနေပြီ။ စီးပွားရေးအတက်ကာလကို ဝင်နေတာ မဟုတ်ဘူး၊ စီးပွားရေး ထုံထိုင်းပြီး အကြပ်ဆိုက်နေတဲ့ ကာလ။ ဈေးကွက်ထဲမှာ ရောင်းမစွံတဲ့ ကုန်ပစ္စည်းတွေ အပြည့်။ စီးပွားရေး အမျိုးသားရေးဝါဒက ခေါင်းထောင်နေတယ်။

Volcker လုပ်လိုက်တဲ့ စီးပွားရေးကျဆင်းမှုက အချိန်သိပ်မကြာလိုက်ပေမယ့် ဒီကနေ့ စီးပွားရေး အကြပ်အတည်းက အကျပိုနာလိမ့်မယ်၊ ရေရှည်သွားလိမ့်မယ်။ လက်ရှိအကြပ်အတည်းက ၂၀၀၈ ပျက်ကပ်၊ ကိုရိုနာ ပြိုလဲပျက်စီးမှု ဒဏ်ချက်တွေပေါ်မှာ ထပ်ဆင့်လာတဲ့ စီးပွားပျက်ကပ် ဖြစ်နေလို့ပဲ။

တဖက်မှာလည်း ဗဟိုဘဏ်တွေက ခရက်ဒစ်နဲ့ ငွေကြေး ပမာဏကို မတင်းကြပ်ဘူးဆိုရင်၊ အစိုးရတွေက ဝင်ငွေနည်းပြီးအသုံးစရိတ် များနေခြင်းကို မလျှော့ချဘူးဆိုရင် ကြွေးမြီတွေ များသထက်များဖို့သာ ရှိမယ်၊ ငွေကြေးဖောင်းပွမှုက ဆိုးပြီးရင်း ထပ်ဆိုးဖို့သာ ရှိမယ်။ ဒီအခါ အလုပ်သမားထု အမှန်တကယ် ရရှိလိုက်တဲ့ လုပ်ခလစာ လျော့သထက် လျော့သွားမယ်၊ လူနေမှု အဆင့်အတန်း ကျသထက်ကျသွားမယ်။

ဗမာပြည် အခြေအနေ တချက်ကြည့်ရအောင်။ ငွေကြေးဖောင်းပွမှုက ထိပ်သီးအရင်းရှင် နိုင်ငံတွေထက် ပိုဆိုးပါတယ်။ ဒါ့ကြောင့် ဗမာပြည် အုပ်စိုးသူ လူတန်းစားအနေနဲ့ မိုးထောင်တက်နေတဲ့ ငွေကြေးဖောင်းပွမှုကို အရှိန်ကျသွားအောင် ဘဏ်အတိုးနှုန်းတွေ ဆွဲတင်တာမျိုး လုပ်မလား။ သူတို့ မလုပ်နိုင်ဘူး။ ဘာ့ကြောင့်လဲ။

ထိပ်သီးအရင်းရှင် နိုင်ငံတွေနဲ့ယှဉ်ရင် ဗမာပြည် ဗဟိုဘဏ်အတိုးနှုန်းက နဂိုကတည်းက မြင့်

နေပြီးသား။ ၂၀၂၀ နှစ်ဆန်းပိုင်း ကိုဗစ်ဝင်ကာစ၊ ဗမာပြည် ဗဟိုဘဏ်အတိုးနှုန်းဟာ ၁၀% ရှိခဲ့တယ်။ ကိုဗစ်နဲ့အတူ စီးပွားရေး လုပ်ငန်းတွေ ထိုင်းသွားချိန်မှာ ဗဟိုဘဏ်က အတိုးနှုန်းကို ၀.၅ % လျှော့ချတယ်။ ၂၀၂၀ ဧပြီ ၁ရက်ကစပြီး အသက်ဝင်စေရမယ်လို့ ကြေငြာတယ်။ ဒါပေမယ့် ဒီလောက်ကလေး ချပေးတာဟာ ဆင့်ပါးစပ် နှမ်းပက်သလောက်ပဲလို့ စီးပွားရေး လုပ်ငန်းရှင်တွေဘက်က ပူညံပူညံလုပ်ပါတယ်။ ဒီနောက် ရက်ပိုင်းအတွင်း ၁% ထပ်ချပေးတယ်။ ဒါလည်း မလုံလောက်သေးဘူး။ နောက်တလအတွင်း ၁.၅ % လျှော့ချပေးပြန်တယ်။ ၃ကြိမ်ဆက်တိုက် အတိုးနှုန်းချပေးခဲ့တယ်။ [https://www.irrawaddy.com/news/burma/myanmar-central-bank-cuts-rates-business-circle-says-move-falls-short.html
https://www.irrawaddy.com/news/burma/myanmar-central-bank-cuts-interest-rates-another-1-aid-economy.html]

စီးပွားရေး ကျမသွားအောင် အစိုးရ ဗဟိုဘဏ်က အတိုးနှုန်း ၃ကြိမ်ဆက်တိုက်ချပေးခဲ့သလို တဖက်မှာလည်း အစိုးရက လှုံ့ဆော်ရေး ရန်ပုံငွေတွေ ထုတ်သုံးခဲ့တယ်။ အစိုးရက အမေရိကန်ဒေါ်လာ သန်း ၇၀ ဖိုး ထုတ်ချေးခဲ့တယ်။ ကိုဗစ်ဒဏ်ခံထားရတဲ့ ပြည်တွင်းအရင်းရှင် လုပ်ငန်းတချို့ကို အခွန်ကင်းလွတ်ခွင့် ပေးခဲ့တယ်။ အခွန်ဆောင်ရမယ့် ကာလ နောက်ဆုတ်ပေးခဲ့တယ်။ ဒါ့အပြင် ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းတချို့ကို ပံ့ပိုးပေးဖို့ ကိုဗစ်ရန်ပုံငွေ ကျပ်ဘီလျံ ၁၀၀ ထုတ်ပေးခဲ့တယ်။ အတိုးနှုန်း ၁%ပဲ သတ်မှတ်ခဲ့တယ်။ အရင်းရှင် လုပ်ငန်းတွေ မထိခိုက်အောင် ရန်ပုံငွေ ထူထောင်ပေးထားတဲ့ ကျပ်ဘီလျံ ၁၀၀ ထဲမှာ ၅၀% က အလုပ်သမားထုရဲ့ လူမှုဖူလုံရေး ရန်ပုံငွေတွေကနေ ယူထားကြောင်း အစိုးရကိုယ်တိုင် ထုတ်ပြောခဲ့တယ်။ [https://www.irrawaddy.com/news/burma/myanmar-unveils-70-million-stimulus-package-ease-economic-blow-virus.html]

အကြပ်အတည်းတခု ဖြစ်လာတိုင်း အလုပ်သမားထုသာ ခံကြရတယ်။ အာဏာမသိမ်းခင် တနှစ်မှာ အစိုးရ ကျင့်သုံးခဲ့တဲ့ ပေါ်လစီတွေက ကိန်း(စ်)ဝါဒ ပေါ်လစီတွေပါပဲ။ ဘဏ်အတိုးနှုန်းတွေ လျှော့ချတယ်။ စီးပွားရေး လှုပ်နှိုးဖို့ stimulus package တွေ ထည့်ပေးတယ်၊ တနည်းဆိုရရင် ထွင်ထားသော အရင်းတွေ လောင်းထည့်တာပဲ။ ဝင်ငွေထက် အစိုးရ အသုံးစရိတ်က ပိုများတော့ ဘတ်ဂျက်လိုငွေပြတယ်။ ကြွေးမြီတင်တယ်။ အဲဒီလို ကိန်း(စ်)ဝါဒ နည်းလမ်းတွေက ငွေကြေးဖောင်းပွမှု ဖြစ်စေဖို့ ဖိအားတွေ ဖန်တီးပေးခဲ့တယ်။

နဂိုကတည်းက ငွေကြေးဖောင်းပွစေနိုင်သော ဖိအားတွေ ရှိနေပြီးသား အခြေအနေမှာ စစ်တပ်က အာဏာသိမ်းလိုက်တဲ့အခါ အခုလို စီးပွားပျက်ကပ်ဆိုက်တော့တာပဲ။

ဒါဖြင့် အာဏာသိမ်း စစ်အစိုးရ ဗဟိုဘဏ်အနေနဲ့ ငွေကြေးဖောင်းပွမှုကို အရှိန်တန့်သွားအောင် အတိုးနှုန်း ဆွဲတင်တာမျိုး ဘာ့ကြောင့် မလုပ်နိုင်သလဲ။ ဘဏ်အတိုးနှုန်းက ကိုဗစ်ဝင်ကာစမှာ ၃ကြိမ်ဆက်တိုက် ချခဲ့တယ် ဆိုပေမယ့် များနေတုန်းပဲ။ ဒါ့အပြင် ဘဏ်အတိုးနှုန်းကို ဆွဲတင်တယ်ဆိုတာ ခရက်ဒစ်နဲ့ ငွေကြေး ပမာဏကို ထိန်းချုပ်ပြီး ဝယ်အား လျှော့ချဖို့။

ဗမာပြည်မှာ ကုန်ဈေးတွေ ခေါင်ခိုက်နေပေမယ့် လုပ်ခလစာ နှုန်းထား တက်လာတာ မရှိ

ဘူး၊ ဒါ့ကြောင့် ဝယ်လိုအားက လျှော့ချစရာမလို အောင် ကျနေပြီးသား။ အလုပ်လက်မဲ့က သန်းချီ များနေတော့ ဝယ်အားက အောက်ကို ထိုးဆိုက် နေတယ်။ ဒါ့အပြင် ကြွေးမြီတွေက တနင့်တပိုး။

ဒီအခြေအနေမှာ အတိုးနှုန်း ထပ်တက် လိုက်ရင် စီးပွားရေး ကျဆင်းမှုကို အဆင်းဘီးတပ် ပေးသလိုဖြစ်သွားမယ်။ ကြွေးမြီဝန်ထုပ်က အခု ထက် ပိုပိသွားမယ်။

[ဒီနေရာမှာ လမ်းကြုံလို့ စကားချပ်ပြောရ ရင် ဈေးနှုန်းတက်တာ ဝယ်အားများနေလို့ ပြော တဲ့သူတွေကို လက်ရှိအခြေအနေကို ဘယ်လိုရှင်း ပြမလဲ ခေါ်မေးသင့်တယ်။ ဒီဆောင်းပါးအစမှာ ပြောခဲ့တယ် မဟုတ်လား။ ဈေးနှုန်းဟာ ရောင်း အား၊ ဝယ်အား အတက်အကျကိုလိုက်ပြီး အပြောင်းအလဲ ဖြစ်တတ်တယ်။ ဒါပေမယ့် ဈေးနှုန်းကို ပြဌာန်းပေးတာ ရောင်းအား၊ ဝယ်အား မဟုတ်ဘူး။ ဈေးနှုန်းဆိုတာ 'တန်ဖိုး'ကို ဇဟိုပြု ဖြစ်ပေါ်နေရတာ။]

ဒီတော့ အုပ်စိုးသူ လူတန်းစားမှာ ရွေး လမ်းမရှိဘူး။ စီးပွားရေး ကျဆင်းမှုကို ပိုမဆိုး အောင် ငွေကြေးပေါ်လစီကို မတင်းကြပ်ဘူးဆို ရင် ငွေကြေးဖောင်းပွမှုက အခုဖြစ်နေသလို ထိန်း မနိုင် သိမ်းမရ ဆက်ဖြစ်မယ်။ ငွေကြေးဖောင်းပွမှု ကို ထိန်းဖို့ ငွေကြေးပေါ်လစီကို တင်းကြပ်မယ်ဆို ရင် စီးပွားရေး ကျဆင်းမှုက ချောက်နက်ထဲ ထိုး ကျသွားမယ်။ ဘယ်လမ်းရွေးရွေး ပျက်သုဉ်းရေးပဲ ။

ဗဟိုဘဏ်ရဲ့ ထုတ်ပြန်ချက်ထဲက စာတ ပိုဒ်ကို နမူနာကြည့်ပါ။ “ငွေကြေးဖောင်းပွမှုနှုန်း ကို အထိုက်အလျောက် လျှော့ကျနိုင်ရန်နှင့် လက်ရှိနိုင်ငံ၏ စီးပွားရေး အခြေအနေများအရ ငွေကြေးမူဝါဒ နည်းလမ်းများအနက် မြန်မာကျပ် ငွေဖြင့် ထားရှိရမည့် အနည်းဆုံး သီးသန့်ငွေ လိုအပ်ချက် အချိုးအား လက်ရှိ ၃ ရာခိုင်နှုန်းမှ ၃.၅ ရာခိုင်နှုန်းသို့ တိုးမြှင့်ခြင်းကို အနည်းဆုံး သီးသန့်ငွေ လိုအပ်ချက် ထိန်းသိမ်းမှုကာလ ( ၂၆.၄.၂၀၂၃ - ၂၃.၅.၂၀၂၃) မှ စတင်ဆောင်ရွက် သွားမည် ဖြစ်ပါသည်။” [https://www.cbm.gov.mm/content/7974]

၂၀၂၀ နှစ်ဆန်းပိုင်းမှာ ၅% သတ်မှတ် ထားခဲ့ရာက ၃% အထိ လျှော့ချခဲ့တယ်။ ဒါပေ မယ့် အခုလို ငွေကြေးဖောင်းပွမှု ဆိုးရွားနေချိန်မှာ ၅% အထိ ပြန်မတက်နိုင်သလို၊ အတိုးနှုန်းကို ကို ဗစ်မတိုင်ခင် နှုန်းထားအတိုင်း ပြန်မတက်နိုင်ဘူး ။

ငွေကြေးဖောင်းပွမှု ထိန်းဖို့ရာ ဘာမှမလုပ် နိုင်ပေမယ့် ငွေကြေးဖောင်းပွမှု ပိုဆိုးအောင်တော့ အာဏာသိမ်း စစ်အစိုးရက ကောင်းကောင်းကြီး လုပ်တတ်တယ်။ အာဏာသိမ်း စစ်အစိုးရအနေနဲ့ ငွေဝင်လမ်းတွေ နည်းသထက် နည်းလာတယ်။ နိုင်ငံပိုင်ဘဏ်နှစ်ခု အရေးယူပိတ်ဆို့ခံရတာ၊ စင်္ကာပူ UOB ဘဏ်က ဒဏ်ခတ်ပိတ်ဆို့လိုက်တာ၊

**ငွေကြေးဖောင်းပွမှု ထိန်းဖို့ရာ ဘာမှမလုပ်နိုင်ပေမယ့် ငွေကြေးဖောင်းပွမှု ပိုဆိုးအောင်တော့အာဏာသိမ်း စစ်အစိုးရက ကောင်းကောင်းကြီး လုပ်တတ်တယ်။ အာဏာသိမ်းစစ်အစိုးရအနေနဲ့ ငွေဝင်လမ်းတွေ နည်းသထက် နည်းလာတယ်။**

အစရှိတဲ့ ပြင်ပအကြောင်းအချက်တွေအပြင် အာဏာသိမ်းစစ်တပ်ရဲ့ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု၊ ရွာစဉ်လှည့် မီးရှို့ဖျက်စီးမှုတွေကြောင့် ကုန်လုပ်စွမ်းအားစုတွေ အများအပြား ဆုံးရှုံးသွားရတယ်။ နဂိုကမှ မထိန်းနိုင်ဖြစ်နေတဲ့ ငွေကြေးဖောင်းပွမှုဟာ အာဏာသိမ်း စစ်တပ်ကြောင့် တနေ့တခြား ပိုဆိုးလာနေတယ်။

အုပ်စိုးသူ လူတန်းစား ဘယ်လမ်းရွေးရွေး လက်ရှိအကြပ်အတည်းကို မဖြေရှင်းနိုင်ဘူး။ ပိုဆိုးဖို့ပဲ ရှိတယ်။ ကြိုက်တဲ့လမ်းကိုရွေး - deep slump လား၊ ငွေကြေးဖောင်းပွမှုလား။ အရင်းရှင်စနစ် အခြေခံပေါ်မှာ အဖြေမရှိဘူး၊ အားလုံး ပျက်သုဉ်းရေးပဲ ရှိတယ်။

အုပ်စိုးသူ လူတန်းစားနဲ့ သူတို့အရင်းရှင်စနစ် အကြပ်အတည်းဒဏ်ကို အလူးအလဲ ခံနေရတာ အလုပ်သမား လူတန်းစားပါ။ အတင်းအကြပ် ခြိုးခြံရေးနဲ့ ငွေကြေးဖောင်းပွမှုကို တပြိုင်တည်း ခံနေကြရတယ်။ ဒါ့ကြောင့် အရင်းရှင်စနစ်ရဲ့ ပဋိပက္ခတွေက လူတန်းစားတိုက်ပွဲ ပြင်းထန်လာအောင် ပြင်ဆင်ပေးပြီး ဖြစ်ပါတယ်။

## လက်သည်တရားခံက အရင်းရှင်စနစ်

ဒီတော့ ငွေကြေးဖောင်းပွမှုဆိုတာ အကြောင်းအချက်တွေ၊ ဖြစ်စဉ်တွေ၊ ဒိုင်နန်းမစ်(ခ်စ်)တွေ ထွေးရောယှက်တင် အပြန်အလှန် သက်ရောက်နေတဲ့ ရှုပ်ထွေးလှတဲ့ ဖြစ်စဉ်တခုပဲ။ ဦးခေါင်း အများကြီးရှိတဲ့ ဟိုက်ဒြာမြွေဆိုးနဲ့ တူတယ်။ ဒါပေမယ့် ဒီဖြစ်စဉ်ကို ဘယ်ရှုထောင့်ကကြည့်ကြည့် အလုပ်သမားထုကို အပြစ်ပြောစရာ တကွက်မှ မရှိဘူး။ အဓိက လက်သည်တရားခံက အရင်းရှင်စနစ်ပဲ။

၂၀၀၈ ကစလို့ (တကယ်တမ်း ပြောရရင် ၂၀ရာစုတလျှောက်လုံး) ကမ္ဘာ့စီးပွားရေးထဲ ငွေတွေ အဆင်ခြင်မဲ့ လောင်းထည့်နေခဲ့တာ အုပ်စိုးသူ လူတန်းစားနဲ့ သူ့ကိုယ်စားလှယ်တွေပဲ။ တဟုန်းဟုန်း မီးလောင်နေလို့ မီးငြိမ်းဖို့ရာ မီးကွင်းပစ်သမား ခေါ်ထားသလို ဖြစ်နေတယ်။

ရှားပါးပြတ်လပ်မှုကနေ အမြတ်တွေ ရနေတာ အရင်းရှင်တွေပါ။ ထုတ်လုပ်ရေး လုပ်ငန်းတွေထဲ ရင်းနှီးမြှုပ်နှံမှု မလုပ်ဘဲ ဈေးကစားခြင်း၊ ငွေလှောင်ခြင်း လုပ်နေကြသူတွေ။

ထောက်ပံ့ရေး ချိန်းတန်းတွေကို အဆုံးစွန်ထိ ဆွဲဆန့်၊ လုပ်သားတွေ အနည်းဆုံးထိ လျှော့ချပြီး အမြတ်တွေ များနိုင်သမျှ အများဆုံး ညှစ်ထုတ်နေတာ နိုင်ငံဖြတ်ကျော် လက်ဝါးကြီးအုပ်လုပ်ငန်းစုတွေပါ။

လုပ်ခလစာတွေ လျှော့ချ၊ အလုပ်ခွင် အခြေအနေတွေ ဆိုးသထက်ဆိုးအောင် လုပ်လာခဲ့တာ ဘီလျံနာကြီးတွေ၊ အလုပ်ရှင်သူဌေးကြီးတွေပါ။ နောက်ဆုံး အသက်သွေးကြော စက်ရုံကြီးတွေမှာ လုပ်သား ရှားပါးလာတယ်၊ အလုပ်သမားတွေ အမှန်တကယ် ရရှိနေတဲ့ လုပ်အားခ နည်းသထက် နည်းလာတယ်။

ပြည်တွင်းလုပ်ငန်း အဓိကဦးစားပေးဝါဒကို ကျင့်သုံးနေတာ အရင်းရှင် နိုင်ငံရေးသမားတွေပါ။ သူတို့တိုင်းပြည်က အရင်းရှင် လူတန်းစား အကျိုးစီးပွား ကာကွယ်ဖို့ စီးပွားရေး အမျိုးသားရေးဝါဒကို ကျင့်သုံးလာကြသူတွေ။ ကုန်သွယ်ရေး တံတိုင်းတွေ ခတ်ကြတယ်။ ပြည်ပရောက်နေတဲ့ လုပ်ငန်းတွေ ပြည်တွင်း ပြန်ရွှေ့ကြတယ်။ ငွေကြေးတန်ဖိုးတွေကို အပြိုင်အဆိုင် ချပစ်ကြတယ်။ ဒီလိုနည်းနဲ့ အကြပ်အတည်းကို တခြား

အရပ် တင်ပို့ဖို့ လုပ်လာတယ်။

လူ့အဖွဲ့အစည်းရဲ့ ဓနတွေကို သတ်ဖြတ်ရေး စစ်လက်နက် အသုံးစရိတ်အဖြစ် ဖြုန်းတီးပစ်နေတာလည်း အဲဒီ နယ်ချဲ့စစ်ဘီလူးတွေပါပဲ။ ပြိုင်ဖက်တိုင်းပြည်တွေကို စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့မှုတွေ လုပ်ကြတယ်။ စီးပွားရေး ကသောင်းကနင်း ဖြစ်ပြီး လောင်စာဆီဈေးတွေ၊ အရေးကြီး လူသုံးကုန်ဈေးတွေ တက်သွားတယ်။ ကြားခံ နယ်ချဲ့စစ်ကို တိုက်နေကြတာ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီအတွက် မဟုတ်ပါဘူး။ သူတို့ဈေးကွက် ချဲ့ထွင်ဖို့၊ ဩဇာခံနယ်မြေ ချဲ့ထွင်ဖို့ စစ်ခင်းနေကြတာပါ။

တကယ့် လက်သည်တရားခံက အရင်းရှင်စနစ်ပါပဲ။ ငါတို့အသက်တွေ၊ အနာဂတ်တွေကို မမြင်ရသော ဈေးကွက်အင်အားစုတွေက စိုးမိုးခြယ်လှယ်နေတဲ့ ပရမ်းပတာ စနစ်၊ လူ့အဖွဲ့အစည်းရဲ့ များပြားလှသော အရင်းအမြစ်တွေကို လက်တဆုပ်စာ အရင်းရှင်ကြီးတွေ အမြတ်ရရှိရေး ထင်သလို ဖြုန်းတီးနေတဲ့ စနစ်။

နောက်ဆုံး သတ္တုချလိုက်ရင် ငွေကြေးဖောင်းပွမှုဆိုတာ အရင်းရှင်စနစ် ယိုယွင်းပျက်စီးခြင်းနဲ့ ပရမ်းပတာဖြစ်မှုရဲ့ လက္ခဏာတခုပဲ။ ငွေကြေးဖောင်းပွမှု ပလိပ်ရောဂါကို အမြစ်ဖြတ်ဖို့ဆိုရင် ဈေးကွက်စီးပွားရေးစနစ်ကို ဖယ်ရှားပစ်ရမယ်၊ ကုန်ထုတ်လုပ်မှုကို ပုဂ္ဂလိက ပိုင်ဆိုင်မှုအဖြစ်ကနေ လူ့အဖွဲ့အစည်းပိုင် ပြောင်းလဲပြီး အလုပ်သမားထုကိုယ်တိုင် ထိန်းချုပ်မောင်းနှင်ရမယ်။

'တန်ဖိုး၊ ဈေးနှုန်းနဲ့ အမြတ်' စာအုပ်မှာ မာ့(က်စ်)က အခုလို သတိပေးထားတယ်။ " အလုပ်သမား လူတန်းစား အခုတိုက်နေတာ အကျိုးဆက်ပဲ ရှိသေးတယ်၊ ဒီအကျိုးဆက်တွေရဲ့ အကြောင်းတရားတွေကို မတိုက်ရသေးဘူး၊ ဒီအချက်ကို မမေ့သင့်။ အောက်ထိုးဆင်းနေတဲ့ လှုပ်ရှားမှုကို ဟန့်တားနေကြတာ၊ သွားရာလမ်းကြောင်းကို ပြောင်းလဲနေတာ မဟုတ်မှန်း သတိချပ်ရမယ်။ ဝေဒနာ သက်သာဆေးပဲ တိုက်နေတာ၊ အမြစ်ဖြတ်ဆေး မဟုတ်သေးဘူးဆိုတာ မမေ့သင့်။"

ဒါ့ကြောင့် အလုပ်သမား လူတန်းစားအတွက် စစ်မှန်တဲ့ တခုတည်းသော အဖြေက ဘီလျံနာတွေ မောင်ပိုင်စီးထားတဲ့ ကုန်လုပ်ပစ္စည်းတွေကို ပြန်သိမ်းယူပြီး၊ စီးပွားရေးကို ဆိုရှယ်လစ်လမ်းကြောင်းအတိုင်း ပဲ့ကိုင်မောင်းနှင်သွားဖို့ ဖြစ်တယ်။

အဲဒါ ငါတို့လုပ်ရမယ့် တော်လှန်ရေးတာဝန်ပဲ။ အရင်းရှင်စနစ်က ပျက်ကပ်ဆိုက်နေပြီ ။ ဇရာထောင်းနေတဲ့ အဲဒီစနစ်ကို ဖာထေးမွမ်းမံနေလို့ မရပေ။ ဖြိုချပစ်ရမယ်။

ဒင်းနူး

၁၅ ဩဂုတ်လ၊ ၂၀၂၃

[အများစုကို အောက်ပါဆောင်းပါးမှ ဘာသာပြန်ပါတယ်။ ပြည်တွင်းသုံးသပ်ချက် အချို့ကို ကြားညှပ်ရေးထားပါတယ်]


Based on Adam Booth's article, 'Marxism, Money and Inflation' from In Defence of Marxism theoretical quarterly 38



News & Analysis

# နိုင်ကျဉ်းယာဉ်တန်း မိုင်းဆွဲတိုက်ခိုက်ခံရခြင်း

## - Against Individual Terrorism



စစ်ရေးရှုထောင့်အရ ကြည့်မယ်ဆိုရင်တောင် ရန်သူကို အထိမနာစေဘဲ ဓားစာခံ လူသားဒိုင်း ဖြစ်နေရှာတဲ့ ကိုယ့်လူ နိုင်ငံရေး အကျဉ်းသားတွေ အထိနာသွားမယ့် လုပ်ရပ်မှန်း ထင်ရှားပြီးသားပါ။

ရိပမြုံ၊



## နိုင်ကျဉ်းယာဉ်တန်း မိုင်းဆွဲတိုက်ခိုက်ခံရခြင်း - Against Individual Terrorism

၂၀၂၃၊ ဩဂုတ်လ ၁၅ ရက်နေ့မှာ မုံရွာထောင်က နိုင်ငံရေးအကျဉ်းသားတွေကို မြင်းခြံထောင်နဲ့ မန္တလေးထောင်တွေဆီ ပြောင်းရွှေ့ခဲ့တယ်။ ဒီလို ထောင်ပြောင်းရွှေ့တဲ့ လမ်းပေါ်မှာ လက်နက်ကိုင် အဖွဲ့တခုခု/အများက မိုင်းဆွဲတိုက်ခိုက်ခဲ့တယ်။ ဒီတိုက်ခိုက်မှုကြောင့် နိုင်ငံရေးအကျဉ်းသား ဒေါက်တာဇော်ထွယ်အောင် ကျဆုံးသွားခဲ့ရသလို သူနဲ့အတူ သံခြေချင်းတွဲခတ်ခံထားရတဲ့ နိုင်ငံရေး အကျဉ်းသား ကိုအာကာငြိမ်းချမ်းလဲ ဒဏ်ရာ အပြင်းအထန် ရရှိခဲ့တယ်။ [Myanmar Now သတင်းဖော်ပြချက်]

## မတော်တဆ အမှားအယွင်းမဟုတ်

နိုင်ငံရေး အကျဉ်းသားတွေ ထောင်းပြောင်းရွှေ့မှန်း မသိလိုက်လို့ မှားပြီး မိုင်းဆွဲတိုက်ခိုက်မိတာလား။ အဲဒီလိုလဲ မဟုတ်ပါဘူးတဲ့ ။ Myanmar Now သတင်းမှာပဲ အခုလို ဖော်ပြထားပါသေးတယ်။

"နိုင်ငံရေးအကျဉ်းသားများကို ထောင်ပြောင်းရွှေ့မည့်အကြောင်း တော်လှန်ရေးအင်အားစုများက သတင်းကြိုရခဲ့ပြီး မည်သည့်ကား၌ အကျဉ်းသားများ လိုက်ပါလာမည်ဆိုသည့် အခြေအနေကိုပါ သိရှိခဲ့ကြသည်ဟု မိတ်ဆွေဖြစ်သူက ဆိုသည်။

ထောင်ပြောင်းရွှေမည့်သတင်း ရရှိခဲ့စဉ်က လမ်းခရီး၌ မိုင်းဆွဲခြင်း၊ ပြောက်ကျားတိုက်ခိုက်ခြင်းများ မပြုလုပ်ရန် တော်လှန်ရေးအဖွဲ့အချင်းချင်း သတိပေးခဲ့ကြသည်ဟု ဒေသတွင်းသတင်းရင်းမြစ်များနှင့် ဒေါက်တာဇော်ထွယ်အောင်၏ မိတ်ဆွေက ပြောသည်။"[https://myanmar-now.org/mm/news/40862/?fbclid=IwAR1lzQpiVM2YiFlVVdwZbiLF7Bi26OlJ80qkNjjT8CQHYXesZRpaVUeiSs4]

နိုင်ငံရေး အကျဉ်းသားတွေ ထောင်ပြောင်းရွှေ့နေတဲ့ ယာဉ်တန်းမှန်း သိသိရက်နဲ့ မိုင်းဆွဲတိုက်ခိုက်ခဲ့တာ ဘုရားစူး တော်လှန်ရေးသမား ကယ်တင်ရှင်ကြီးတွေပေါ့ ခင်ဗျာ။

တော်လှန်ရေး နာမည်ခံပြီး လက်နက်ကိုင်

**စစ်ရေးရှုထောင့်အရ ကြည့်မယ်ဆိုရင်တောင် ရန်သူကို အထိမနာစေဘဲ ဓားစာခံ လူသားဒိုင်း ဖြစ်နေရှာတဲ့ ကိုယ့်လူ နိုင်ငံရေး အကျဉ်းသားတွေ အထိနာသွားမယ့် လုပ်ရပ်မှန်း ထင်ရှားပြီးသားပါ။**

ထားသူတွေက ဒီလိုသတ်ဖြတ်တဲ့ လုပ်ရပ်မျိုး ကျူးလွန်တာကို မသိကျိုးကျွံပြုနေကြရင် အကြီးအကျယ် မှားလိမ့်မယ်။

စစ်ရေးရှုထောင့်အရ ကြည့်မယ်ဆိုရင်တောင် ရန်သူကို အထိမနာစေဘဲ ဓားစာခံ လူသားဒိုင်း ဖြစ်နေရှာတဲ့ ကိုယ့်လူ နိုင်ငံရေး အကျဉ်းသားတွေ အထိနာသွားမယ့် လုပ်ရပ်မှန်း ထင်ရှားပြီးသားပါ။

လူ့အသက်ကို ဖက်ရွက်လောက်မှ သဘော မထားဘဲ လက်လွတ်စပယ် ထင်ရာစိုင်းခဲ့သူတွေ ဟာ တာဝန်ယူရဲတဲ့ သတ္တိတော့ တပြားမှ ရှိဟန် မတူ။

မိုင်းဆွဲတိုက်ခိုက်လိုက်လို့ စစ်ခွေးဘယ်နှ ကောင် ရှောတယ်ပော့လို့ လက်ခမောင်းခတ်ရင် တော့ နာရီ၊ မိနစ် အတိအကျနဲ့ သတင်း အလုအယက် ထုတ်ပြန်တဲ့ လက်နက်ကိုင်အဖွဲ့ တွေ။ ဒါမျိုးဆို သူ့ထက်ငါ အလုအယက် တင်ပေး ကြတဲ့ သတင်းဌာနတွေဆိုတာလည်း အချက်အလက် မှန်/မမှန်တောင် စစ်ကြရဲ့လား မ သိဘူး။

မြင်သာအောင် နမူနာ ပြပါမယ်။ မုံရွာ-မြင်း မူလမ်းပေါ်မှာ ဩဂုတ်လ၊ (၁၄)ရက် ညနေနဲ့ ၁၅ ရက် မနက်ပိုင်းမှာ မိုင်းဆွဲတိုက်ခိုက်တဲ့ ဖြစ်ရပ် တွေ တခုမက ရှိခဲ့တယ်။ အဲဒီ၂ရက်အတွင်း တိုက်ခိုက်မှုတွေအကြောင်း Myanmar Press-photo Agency က ဖော်ပြပုံကို တချက်ကြည့်ပါ။

“စစ်ယာဉ်တန်း ၃ခုကို ဩဂုတ်လ ၁၄ရက် နှင့် ၁၅ရက်တို့တွင် မိုင်း (၁၅)လုံး၊ တစ်ဖက်ပွင့် ပြောင်း(၃)လုံးနှင့် ၆၀(မမ) (၂)လုံး တို့ဖြင့် တိုက်ခိုက်ခဲ့ကြောင်း Black Eagle Defense Force-MMU က သတင်းထုတ်ပြန်သည်။”

လက်နက်အမျိုးအစားပါ အတိအကျ ဖော်ပြပြီး အဖွဲ့အစည်း နာမည်နဲ့ သတင်းထုတ် ပြန်တယ်။

“ဩဂုတ်၁၅ရက်၊ နံနက်၁၀နာရီ မိနစ်၅၀ ခန့်တွင် စစ်ကိုင်းဘက်မှလာသည့် ဖောကား၄စီး ကို မြင်းမူမြို့နယ်၊ ဘိုးမင်းကြီးကင်းနဲ့ အလွှကပွ ရွာကြား၌ မိုင်းအကြီး ၂ လုံးဖြင့် တိုက်ခိုက်ခဲ့ရာ ဆီပေပါတင်ထားသော ၃စီးမြောက် ဖောကား အား ထိမှန်ခဲ့ကြောင်း သိရသည်။

ဩဂုတ်၁၄ရက်၊ ညနေ ၄နာရီ၃၅မိနစ် ခန့် တွင်လည်း စစ်ကိုင်းမှ မုံရွာဘက်သို့ထွက်လာ သည့် ၁၆စီးပါစစ်ယာဉ်တန်းကို အလွှကပွနှင့် ဝမ်းပြည့်ရွာကြား၌ မိုင်း၃လုံး၊ ပြောင်း ၃ လုံးဖြင့် တိုက်ခိုက်ခဲ့ရာ ၁၂ စီးမြောက်ကားအား ထိမှန်ခဲ့ သည်ဟု သိရသည်။”

ရက်စွဲသာမက နေရာ၊ အချိန် နာရီ မိနစ်နဲ့ တကွ မိုင်းအရေအတွက်၊ တိုက်ခိုက်တဲ့ ယာဉ် အမျိုးအစား၊ အရေအတွက် အကုန်ဖော်ပြပါတယ် ။

အဲဒီသတင်းကို ဆက်ဖတ်ရင် အလားတူ အသေးစိတ်အချက်အလက်တွေ ထပ်တွေ့ရပါလိမ့်မယ်။ ဒါ့အပြင် ခရက်ဒစ် ပေးရမယ့် အဖွဲ့ အစည်း နာမည်တွေနဲ့အတူ သူတို့ရဲ့ ရဲစွမ်းသတ္တိကိုပါ ဖော်ညွှန်းရင်း သတင်းကို အဆုံးသတ်ထားပါတယ်။

“ယင်းတိုက်ခိုက်မှုများကို Black Eagle Defence Force-MMU နှင့် မြင်းမူမြို့နယ် ပြည်သူ့ကာကွယ်ရေးအဖွဲ့(ပကဖ) တို့ ပူးပေါင်းကာ စစ်တပ်က ကင်းပုန်းချထားသည့်ကြားမှ တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီးစစ်ကောင်စီတပ်ဘက်က ထိခိုက်မှုအခြေအနေကို အသေးစိတ် မသိရသေးပေ။”[https://m.facebook.com/story.php?story_fbid=850009353155121&id=100044381921069&mibextid=Nif5oz]

ဒီလို ပြည်သူ့လက်ခုပ်သံ ရနိုင်မယ့် လုပ်ရပ်မျိုးကိုတော့ မီဒီယာတွေက ရွှန်းရွှန်းဝေအောင် ဖော်ပြပေးသလို လက်နက်ကိုင် အုပ်စုတွေဘက်ကလည်း အသေးစိတ် သတင်းထုတ်ပြန်ခဲ့ကြပါတယ်။

ဒါပေမယ့် လမ်းမကြီးတခုတည်းပေါ်မှာ တရက်တည်း ဖြစ်သွားတဲ့ နိုင်ငံရေး အကျဉ်းသားယာဉ်တန်း မိုင်းဆွဲတိုက်ခိုက်ခံရတာကို ဘယ်အဖွဲ့အစည်းက လုပ်မှန်း မသိရဘူးဆိုတာ ဖြစ်နိုင်မဖြစ်နိုင် ကိုယ့်ဘာသာ စဉ်းစားကြပါလေ။ အထက်မှာ နမူနာပေးခဲ့တဲ့ သတင်းမျိုးဆို ဝေဝေဆာဆာ အသေးစိတ် ဖော်ပြလေ့ရှိတဲ့ မီဒီယာတွေက ဒီဖြစ်ရပ်ကျမှ ‘လက်သည်’ မသိပါဘူးဆိုတာ ဖြစ်နိုင်ရဲ့လား။

## သတင်းတင်ဆက်ပုံ ဗားရှင်းနှစ်မျိုး

Myanmar Now က ဒီသတင်းကို အင်္ဂလိပ် ၊ မြန်မာ နှစ်ဘာသာလုံးနဲ့ ဖော်ပြပါတယ်။ နှစ်ခု



ပုံစာ - ထောင်းပြောင်းရွှေ့စဉ် နိုင်ကျဉ်းယာဉ်တန်း မိုင်းဆွဲတိုက်ခိုက်ခံရလို့ ကျဆုံးသွားသော ဒေါက်တာဇော်ထွယ်အောင် / ပုံခရက်ဒစ် - Chindwin Medical Network

ကို ယှဉ်ကြည့်ရင် ထူးခြားချက် တွေ့ရပါလိမ့်မယ် ။ မြန်မာဗားရှင်းမှာ သတင်းခေါင်းစဉ်ကို အခုလို တပ်ထားတယ် - [မုံရွာတွင် ထောင်နှင့် ကြေးနီစီမံကိန်းယာဉ်တန်း အတိုက်ခံရ၊ နိုင်ကျဉ်းနှင့် ရဲ သေဆုံး]

အကြောင်းမဲ့ မဟုတ်ပါဘူး။ နိုင်ကျဉ်းတွေ ထောင်ပြောင်းရွှေ့တဲ့ ယာဉ်တန်း အတိုက်ခံရတာကို ထောင်နှင့် ကြေးနီစီမံကိန်းယာဉ်တန်း အတိုက်ခံရ ဆိုတာမျိုး လုပ်ထားတာပါ။ ထောင်ပြောင်းရွှေ့တဲ့ ယာဉ်တန်းတွေမှန်း သိသိရက်နဲ့ မိုင်းဆွဲတိုက်ခဲ့တယ် ဆိုတာမျိုး အနက်မပေါ်တော့ဘူး။ ရန်သူ့ဘက်က ယာဉ်တန်းကို "တော်လှန်ရေးသမားကြီးတွေ"က တိုက်လိုက်တယ်။ ရန်သူ့ဘက်က ရဲ ကျသလို နိုင်ကျဉ်းလဲ သေသွားရှာတယ်ဆိုတာမျိုး ဖုံးဖုံးဖိဖိ ရေးနည်းဖြစ်ပါတယ်။

ဒါ့အပြင် မြန်မာဗားရှင်းမှာ "ယာဉ်တန်းတွင် ကြေးနီတင်မော်တော်ယာဉ်ပါဝင်မှု" ဆိုပြီး ခေါင်းစဉ်အခွဲနဲ့ အသေးစိတ် ထည့်ရေးထားပြန်တယ်။ အင်္ဂလိပ်ဗားရှင်းမှာတော့ ဒီအချက်နဲ့ ပတ်သက်လို့ စာတကြောင်းပဲ ပါတာ သတိထားမိလိမ့်မယ်။ ဒါ့အပြင် အင်္ဂလိပ်လို သတင်းခေါင်းစဉ်တပ်ရာမှာ မြန်မာဗားရှင်းမှာလို 'ကြေးနီစီမံကိန်း ယာဉ်တန်း အတိုက်ခိုက်ခံရ' ဆိုတာမျိုး မတွေ့ရဘူး။ Incarcerated doctor killed in resistance attack on junta prison convoy လို့ပဲ ခေါင်းစီးတပ်ထားတာ တွေ့ရလိမ့်မယ်။

ဘာကြောင့်လဲ။ ဒီသတင်းကို မြန်မာလို ဖတ်မယ့်သူက ပိုများလို့ပဲ။ အဲဒီပရိသတ်က တရုတ်ဖက်စပ် ကြေးနီစီမံကိန်းကို အပြင်းအထန် ဆန့်ကျင်မှန်း သိပြီးသား။ ဒီတော့ လူအများ မုန်းတီးဆန့်ကျင်တဲ့ ကြေးနီစီမံကိန်းက ယာဉ်တန်းပါနေလို့ လက်နက်ကိုင် တော်လှန်ရေးအဖွဲ့တွေက မိုင်းဆွဲတိုက်ခိုက်လိုက်ရသယောင် ဝေ တေဝါးတား ဖြစ်စေတယ်။ နိုင်ကျဉ်း ထောင်ပြောင်းယာဉ်တန်းမှန်း သိသိရက်နဲ့ မိုင်းဆွဲခဲ့တယ်ဆိုတဲ့အချက်ကို မြန်မာလို သတင်းဖတ်သူတွေကြား ဖုံးထားချင်လို့ အခုလို ဗားရှင်းနှစ်မျိုး လုပ်တာပဲ။

အင်တာဗျူးဖြေတဲ့ အရပ်သားကတော့ သိရင်တောင် ဘယ်ထုတ်ပြောရဲမလဲ။ လက်နက်ကိုင်သူရဲကောင်းကြီးတွေဟာ MPA မှာ ဖော်ပြတဲ့ လုပ်ရပ်မျိုးကျ ငါတို့လုပ်တာပေါ့လို့ လက်ခမောင်းခတ်ရဲပေမယ့် အခုဖြစ်ရပ်မျိုးကျ ဘယ်ချောင်ခွေနေလဲ မသိရဘူး။

## ရေငုံနေတာ ဘာ့ကြောင့်လဲ

ဒါဆိုရင် နိုင်ငံရေး အကျဉ်းသားတွေ ထောင်ပြောင်းမှာမှန်း သတင်းအတိအကျ ရထားလို့ မလုပ်ကြနဲ့ပေါ့လို့ အချင်းချင်းတားတဲ့ကြားက ဖြစ်သွားတာဆိုရင် "အချင်းချင်း"ဆိုသူတွေ ဘယ်သူ့ လက်စလက်နဆိုတာ သိကြပါလိမ့်မယ် ။ ဘာ့ကြောင့် ရေငုံနေကြသလဲ။ ကျဆုံးသွားသူ အသက်က တန်ဖိုးမရှိလို့လား။ ရန်သူ့လက်ထဲ ဖိနှိပ်ခံနေရတဲ့ နိုင်ငံရေး အကျဉ်းသားတွေ မိုင်းဆွဲတိုက်ခိုက်ခံရတာ အရေးမပါလို့လား။ လက်နက်ကိုင်အုပ်စု အချင်းချင်းမို့ ရှိုးပင်းဖုံးဖိပေးရတဲ့ တာဝန်ကြောင့်လား။

"လက်နက်ကိုင် တော်လှန်ရေး" fetish တွေက ဒီလို ဖြစ်ရပ်မျိုးဆိုရင် လစ်လျူရှုတတ်ကြတာလဲ မဆန်းပါဘူး။ တော်လှန်ရေးမှာ ကြုံရမြဲ "ပေးဆပ်မှုလေးတွေ"လို့ မှတ်ယူထားကြတယ်။


ဒီအရင် ထောင်ပြောင်းရွှေ့တဲ့ ဖြစ်ရပ်တွေမှာ နိုင်ငံရေး အကျဉ်းသားတွေကို မအလစစ်တပ်ဘက်က ပစ်သတ်ခဲ့တယ်။ ဒီစစ်ရာဇဝတ်မှုတွေ

ကို အပြင်းအထန် ဆန့်ကျင်ရမှာ ဖြစ်သလို တော်လှန်ရေး နာမည်ခံ လက်နက်ကိုင်ထားသူတွေရဲ့ လက်လွတ်စပယ် လုပ်ရပ်တွေကြောင့် အရပ်သားပြည်သူတွေ၊ (အခုဖြစ်ရပ်မှာဆို) သံခြေချင်းခတ်ခံထားရတဲ့ နိုင်ငံရေး အကျဉ်းသားတွေ တိုက်ခိုက်ခံရတာကို လစ်လျူရှုလိုက်ခြင်းဟာ၊ လက်သည်တရားခံကို ဖုံးဖိခြင်းဟာ၊ အပြစ်ပေါ့အောင် ဖော့ပစ်ခြင်းဟာ အရေးတော်ပုံကို ထိခိုက်စေတယ်။ ကျူးလွန်ခံရသူတွေအပေါ် နိုင့်ထက်စီးနင်း မတရားပြုရာလဲ ရောက်တယ်။

ဒီလုပ်ရပ်တွေဟာ တော်လှန်ရေးမဟုတ်ဘူးလို့ ပြတ်ပြတ်သားသား ပြောရမယ်။ တော်လှန်ရေး လှုပ်ရှားမှု ဒီရေနိမ့်ကာလ လက်နက်ကိုင်အစုတွေရဲ့ ပရမ်းပတာ ထင်ရာစိုင်းခြင်းသာ ဖြစ်ကြောင်း။

ရိပ်မြုံ

News & Analysis




# ရိုဟင်ဂျာ အပြောက်အမြားကို ကျည်မကုန်ဘဲ သတ်ပစ်လိုက်တဲ့ အာဏာသိမ်း စစ်အစိုးရ

မေဆန်

Photo Credit - RFA



# ရိုဟင်ဂျာ အမြောက်အမြားကို ကျည်မကုန်ဘဲ သတ်ပစ်လိုက်တဲ့ အာဏာသိမ်း စစ်အစိုးရ

ပြီးခဲ့တဲ့ မေ ၁၄ ရက်နေ့က စစ်တွေမြို့ကို ဖြတ်သန်းသွားခဲ့တဲ့ မိုခါမုန်တိုင်းဟာ စစ်တွေမြို့ကို နာရီပိုင်းအတွင်း မြို့ပျက်ကြီးတခု ဖြစ်သွားစေခဲ့တယ်။ ဆက်သွယ်ရေးလိုင်းတွေ ပြတ်တောက်သွားခဲ့ပေမယ့် မုန်တိုင်းဒဏ် ခံလိုက်ရတဲ့ အခြေအနေတွေကို အွန်လိုင်းမီဒီယာတွေကနေ အများပြည်သူ မြင်တွေ့ခဲ့ကြရပါတယ်။ အဲဒီအချိန်မှာ ရိုဟင်ဂျာ ဒုက္ခသည်စခန်းတွေ ဘယ့်လောက်တောင် ကမ္ဘာပျက်နေမလဲဆိုတာတော့ မသိနိုင်ခဲ့ကြပါဘူး။

မုန်တိုင်း ဖြတ်သန်းပြီး နောက်ရက်တွေကျမှသာ ရိုဟင်ဂျာတွေ ရာနဲ့ချီပြီး လူမသိသူမသိ အသက်ဆုံးရှုံးခဲ့ကြရမှန်း သိခဲ့ရတယ်။ မသေသင့်ဘဲ သေသွားခဲ့ရတဲ့ လူ့အသက်တွေ။ ဘယ်သူ့မှာ တာဝန်ရှိသလဲမေးရင် အာဏာသိမ်း စစ်အစိုးရဟာ နံပတ်တစ် လူသတ်တရားခံလို့ အတိအကျ ပြောနိုင်တယ်။ ကျည်ဖိုးမကုန်ဘဲ၊ လေယာဉ်ဆီဖိုးမကုန်ရဘဲ ရိုဟင်ဂျာတွေကို အစုလိုက်အပြုံလိုက် သတ်ပစ်လိုက်တာ ဖြစ်တယ်။ မိုခါမုန်တိုင်းကို လူသတ်လက်နက်အဖြစ် ပြောင်းပစ်လိုက်တာ မင်းအောင်လှိုင် ခေါင်းဆောင်တဲ့ အာဏာသိမ်း စစ်အစိုးရပဲ။

ဘာ့ကြောင့် ဒီလိုပြောရသလဲ။ ရှင်းပါတယ်။ အဖျက်စွမ်းအားအလွန်ကြီးတဲ့ မိုခါမုန်တိုင်းဝင်လာရင် ပင်လယ်ကမ်းနားမှာ ရွက်ဖျင်တဲစုတ်လေးတွေနဲ့ နေကြရတဲ့ ဒုက္ခသည်စခန်းက လူတွေ အမြောက်အမြား အသက်ဆုံးရှုံးနိုင်မှန်း လူလိုသိသူတိုင်း နားလည်ပါတယ်။ မုန်တိုင်းမဝင်ခင် ရက်ပိုင်းအတွင်း ဒီလူတွေကို ဘေးလွတ်ရာ အကုန်ခေါ်ထုတ်သွားလို့ ရပါတယ်။ အဲဒီလို ခေါ်ထုတ်ပေးနိုင်တဲ့ means of transportation တွေ အုပ်စိုးသူ အာဏာပိုင်တွေလက်ထဲမှာ ရှိပြီးသားပဲ။ ဒါပေမယ့် သူတို့လုပ်ခဲ့သလား။ မလုပ်ခဲ့လို့ အခုလို မသေသင့်ဘဲ သေခဲ့ကြရတာ။ သေမင်းခံတွင်းထဲကို တမင်ပစ်ချထားခဲ့ကြတာပဲ။

## ရှင်လျက် ငရဲကျနေရသော ဘဝတွေ

ဒါကလက်ငင်း ဖြစ်သွားတဲ့ အခြေအနေ။ ဒီထက်စောတဲ့ ရှေ့ဆယ်စုနှစ်ကို ပြန်ကြည့်ရအောင်။ ရိုဟင်ဂျာတွေကို ကိုယ့်အိမ်ကိုယ် နေခွင့်မရှိအောင် လုပ်ခဲ့တယ်။ ဒုက္ခသည်စခန်းဆိုပြီး

**ဒီလိုအခြေအနေမှာ မုန်တိုင်းသတင်းလေး ကြေညာပေးရုံနဲ့ ရိုဟင်ဂျာတွေက ဘယ်ကို ပြေးရမလဲ။ ပြေးစရာ မြေက ဘယ်မှာလဲ။ ခိုစရာ အိမ်က နတ္ထိ။ ဒါကို သိသိရက်နဲ့ ရွှေ့ရကောင်းမှန်း နားမလည်လို့ သေကြရတာ ပြောရင် သေသူတွေကို စော်ကားရာရောက်တယ်။**

လူလိုမနေရတဲ့ ဝက်လူးဗွက်အိုင်လို နေရာမျိုးတွေမှာ ပိတ်လှောင်အကျဉ်းချထားခဲ့တယ်။

(ရခိုင်ပြည်နယ်၊ မြေပုံက ရိုဟင်ဂျာ ဒုက္ခသည်စခန်း အတွေ့အကြုံကို အခြေခံပြီး ပြောပါမယ်။ ကျန်တဲ့ စစ်တွေ၊ ပေါက်တော အစရှိတဲ့ နေရာတွေက ရိုဟင်ဂျာ ဒုက္ခသည်စခန်းတွေလည်း အခြေအနေချင်း သိပ်မကွာဘူးလို့ သိရပါတယ်။) မြို့ထဲကို သွားလာခွင့် မရှိဘူး။ ကျန်းမာရေးအတွက် ဆေးရုံတက်ခွင့် မရှိဘူး။ ပညာရေးအတွက် ကျောင်းတက်ခွင့် မရှိဘူး။

ကျန်းမာရေးအတွက် နိုင်ငံတကာ အဖွဲ့အစည်းဆိုတာတွေရဲ့ မသဒ္ဓါရေစာကို အားကိုးရတယ်။ ဆေးရုံတက်ဖို့ လိုအပ်ရင်တောင် မြို့နယ်ဆေးရုံကို တင်ခွင့်၊ လွှဲခွင့်မရှိဘူး၊ ရေကြောင်းကနေ စစ်တွေဆေးရုံကိုသာ ပို့ရတယ်။ ဒီမှာလည်း ကိုယ့်သဘောနဲ့ကိုယ် ဆေးရုံသွားတက်လို့ မရပြန်ဘူး။ သက်ဆိုင်ရာ အဖွဲ့အစည်းက လွှဲရင်တောင် ထွေအုပ်နဲ့ ရဲက ခွင့်ပြုမှ စစ်တွေဆေးရုံကို တက်ခွင့်ရကြတယ်။

စစ်တွေ၊ ပေါက်တော ရိုဟင်ဂျာ စခန်းတွေက ရိုဟင်ဂျာတွေအတွက် နယ်စည်းမထားဆရာဝန်များအဖွဲ့ (MSF) က ကျန်းမာရေး စောင့်ရှောက်မှုတွေ ပေးနေတာ တွေ့ခဲ့ရတယ်။ အဲဒီမှာလည်း ရိုဟင်ဂျာတွေဟာ သူတို့ဘာသာ ဆေးရုံသွားတက်ခွင့် မရကြဘူး။ MSF က ရေလမ်းကနေ စစ်တွေအထိ ခေါ်လာပေးပြီး ကားနဲ့တဆင့်တင်၊ ပြီးမှ ဆေးရုံဘက်ကို ပြန်လွှဲပေး။ အဲသလိုလုပ်ပေးမှ ဆေးရုံတက်ခွင့်ရကြတယ်။

ဆေးရုံပေါ်ရောက်ပြန်တော့ မွတ်စလင်တွေ ရိုဟင်ဂျာတွေကို သီးခြားခွဲထားတယ်။ အမေရိကမှာ ကျင့်သုံးခဲ့တဲ့ racial segregation ကို ဗမာပြည်အာဏာပိုင်တွေက ရိုဟင်ဂျာတွေအပေါ် ကျင့်သုံးနေတာ ဖြစ်တယ်။ ၂၀၁၅-၂၀ အရပ်သားတပိုင်း အစိုးရလက်ထက်မှာလည်း ဒီအတိုင်း ကျင့်သုံးသွားခဲ့တာပဲ။

ဆေးရုံပေါ်ရောက်တာနဲ့ အဲသလို ခွဲထုတ်ကန့်သတ်ထားသလို ရိုဟင်ဂျာတွေမှာ မိုဘိုင်းဖုန်း ပါလာခဲ့ရင်တောင် အသုံးပြုခွင့် ပိတ်ပင်ထားတယ်။ ဆေးရုံ လူနာဆောင်မှာ လက်နက်ကိုင် ရဲအစောင့် ချထားတယ်။ မိသားစုနဲ့ဆက်သွယ်လိုတဲ့ လူနာဟာ အဲဒီအစောင့်ရဲတွေကို ဖုန်းဆက်ခ မတန်မဆပေးပြီး ဆက်ကြရတယ်။

ဆေးရုံက ဆေးဝါး အလုံအလောက် မပေးလို့ အပြင်ကနေ ဆေးဝယ်ကြရတယ်။ ဒီအခါ ရိုဟင်ဂျာတွေမှာ ဆေးရုံပြင်ပ ခြေတလှမ်း ထွက်ခွင့်မရလေတော့ လက်နက်ကိုင် ရဲဆိုသူ ကြားပွဲစားတွေကို အားကိုးရပြန်တယ်။

ဒါဟာ အရပ်သားတပိုင်း အစိုးရလက်ထက်

မှာ ဖြစ်ခဲ့သလို အာဏာသိမ်း စစ်အစိုးရ လက်ထက်မှာလည်း ဆက်ဖြစ်နေတုန်းပဲ။ ရှင်လျက်နဲ့ ငရဲကျနေအောင် လုပ်ထားခဲ့ကြတာ ဖြစ်တယ်။ ငရဲဆိုတာ နောင်ဘဝမှာ မရှိပေမယ့် လက်ရှိလူ့ဘဝမှာ အတိအကျကို ရှိနေတာပဲ။

## အလုပ်မဖြစ်တဲ့ အန်ဂျီအိုနည်း

ဒီအခြေအနေတွေကို အန်ဂျီအိုနည်းနဲ့ ချဉ်းကပ်လာခဲ့တာ ဆယ်စုနှစ်ချီခဲ့ပြီ။ ရိုဟင်ဂျာတွေရဲ့ ဘဝတွေ ဘယ့်လောက်များ တိုးတက်ပြောင်းလဲခဲ့သလဲ။

ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအော်ကြတဲ့ အဖွဲ့အစည်းတွေက အခြေခံ ဒီမိုကရေစီ အခွင့်အရေးတရပ်ဖြစ်တဲ့ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကိုတောင် ထုတ်ဖော်တိုက်ပွဲဝင်တာမျိုး မလုပ်ခဲ့ကြဘူး။

အာဏာပိုင်တွေ ခွင့်ပြုတဲ့ ဘောင်ထဲကနေပဲ ရိုဟင်ဂျာတွေကို သနားစရာ သတ္တဝါလေးတွေလို၊ victim တွေလို ရှုမြင်ပြီး ကယ်တင်ရှင်အထာနဲ့ ချဉ်းကပ်ခဲ့ကြတယ်။ အဖိနှိပ်ခံ လူထုကိုယ်တိုင်ရှေ့ထွက် တိုက်ပွဲဝင်တဲ့ လူထုတိုက်ပွဲနည်းကိုလေသံတောင် မဟရဲခဲ့ဘူး။ အကျိုးဆက်ကို မိုခါမှာ မြင်ခဲ့ရပြီ။

## ပြေးစရာ မြေရယ်မရှိ

ဒီလိုအခြေအနေမှာ မုန်တိုင်းသတင်းလေး ကြေညာပေးရုံနဲ့ ရိုဟင်ဂျာတွေက ဘယ်ကို ပြေးရမလဲ။ ပြေးစရာ မြေက ဘယ်မှာလဲ။ ခိုစရာ အိမ်က နတ္ထိ။ ဒါကို သိသိရက်နဲ့ ရွှေ့ရကောင်းမှန်း နားမလည်လို့ သေကြရတာ ပြောရင် သေသူတွေကို စော်ကားရာရောက်တယ်။

ဒီကနေ့အချိန်မှ အနောက်အုပ်စု မျက်နှာသာရလိုတဲ့ လစ်ဘရယ်ဘူဇွာတွေက ရိုဟင်ဂျာတွေအတွက် အသံကောင်း ဟစ်လာကြတယ်။



Image - AFP

တကယ်တမ်း သူတို့တွေ အာဏာလေး ရစဉ်က ဘာတွေများ လုပ်ခဲ့ကြသလဲ။

ရိုဟင်ဂျာဆိုတဲ့ နာမည်တောင် ပီပီသသ မခေါ်ရဲခဲ့ကြဘူး မဟုတ်လား။ racial segregation ကျင့်သုံးနေတာကို မသိကျိုးကျွံ ပြုခဲ့ကြတယ် မဟုတ်လား။

ပြည်မက မြန်မာတွေလည်း အဖိနှိပ်ခံရတယ်၊ တခြားလူမျိုးစုအသီးသီးလည်း အဖိနှိပ်ခံကြရတယ်၊ ဒါ့ကြောင့် ဗမာလူမျိုးကြီးဝါဒကိုချည်း လက်ညှိုးထိုးမနေဘဲ အဖိနှိပ်ခံ လူမျိုးစုံ သွေးစည်းကြလို့ အောင်နေရုံနဲ့ မရသလို ရခိုင်တွေလည်း အဖိနှိပ်ခံရတယ်၊ ရိုဟင်ဂျာတွေလည်း အဖိနှိပ်ခံရတယ်၊ အဖိနှိပ်ခံချင်း သွေးစည်းကြလို့ ပြောနေရုံနဲ့ မရသေးဘူး။

အအေ အာဏာရလာရင် ရိုဟင်ဂျာတွေ လွတ်မြောက်သွားမယ်လို့ တရားဟောနေရင် ပိုလို့တောင် မဖြစ်သေး။ အဲဒီမက်လုံးလေးနဲ့ လူမျိုးစုတွေကြားက မယုံကြည်မှုကို ချေဖျက်နိုင်မယ် ထင်ရင် စိတ်ကူးယဉ်လွန်းတာပဲ။


တခြားအဖိနှိပ်ခံ လူမျိုးစုတွေ လွတ်မြောက်ရေးအတွက် အတူလက်တွဲ တိုက်ပွဲဝင်မှသာ နှစ်ရှည်လများ အမြစ်တွယ်လာတဲ့ လူမျိုးကြီးဝါဒ၊ အုပ်စိုးသူ အဆက်ဆက် ရေလောင်း ပေါင်းသင်ပေးခဲ့တဲ့ လူမျိုးရေး အမုန်းတရားတွေကို ချေဖျက်ပေးနိုင်မှာ။ ဒီလို အတူလက်တွဲ တိုက်ပွဲဝင်ရင်းနဲ့သာ ယုံကြည်မှု၊ သွေးစည်းချစ်ကြည်မှုဆိုတာ ဖြစ်ပေါ်လာနိုင်မယ်။

အဖိနှိပ်ခံ လူထုကိုယ်တိုင် united class struggle နည်းလမ်းတွေသုံးပြီး တိုက်ပွဲဝင်မှသာ အမှန်ကေန် လွတ်မြောက်နိုင်မယ်။

- *Down with the murderous military regime!*

- *An injury to one is injury to all!*

မေဆန်



# “အန်းဂယ်(လ်စ်) စာအုပ် ဘာသာပြန်နဲ့ ပတ်သက်လို့”

ဝင်းစံဖြူ



# အန်းဂယ်(လ်စ်) စာအုပ် ဘာသာပြန်နဲ့ ပတ်သက်လို့

အန်းဂယ်(လ်စ်)ရေးခဲ့တဲ့ Ludwig Feuerbach and the End of Classical German Philosophy စာအုပ်ကို မြန်မာဘာသာပြန်ဆိုပြီး ပုံနှိပ်ရောင်းစားနေကြတယ်။ ရိုးရိုးတန်းတန်း ရောင်းစားတာတောင် မဟုတ်။ ဘာသာပြန်တဲ့ ဘုန်းနွယ်က မူရင်းရေးတဲ့ အန်းဂယ်(လ်စ်) (သူတို့ အလိုအရ အိန်ဂဲလ်စ်) နာမည်နဲ့ တတန်းတည်း။ မသိရင် အန်းဂယ်(လ်စ်)နဲ့ ဘုန်းနွယ် နှစ်ယောက် ပေါင်းပြီး ရေးထားသလိုလို။ စာအုပ်မျက်နှာဖုံး အောက်ဆုံးနားမှာလည်း ကိုယ့်စာအုပ်ကိုယ် အရမ်းကာရော ပရိုမိုးရှင်း ဆင်းထားပြန်တယ်။ ( မြန်မာပြန်မရှိသေးသော မာ့က်စ်ဝါဒ၏ အကျော်ကြားဆုံး ကျမ်းတစောင်) တဲ့။ ထိုင်ရှိခိုးရတော့မလား အောက်မေ့ရတယ်၊ ကျေးဇူးတရားတွေ ကြီးမားလွန်းလို့။

အန်းဂယ်(လ်စ်) စာအုပ်က ကောင်းပြီးသားပါ။ မာ့က်စ်ဝါဒကို စိတ်ဝင်စားသူတိုင်း လေ့လာဖို့ လိုအပ်တဲ့ လက်ရာတခုပဲ။ ဒါပေမယ့် ဒီလိုဂန္ထဝင်မြောက်လက်ရာတခုကို ကိုယ်တိုင်တောင် နားမလည်ဘဲ ဘာသာပြန်မယ်ဆိုရင် (၁) မူရင်းစာရေးသူကို စော်ကားရာ ရောက်တယ်၊ (၂) စာဖတ်သူကို လိမ်စားရာ ရောက်တယ်။

ဒီလို ဘာသာပြန်လက်ရာမျိုးကို ထုတ်ဝေပြီး မဟားဒရား ကြော်ငြာ ရောင်းစားနေတာကတော့ လေသက်သံလွင် စာအုပ်တိုက်။

မာ့(က်စ်)ဝါဒနာမည်နဲ့ လိမ်စားကြတာမျိုးကိုတော့ ကျနော်တို့ လက်ပိုက်ကြည့်နေလို့ မဖြစ်ဘူး။ လွန်ခဲ့တဲ့ နှစ် ၁၃၀ ကျော်က အန်းဂယ်(လ်စ်)ရေးခဲ့တဲ့ အဘိဓမ္မာစာအုပ်တအုပ်ကို ရမ်းသမ်း ဘာသာပြန်ရဲတဲ့ "ရူးမိုက်မှုမျိုး"ကိုတော့ဖြင့် "သတ္တိ"လို့ မထင်စေချင်ဘူး။

ဒီလို စာအုပ်မျိုး မဆိုထားနဲ့၊ ဒီဘက်ခေတ် ဆောင်းပါးတပုဒ်လောက်ကို ဘာသာပြန်မယ်ဆိုရင်တောင် အနိမ့်ဆုံးအဆင့်အနေနဲ့ မူရင်း ဘာသာစကား (အင်္ဂလိပ်လို ရေးထားရင် အင်္ဂလိပ်ဘာသာစကား)ကို ပိုင်နိုင်ရမယ်၊ အင်္ဂလိပ်လို ဖတ်တတ်ရုံနဲ့ ဘာသာပြန်လို့ ဖြစ်တာ မဟုတ်သေးဘူး။ အနိမ့်ဆုံး ကိုယ်ပြန်ပေးမယ့် မြန်မာစာလည်း ပိုင်နိုင်ဖို့ လိုသေးတယ်။ အနိမ့်ဆုံး ဒီနှစ်ချက်ရှိရင်တောင် အရည်အသွေးရှိတဲ့ ဘာသာပြန် မဖြစ်နိုင်သေးဘူး။ ကိုယ်ပြန်တဲ့ "subject matter" ကို အခြေခံကျကျ လေ့လာတတ်ကျွမ်းသူဖြစ်ဖို့ လိုသေးတယ်။ ကိုယ်နားမလည်တဲ့ ဘာသာရပ်ကို သွားပြန်ရင်တော့ ဘုန်းနွယ်ဆိုသူ ရမ်းတုတ်ထားသလို "all that is real" ကို လက်တွေ့ကျတဲ့ အရာအားလုံးလို့ ပြန်တာမျိုးပဲ ဖြစ်လာမယ်။

အန်းဂယ်(လ်စ်)ရဲ့ စာအုပ်ကို ပြန်ထားသူ ခမျာ အဲဒီအနိမ့်ဆုံး လိုအပ်ချက်တွေထဲက တ

ချက်ကလေးမှ ပြည့်မီတာ မတွေ့ရဘူး။ အင်္ဂလိပ်လိုလည်း နားလည်အောင် မဖတ်တတ်ဘူးဆိုတာ သူ့ဘာသာပြန် လက်ရာက သက်သေထူနေတယ်။ အလားတူပဲ၊ မြန်မာစာလည်း အဆီအငေါ်တည့်အောင် မရေးတတ်ရှာဘူး။ မြန်မာစာတတ်သူ မြန်မာလိုဖတ်ကြည့်ပြီး ဘာမှန်းမသိဖြစ်သွားလောက်အောင် စွမ်းရှာပါပေတယ်။ အင်္ဂလိပ်လို ရေးထားတာ ရှာဖတ်ကြည့်မှ သြော် ဒါကို တလွဲပြန်ထားလို့ ဒီလိုအဓိပ္ပါယ်မရှိ ဖြစ်နေတာပါလားလို့ သဘောပေါက်ရလိမ့်မယ်။ အန်းဂယ်(လ်စ်) ကိုင်တွယ်ထားတဲ့ ဂျာမန် အဘိဓမ္မာကို နားလည်တတ်ကျွမ်းဖို့တော့ မမျှော်လင့်ပါနဲ့တော့။

ကဲ နမူနာကြည့်ရအောင်။

ဝေးဝေး မကြည့်ပါနဲ့ဦး။ စာအုပ်ဖွင့်ဖွင့်ချင်း အပိုဒ်မှာပဲ -

"….ဘရပ်ဆဲစ်မှာ ကျနော်တို့၂ယောက် ဂျာမန်အဘိဓမ္မာရဲ့ အယူဝါဒအမြင်နဲ့ "ကျနော်တို့အမြင် (အဓိကအားဖြင့် မာ့က်စ်က အသေးစိတ်စီစဉ်ထားတဲ့ ရုပ်ဝါဒကျတဲ့ သမိုင်းအတွေးအမြင်) ရဲ့ ဆန့်ကျင်မှုကို ဖြေရှင်းဖို့"၊ တကယ်တော့ ကျနော်တို့ရဲ့ ယခင်အဘိဓမ္မာ အသိတရားနဲ့ စားရင်းရှင်းဖို့ စတင်ခဲ့ပုံကို ပြန်ပြောပြတယ်။…"

မူရင်းကိုသာ မဖတ်ရပဲ ဒီဘာသာပြန်ကိုသာ ဖတ်မိရင် ဘယ်လိုများ နားလည်ကြမလဲ။ ကဲ မူရင်းကို တချက်ကြည့်ရအောင်။

*"….relates how the two of us in Brussels in the year 1845 set about: "to work out in common the opposition of our view" -- the materialist conception of history which was elaborated mainly by Marx -- to the ideological view of German philosophy, in fact to settle accounts with our erstwhile philosophical conscience…" (F. Engels, Forward, Ludwig Feuerbach and the End of Classical German Philosophy)*

"in the year 1845" ဆိုတဲ့ စကားစုကို ချန်လှပ်ထားခဲ့တာ မရေးမကြီးဘူးလို့ ထင်ရပေမယ့် သမိုင်းနောက်ခံနဲ့ ဘယ်စာမူ/လက်ရာကို အန်းဂယ်(လ်စ်) ညွှန်းနေလဲဆိုတာ ဖမ်းဆုပ်မိဖို့ ကျ အရေးကြီးသွားပြီ။

၁၈၄၅ ဟာ ၁၈၄၈ ဂျာမနီ နဲ့ ဥရောပတိုက်တလွှား ဖြစ်ပွားခဲ့တဲ့ တော်လှန်ရေးတွေ မတိုင်ခင်ကာလ ဖြစ်သလို ကွန်မြူနစ် လှုပ်ရှားမှုရဲ့ founding document မထွက်ခင် ရှေ့ပြေးကာလလည်း ဖြစ်တယ်။ အခုလို ချန်ခဲ့တဲ့အခါ အဲဒီကာလကတည်းက မာ့က်စ်နဲ့ အန်းဂယ်(လ်စ်) အတူလက်တွဲပြီး သမိုင်းရေးရုပ်ဝါဒအမြင်ကို ဖော်ထုတ်နေကြပြီဆိုတဲ့ သဘော ပါမလာတော့ဘူး။ "to work out in common" ကိုလည်း ပြန်ချင်ရာ ပြန်ထားသလို "ရုပ်ဝါဒကျတဲ့ သမိုင်းအတွေးအမြင်" ဆိုတာမျိုးလည်း လုပ်ထားသေးတယ်။ ဒါကဘာကို ပြနေလဲဆိုတော့ အင်္ဂလိပ်လိုလည်း မဖတ်တတ်ဘူး၊ မြန်မာလိုလည်း ဖြောင့်အောင် မရေးတတ်ဘူး။


"which was elaborated mainly by Marx" ကို "အဓိကအားဖြင့် မာ့က်စ်က အသေးစိတ်စီစဉ်ထားတဲ့" လို့ လုပ်ပြန်တယ်။ elaborated ကို "အသေးစိတ်စီစဉ်ထားတဲ့"လို့ နားလည်ပုံမျိုးနဲ့ အန်းဂယ်(လ်စ်) စာအုပ်ကို ဘာသာပြန်ရဲတာ၊ စာအုပ်ထုတ်ရောင်းစားရဲတာ အာဂသူရဲကောင်းပေတကား။

ဒီလို ထင်ရာရမ်းတုတ်ထားတာတွေ ပထမပိုဒ်မှာပဲ ရှိလိမ့်မယ်လို့ မထင်လိုက်ပါနဲ့ မိတ်ဆွေ။ စာပိုဒ်တိုင်းမှာ မြင်ချင်အဆုံး အတုံးလိုက်အတစ်လိုက် တွေ့ရပါဦးမယ်။ ဒုတိယ အပိုဒ်ကို တချက်ကြည့်ပါ။ "…၂ယောက်စလုံး

ဘာသာရပ်ဘက်ကို ပြန်လှည့်ဖို့ ...”

မူရင်းမှာ *“... without either of us having had an opportunity of returning to the subject...”* လို့ တွေ့ရမယ်။

ဒီနေရာမှာ to the subject လို့ သုံးထားတယ်။ “ဘာသာရပ်ဘက်ကို” လို့ ပြန်လိုက်ရင် ဆိုလိုရင်း မရောက်ဘူး။ the subject ဆိုတာ အတိအကျ ညွှန်းဆိုမှုသဘော အဓိပ္ပါယ်အပြည့်ရှိတယ်။ ဘာသာရပ်ဘက် ဆိုပြီး ဘာကို ရည်ညွှန်းမှန်း တိတိပပ မပါတာမျိုး (လုံး၀) မဟုတ်ဘူး။ အန်းဂယ်(လ်စ်) ရေးထားတာကိုသာ အသေအချာ နားလည်အောင် ဖတ်သူဆိုရင် ဘာကို ညွှန်းဆိုသလဲ တခါတည်း အချိတ်အဆက် မိသွားမယ်။




မြန်မာပြန်ကို ဖတ်လိုက်ရင်တော့ ဘာပြောချင်မှန်း မသဲကွဲဘူး။

အဲဒီအပိုဒ်မှာပဲ “.... ပြည့်စုံတဲ့ဖြစ်စဉ်အနေနဲ့ မဆွေးနွေးခဲ့ဘူး...”။ ခဏရပ်ပြီး စဉ်းစားကြည့်ပါ။ ဘာများ ရေးချင်တာလဲ။ “....in a comprehensive, connected account” ကို အဲ့သလို ပြန်ထည့်လိုက်တာပါ။ account ဆိုတာ ဖြစ်စဉ်လား။

ဒါတင်မကသေး၊ အင်္ဂလိပ်-မြန်မာ အဘိဓာန်ထဲကနေ လုံးကောက် အဓိပ္ပါယ် ကူးထားသလား ဒါမှမဟုတ် google translate ကနေ တိုက်ရိုက်ကူးချထားသလား အတိအကျမသိရတဲ့ ဘာသာပြန်ပုံမျိုးလည်း တွေ့ရပါလိမ့်မယ်။ နမူနာကြည့်ပါ -

“...မာ့က်စ်ဝါဒ ကမ္ဘာ့အမြင်ဟာ ဂျာမနီနဲ့ ဥရောပ နယ်နိမိတ်တွေရဲ့ ဝေဝေးမှာ၊ ကမ္ဘာ့စာပေ ဘာသာစကားတွေ အားလုံးထဲမှာ ကိုယ်စားလှယ်တွေကို တွေ့ခဲ့ရတယ်...” (စာအုပ်ပါ သတ်ပုံအတိုင်း)

မူရင်းက ဒီလို -

*“...the Marxist world outlook has found representatives far beyond the boundaries of Germany and Europe and in all the literary languages of the world..”*

“နယ်နိမိတ်တွေရဲ့ ဝေဝေးမှာ၊ ကမ္ဘာ့စာပေ ဘာသာစကားတွေ အားလုံးထဲမှာ ကိုယ်စားလှယ်တွေကို မာ့က်စ်ဝါဒ ကမ္ဘာ့အမြင်က တွေ့ခဲ့ရသတဲ့”။ အဲဒီကိုယ်စားလှယ်တွေကို လခများပေးရသေးလား၊ သူတို့အတွက် ရုံးခန်းတွေရော ငှားပေးထားရသေးလား။

အဲဒီစာပိုဒ်မှာပဲ -

“...စံတော်ဝင် ဂျာမန်အဘိဓမ္မာဟာ အထူးသဖြင့် အင်္ဂလန်နဲ့ စကန်ဒီနေးဗီးယားတို့မှာ

ပြန်လည်ရှင်သန်နေတယ်” လို့ ထင်ရာစိုင်းထား ပြန်တယ်။

အဘိဓမ္မာဟာ ဆိုတဲ့ ကတ္တားပုဒ်ပြီးတာနဲ့ “အထူးသဖြင့်” ဆိုတဲ့ ကြိယာဝိသေသန တန်းလိုက်လာတယ်။ ဘာအဓိပ္ပါယ်မှ မရှိဘူး။ အန်းဂယ်(လ်စ်)ကတော့ အဲသလို ကပေါက်တိကပေါက်ချာ မရေးဘူး။ မူရင်းမှာ -

*“.... classical German philosophy is experiencing a kind of rebirth abroad, especially in England and Scandinavia, and ...”* လို့ပဲ ရေးတယ်။ ဘာသာပြန်သူ ဖျက်စီးလိုက်လို့ ပျက်သွားရတာပဲ။

နောက်အပိုဒ်မှာလည်း

“..... ပတ်သက်ပြီး တိုတောင်းပြီး ရှေ့နောက်ညီတဲ့ ဖြစ်စဉ်တရပ်ကို ပေးဖို့ လိုအပ်လာပါတယ်” ဆိုတဲ့ ဝါကျမျိုး တွေ့ရမယ်။

မြန်မာစာအရေးအသား ပိုင်နိုင်မှုကတော့ သိပ္ပံမောင်ဝ လက်ဖျားခါသွားရမယ်။ account ကို ဖြစ်စဉ်တရပ်လို့ ပြန်ချင်သလို ပြန်ထားတယ်၊ ‘appeared to me to be required more and more’ ကို လိုအပ်လာပါတယ်လို့ လုပ်ထားတယ်။

နောက်စာကြောင်းမှာလည်း “during our period of storm and stress” ကို “ကျနော်တို့ရဲ့ မုန်တိုင်းထန်ပြီး သောကရောက်နေတဲ့ ကာလအတွင်း”လို့ ရေးချင်ရာ ရေးထားပြန်တယ်။ တလုံးချင်း လုံးကောက် တိုက်ရိုက်ပြန်တယ်လို့တောင် ပြောလို့ရတဲ့ အဆင့်မရှိတော့ဘူး။

ဘယ်လိုနားလည်မှုမျိုးနဲ့ stress ကို သောကရောက်နေတယ်လို့ ပြန်လိုက်သလဲ မသိပေ။ တကယ်တော့ storm နဲ့ stress ကို တလုံးချင်းစီအနက်နဲ့ သုံးထားတာ မဟုတ်ဘူး။ စိတ်ပညာမှာတော့ adolescence ကာလကို ရည်ညွှန်းပြီး storm and stress ကာလလို့ G. Stanley Hall က သုံးစွဲခဲ့တယ်။ Sturm und Drang ဆိုတဲ့ ဂျာမန်အသုံးကနေ ဘာသာပြန်ထားတဲ့ စကားစု ဖြစ်ပါတယ်။ ၁၇၇၆ ခုနှစ်မှာ Friedrich Maximilian von Klinger ရေးခဲ့တဲ့ ပြဇာတ် နာမည်ကနေ တွင်ကျယ်လာတဲ့ အသုံးတခုပဲ။

ဒီနေရာမှာ အန်းဂယ်(လ်စ်)က ကြီးကောင်ဝင်စ အရွယ်ကို ရည်ညွှန်းတာမျိုး မဟုတ်သလို မုန်တိုင်းထန်ပြီး သောကရောက်နေကြတယ်လို့ ဆိုလိုတာလည်း မဟုတ်ဘူး။ the turbulent transition ကာလကို ရည်ညွှန်းချင်တာ။ ဟေဂယ်(လ်)လက်ထက်မှာ အမြင့်ဆုံးအဆင့် ရောက်လာတဲ့ ဂျာမန် အဘိဓမ္မာကနေ ဒိုင်ယာလက်တစ် ရုပ်ဝါဒဆီ ကူးပြောင်းဖို့ တာဆူနေဆဲ ကာလကို ရည်ညွှန်းပြောနေတာ။

အဲဒီကာလမှာ တခြား လူငယ် ဟေဂယ်လီယန် ဂိုဏ်းသားတွေထက် Feuerbach ရဲ့ လွှမ်းမိုးမှု၊ အကျိုးပြုမှုက ပိုကြီးမားတယ်။ မြစ်ခြားနေတဲ့ ကမ်းနှစ်ဖက်ကို ရှေ့လူက ဝါးတံတားလေးပဲ ထိုးပေးခဲ့ဦးတော့ သူ့ကျေးဇူးဟာ အတော်ကြီးပါတယ်။ ကိုယ်ဖြတ်ကူးတဲ့အချိန်မှာ အဲဒီလူ မရှိတော့ရင်တောင်၊ သူက လက်မခံနိုင်တော့ရင်တောင်၊ သူ့ကို အကြွေးဆပ်ရမယ်လို့ ဘယ်သူကမှ မတောင်းဆိုရင်တောင် သူပြုခဲ့ဖူးတဲ့ ကျေးဇူးကို တခုတ်တရ အသိအမှတ်ပြုပေးဖို့ လိုအပ်နေတုန်းပဲ။

ဒီသဘောမျိုးနဲ့ အန်းဂယ်(လ်စ်)က “appeared to me to be an undischarged debt of honor” လို့ အလေးအနက် ရေးခဲ့တာ။ ဒါပေမယ့် ဘုန်းနွယ်ဆိုသူက “လိုအပ်ပါတယ်”လို့ပဲ ပေါ့ပျက်ပျက် ရမ်းတုတ်လိုက်တာ တွေ့ရမယ်။ မူရင်းအာဘော်ကို မိအောင် ပြန်နိုင်ဖို့ ဝေးစွ၊ နားလည်ဖို့တောင် အားထုတ်ထားပုံ မရဘူး။

ဒီလို ဘာသာပြန်မျိုး အချိန်ကုန်ခံ ဖတ်နေလို့ ဘာမှနားလည်မယ် မထင်ဘူး။ စိတ်ညစ်ညူးခံဖို့ အချိန်နဲ့ငွေ ဖြုန်းလိုက်တာပဲ ဖြစ်သွားမယ်။

ဖွင့်ဖွင့်ချင်း စာပိုဒ်ကနေ တလွဲတွေချည်း ပြန်လာလိုက်တာ နောက်ဆုံးအပိုဒ်အထိပါပဲ။ နမူနာ ထပ်ပြပါရစေ -

“ပြီးထားတဲ့အပိုင်းမှာ … ရှင်းလင်းဖော်ပြထားပါတယ်။ အဲ့အချိန်တုန်းက စီးပွားရေးသမိုင်းနဲ့ ပတ်သက်တဲ့ ကျနော်တို့ရဲ့ အသိဉာဏ်ပညာဟာ မပြည့်စုံသေးကြောင်းကိုသာ သက်သေပြထားပါတယ်။….”

ဒီအတိုင်းသာ ဖတ်လိုက်ရင် အန်းဂယ်(လ်စ်) ရည်ညွှန်းပြောနေတဲ့ German Ideology စာအုပ်မှာ “ပြီးပြီးသား အပိုင်းရှိမယ်၊ အဲဒီမှာ ဘာကို ရှင်းလင်းဖော်ပြထားပါတယ် ဆိုတာ သိရမယ်၊ အဲဒီအပိုင်းမှာ “စီးပွားရေးသမိုင်းနဲ့ ပတ်သက်လို့ အသိဉာဏ်ပညာ မပြည့်စုံသေးတဲ့ အကြောင်းကိုပဲ” [မာ့က်စ်နဲ့ အန်းဂယ်လ်စ်]က သက်သေပြထားတယ် လို့ ထင်သွားမယ်။ တကယ်တမ်း အန်းဂယ်(လ်စ်) ရေးသွားတာက အဲဒီအဓိပ္ပါယ် မဟုတ်ဘူး။

မူရင်းကို ကြည့်ပါ -

*“...The finished portion consists of an exposition of the materialist conception of history which proves only how incomplete our knowledge of economic history still was at that time”*

မူရင်း အင်္ဂလိပ် စာကြောင်းက ရှည်နေတဲ့အခါ သင့်တော်သလို ဝါကျတွေခွဲ ဘာသာပြန်လို့ ရပါတယ်။ လုပ်ဖို့လည်း လိုအပ်တတ်တယ်။ ဒါပေမယ့် ကိုယ်ဆစ်ပိုင်းချင်သလိုပိုင်းပြီး ထင်သလို ရမ်းရေးလိုက်ရင် အခုလို အဓိပ္ပါယ် တလွဲဖြစ်သွားတတ်တယ်။

၁၈၄၅ ခုနှစ်က မာ့(က်စ်)နဲ့ အန်းဂယ်(လ်စ်) နှစ်ယောက်ပေါင်း ရေးထားတဲ့ German Ideology စာမူတွဲကြီးထဲမှာ သမိုင်းရေး ရုပ်ဝါဒအမြင်ကို ရှင်းလင်းတင်ပြချက် ပါဝင်တယ်။ အဲဒီကာလဆိုတာ German Ideology စာမူတွဲကို ရေးခဲ့တဲ့ ၁၈၄၅ တဝိုက်ကို ရည်ညွှန်းသုံးတာ။ ဒါ့ကြောင့် အဖွင့်စာပိုဒ်မှာ [in the year 1845] စကားစု ချန်လှပ်ထားခဲ့တဲ့အကြောင်း ထည့်ပြောရခြင်း ဖြစ်တယ်။

အဲဒီတုန်းက ရှင်းလင်းတင်ပြထားတဲ့ သမိုင်းရေး ရုပ်ဝါဒအမြင်ကို ပြန်ကြည့်လိုက်တော့ အနုစိပ် ခြယ်မှုန်းထားတာမျိုး မဟုတ်ဘူး၊ ဘာ့လို့လဲဆိုတော့ အဲဒီကာလမှာ ဘောဂဗေဒ သမိုင်းနဲ့ ပတ်သက်လို့ မာ့(က်စ်)နဲ့ အန်းဂယ်(လ်စ်) နှစ်ယောက်လုံး အသေအချာ မလေ့လာရသေးလို့ပဲ။ ဒီတော့ သမိုင်းရေး ရုပ်ဝါဒအမြင် ရှင်းလင်းချက်ဟာလည်း ယေဘုယျ အခြေခံသဘောပဲ ဖြစ်နေခဲ့တယ်။

ဒါက ဘာကိုပြနေလဲဆိုတော့ မာ့(က်စ်)နဲ့ အန်းဂယ်(လ်စ်)တို့ အဲဒီကာလမှာ ဘောဂဗေဒ သမိုင်းကို အသေအချာ မသိသေးဘူးဆိုတာပဲ။ ဘုန်းနွယ် ဘာသာပြန်ထားသလို German Ideology စာအုပ်မှာ စီးပွားရေးသမိုင်းနဲ့ ပတ်သက်လို့ အသိဉာဏ်ပညာ မပြည့်စုံသေးတဲ့ အကြောင်းကို မာ့(က်စ်)နဲ့ အန်းဂယ်(လ်စ်)က သက်သေထူပြနေတာ မဟုတ်ဘူး။

“..for later elaboration” ကို “နောက်ပိုင်း အသေးစိတ်စီစဉ်ဖို့အတွက်”လို့ ပြန်တာမျိုးဟာ google translate လောက်မှ နားမလည်တဲ့ အဓိပ္ပါယ်ပဲ။

figuratively ရေးထားတဲ့ ဝါကျကို တိုက်ရိုက်အနက်နဲ့ လုံးကောက်ပြန်ထည့်တာမျိုး လည်း ရှိသေးတယ်။

“….ကမ္ဘာ့အမြင်သစ်ရဲ့ အလွန်ထက်မြက်

တဲ့ မျိုးစေ့ကို အပ်နှံထားတဲ့ ပထမဆုံး စာရွက်စာတမ်းလို…” ဆိုတဲ့ ဘာသာပြန်မျိုးကို ဘာသာပြန်လို့တောင် ခေါ်သင့်ရဲ့လား။ “အလွန် ထက်မြက်တဲ့” မျိုးစေ့ဆိုတာ ဘယ်လို မျိုးစေ့မျိုး ပါလိမ့်။ မျိုးစေ့ခများ အလွန်ထက်မြက်ပြီး တဆက်တည်းမှာပဲ အပ်နှံရာဌာနကြီး ဖြစ်ရပြန်တယ်။ အင်္ဂလိပ်လို brilliant လို့ တွေ့လိုက်တာနဲ့‘အလွန်ထက်မြက်’လို့ လုပ်ချလိုက်တယ်၊ တခါ deposited လို့ တွေ့ပြန်တော့ ‘အပ်နှံထားတဲ့’လို့ ဆော်ထည့်လိုက်ပြန်တယ်။

ဒီလို ပရမ်းပတာ ပြန်ချင်ရာ ပြန်ထည့်ပြီးမှ လူရှိန်အောင် အခုလို ကြော်ငြာဝင်ပြန်တယ် - ( မူရင်းစာအုပ်၌ ဤအမှာစာ၏ အောက်ခြေတွင် အိန်ဂဲလ်စ်ကိုယ်တိုင် လက်မှတ်ရေးထိုးထားသည် ) တဲ့။ မူရင်းလက်ရာ မဖတ်နိုင်သူတွေ အထင်တကြီးနဲ့ ဆရာတဆူထင်လဲ နည်းလားလို့ ယူဆထားပုံပဲ။ အန်းဂယ်(လ်စ်) သက်ရှိထင်ရှား မရှိနေလို့သာ တော်တော့တယ်။ ရှိများရှိရင် ဆယ်ခါပြန် သေချင်သွားမယ်။

အဖွင့်အမှာစာနဲ့တင် ဘယ်လိုဘာသာပြန် လက်ရာမျိုးလဲ သိလောက်ပြီ ထင်ပါတယ်။ အထဲကစာတွေကို အချိန်ကုန်ခံ ဖတ်ကြည့်ဖို့ လိုမယ်မထင်ဘူး။ ဆက်ရေးရရင်လည်း ပါသမျှ စာကြောင်းတိုင်းကို ဆွဲထုတ် ဝေဖန်ရမလို ဖြစ်နေပြီ။ စာဖတ်သူတွေကို စိတ်ဒုက္ခသိပ်မပေးချင်လို့ အပိုင်း ၁ - ဟေဂယ်(လ်) အခန်းက ဘာသာပြန် အမှား နမူနာတချို့ပဲ တင်ပြပါရစေ။

အင်္ဂလိပ်လိုတောင် ရေရေလည်လည် မဖတ်တတ်ဘဲ ဟေဂယ်(လ်) အဘိဓမ္မာကို ကောက်ပြန်ရဲတာ နည်းတဲ့ သတ္တိ မဟုတ်ဘူး။ ဒါမှမဟုတ် “မြန်မာပြန် မရှိဖူးသေးသော နာမည်ကြီးစာအုပ်ကို ပြန်ဆိုပေးသူ” ဆိုတဲ့ ဂုဏ်ပုဒ်ကို လိုချင်တပ်မက်လွန်းအားကြီးတာလား။

အပိုင်း ၁၊ ဖွင့်ဖွင့်ချင်း စာကြောင်းမှာပဲ -

“ကျနော်တို့ရှေ့က စာအုပ်က” လို့ ရေးထားတယ်။ ဘယ်စာအုပ်မှန်း မသိ။ ဘာသာပြန်ဖတ်သူတယောက်အနေနဲ့ ဘုန်းနွယ်ဆိုသူ ဘာသာပြန်ထားတယ်ဆိုတဲ့ စာအုပ်လို့ပဲ နားလည်စရာ ရှိတယ်။ အန်းဂယ်(လ်စ်)က သူ့စာအုပ်ကို ရည်ညွှန်းနေတာ မဟုတ်ဘူး။ K.N. Starcke ရေးတဲ့ Ludwig Feuerbach စာအုပ်ကို ပြောနေတာ။ အန်းဂယ်(လ်စ်) ရေးထားတာက -

*“…. carries us back to a period which although in time no more than a generation behind us, has become as foreign to the present generation in Germany as if it were already a hundred years old …”*

အဲဒီစာကြောင်းကို ဘယ်လိုပြန်ထည့်လိုက်သလဲဆိုတော့ -

“နှစ်တရာလောက်ကြာသလိုနဲ့ ကျနော်တို့နောက်က မျိုးဆက်ကသာ ဂျာမနီရှိ လက်ရှိမျိုးဆက်နဲ့ အနေးနဲ့ အမြန် စိမ်းလာတယ်။”

ဘယ်လိုများ နားလည်လိုက်သလဲ မသိပေ။ အင်္ဂလိပ်စာ အခြေခံလောက်ကို နားလည်ပုံ မရဘူးဆိုတာ ထင်ရှားသွားတယ်။ ဟေဂယ်(လ်)ရဲ့ အယူအဆကို သုံးသပ်ပြထားတဲ့ စာကြောင်းတွေ မဟုတ်သေးဘူး။ ရိုးရိုးလေး စဖွင့်တဲ့ စာကြောင်းကိုပဲ အဓိပ္ပါယ်မရှိအောင် လုပ်ထည့်လိုက်ပြီ။ အန်းဂယ်(လ်စ်) ရေးထားတဲ့ စာကြောင်းကို အနက်ဖော်ကြည့်ရရင် -

[K.N. Starcke ရေးတဲ့ Ludwig Feuerbach စာအုပ်ကို ရည်ညွှန်းပြီး] ကျနော်တို့ရှေ့မှာ ရှိတဲ့ စာအုပ်က ကျနော်တို့ကို အတိတ် ကာလတခုဆီ ပြန်ခေါ်သွားတယ်၊ အချိန်အားဖြင့် မျိုးဆက်တခုစာပဲ ကြာသေးတဲ့ ကာလဆိုပေမယ့် ဒီကနေ့ ဂျာမနီ မျိုးဆက်သစ်တွေအဖို့တော့ အနှစ်တရာ

လောက် ဝေးကွာသလို ဖြစ်နေပြီ။”

နောက်တပိုဒ်မှာလဲ -

*“Just as in France in the 18th century, so in Germany in the 19th, a philosophical revolution ushered in the political collapse”* ကို ဘယ်လိုပြန်ထားသလဲဆိုတော့ -

“၁၈ ရာစုရဲ့ ပြင်သစ်မှာလို ၁၉ ရာစုရဲ့ ဂျာမနီမှာလည်း အဘိဓမ္မာ တော်လှန်ရေးက နိုင်ငံရေး အရေးနိမ့်မှုထဲမှာ ကဏ္ဍသစ်တရပ်ကို ဖွင့်ပေးလိုက်ပါတယ်”လို့ လုပ်ထားတယ်။

ဒီဘာသာပြန်ကို ကြည့်ပြီး ပြောလို့ရတာက ushered in ကို phrasal verb အသုံးမှန်းသိပုံမရဘူး၊ ဒါ့ကြောင့်မို့ in ကို တွေ့တာနဲ့ နိုင်ငံရေး အရေးနိမ့်မှုထဲ “မှာ” လို့ လုပ်ထည့်လိုက်တာပဲ။ အဲလို အလွဲလွဲအချော်ချော် အနက်ဖော်မိတော့ မူရင်းမှာ မပါတဲ့ “ကဏ္ဍသစ်တရပ်” ဆိုတဲ့ စကားစုကို မဆီမဆိုင် ဆွဲထည့်ရပြန်တယ်။ စာကြောင်းတခုလုံးအနေနဲ့ အဓိပ္ပါယ်လည်း ပျက်သွားတယ်။ မြန်မာလို အဆီအငေါ် မတည့်တာတော့ မမြင်ချင်အဆုံး။

အဲဒီနောက် ကပ်ရပ်စာကြောင်းမှာလည်း - “ဒီ၂ခု ဘယ့်လောက် ခြားနားလဲ။” လို့ လုပ်ပြန်တယ်။ မူရင်းက ဒီလို - “But how different the two looked!”

But ဆိုတဲ့ စကားနဲ့ ဆက်ထားတာ အလကားသက်သက် မဟုတ်ဘူး။ ဘာသာပြန်မှာတော့ အဲဒီစကားဆက် ပါကို မလာတော့ဘူး။ ဒီစာကြောင်းမှာ “looked” ကို linking verb အနေနဲ့ သုံးထားမှန်းလည်း နားလည်ပုံမရဘူး။ ဒီလို နားမလည်လို့လည်း ‘ဘယ့်လောက်ခြားနားလဲ’ ဆိုပြီး ပြန်လိုက်တာ။

၁၈ ရာစု ပြင်သစ်နဲ့ ၁၉ ရာစု ဂျာမနီကို နှိုင်းယှဉ်ပြရာမှာ အနှစ်သာရ တူတဲ့အချက်ကို ပထမစာကြောင်းမှာ ရေးခဲ့တယ်၊ ဒါပေမယ့် ပြင်ပပုံသဏ္ဍာန်ချင်း ကွဲပြားနေပုံကို ဖော်ပြဖို့ ဒုတိယစာကြောင်းမှာ စကားပလ္လင်ခံလိုက်တယ်။ ဒီလိုဆက်စပ်ပုံကို but ဆိုတဲ့ စကားဆက်နဲ့ ဖော်ပြတယ်။ အနှစ်သာရက အတူတူမို့ looked different လို့ပဲ သုံးထားတာ။ ‘ဘယ့်လောက် ခြားနားလဲ’လို့ ပြန်ထည့်လိုက်ရင် ရှေ့စာကြောင်းမှာ ဖော်ပြထားတဲ့ အနှစ်သာရ အတူတူပဲ ဆိုတဲ့ အဓိပ္ပါယ်နဲ့ တလွဲစီ ဖြစ်သွားပြီ။

ဒီလို အင်္ဂလိပ်စာ အခြေခံလောက်မှ မသိသူက အဘိဓမ္မာစာအုပ်ကို ဘာသာပြန်တော့ “All that is real is rational; and all that is rational is real.” ကို “လက်တွေ့ကျတဲ့ အရာအားလုံးက ယုတ္တိတန်တယ်၊ ယုတ္တိတန်တဲ့ အရာအားလုံးက လက်တွေ့ကျတယ်” လို့ ပြန်လိုက်တာ မထူးဆန်းဘူး။

real ကို “လက်တွေ့ကျတဲ့” လို့ ပြန်ထားတော့ မေးစရာရှိတာက practical လို့ရေးထားရင်ကော ဘယ်လိုပြန်မလဲ၊ real နဲ့ practical က အတူတူပဲလား။

ဗမာဘာသာစကား သိမှုဘောင်ထဲမှာ လက်တွေ့ကျတယ်ဆိုတဲ့ စကားကို ဘယ်လို အနက်နဲ့ ပြောကြတာလဲ။ ဥပမာ - စက်ဘီးပူကို ဆယ်နှစ်အတွင်း ကျော်တက်မယ်လို့ စိတ်ကူးယဉ်တာထက် အိမ်နီးချင်း ထိုင်းကို ဆယ်နှစ်အတွင်း အမီလိုက်မယ်လို့ ပြောတာက လက်တွေ့ကျသေးတယ်။ သေချာရေရာတဲ့ ရလဒ် ထွက်နိုင်၊ မထွက်နိုင်ပေါ် အခြေခံပြီး ပြောဆိုတဲ့ အသုံးအနှုန်း မဟုတ်လား။

ဒီတော့ ဟေဂယ်(လ်) ပြောတဲ့ “real” နဲ့ “လက်တွေ့ကျသော” ဆိုတဲ့စကား လားလားမှ မဆိုင်ဘူး။ rational ကို ယုတ္တိတန်တယ်လို့ ပြန်မယ်ဆိုရင် logical ကိုရော ဘယ်လို ပြန်မလဲ။

ဒဿနိကဗေဒ အယူအဆတရပ်ကို ကိုယ်တိုင်နားမလည်ဘဲ ဗမာစကားလုံး ဖြစ်ပြီး ရော လုပ်တာဟာ ညာဝါးဖြီးဖြန်းတဲ့ အပြုအမူပဲ။

ဥပမာ -

"ဟေဂဲလ်အတွက်တော့ လက်တွေ့တရား ဂုဏ်သတ္တိက တချိန်တည်းမှာပဲ လိုအပ်တဲ့ အရာထဲမှာ ပါဝင်ပါတယ်။ "၎င်းရဲ့ ဖြစ်ပေါ်တိုးတက်မှု တလျှောက်မှာ လက်တွေ့တရားက လိုအပ်မှု ဖြစ်ဖန်လာပါတယ်" ဆိုတဲ့ စာကြောင်းကိုပဲ ကြည့်။

စာဖတ်သူတွေ ဘယ်လိုများ နားလည်ကြမလဲ။ ဘာသာပြန်သူကိုယ်တိုင် နားမလည်ဘဲ ပြန်ထားလို့ အခုလို ကပေါက်တိကပေါက်ချာ ဖြစ်နေတာ။ ကိုယ်တိုင်မှ နားမလည်ပဲ စာဖတ်သူ နားလည်အောင် ဘယ်လိုလုပ် ရေးနိုင်မလဲ။ မူရင်းက ဒီလို -

*"For Hegel the attribute of reality belongs only to that which at the same time is necessary: "In the course of its development reality proves to be necessity."*

Star Chamber proceedings ကို "စတား ချမ်ဘာ အစီအစဉ်တွေ"လို့ ရမ်းသမ်းပြန်ဆိုသူ တယောက်က ဟေဂယ်(လ်)ရဲ့ အတွေးအခေါ်တွေကို တလွဲပြန်ထည့်လိုက်တာ မဆန်းဘူး။ ဒီလို စာအုပ်ကို ဒီထက်အချိန်ကုန်ခံ ဝေဖန်နေဖို့လည်း လိုမယ်မထင်ဘူး။

အမှာစာ အဖွင့်ကနေ နောက်ဆုံး စာမျက်နှာအထိ စာပိုဒ်တိုင်းမှာ ဘာသာပြန် အမှားတွေချည်းပဲ။ ဒါတွေ အကုန်လုံး ဆွဲထုတ်ပြပြီး စာဖတ်သူတွေကို စိတ်ဒုက္ခမပေးချင်ပါဘူး။ ဒီလို ဘာသာပြန်မျိုးကို ထုတ်ဝေရောင်းစားတဲ့ လေသက်သံလွင် စာအုပ်တိုက်လည်း ရှက်တတ်မယ်ဆိုရင် နောက်နောင် ဒီလို မလုပ်ဖို့ ပြောပါရစေ။

ကြည့်ရတာ ရှက်တတ်ပုံလည်း မရဘူး။ အန်းဂယ်(လ်စ်)ရဲ့ ဂန္ထဝင်မြောက် လက်ရာ Anti-Duhring စာအုပ်ကိုတောင် ဘာသာပြန်ထုတ်မယ့်အကြောင်း ထပ်တလဲလဲ ကြော်ငြာနေတာတွေ့ရတယ်။ မြိုးမြိုးမြက်မြက်ကလေး ရိုက်စားလုပ်ရတာ အကြိုက်တွေ့ထားပုံပဲ။

ရိုက်စားလုပ်တဲ့အပြင် မြန်မာပြန် မရှိသေးတဲ့ မာ့(က်စ်)ဝါဒကျမ်းရင်းတွေ ဘာသာပြန်ပေးတဲ့ ဆရာကြီးဂိုက်မျိုး ဖမ်းချင်ကြတယ်။ စေတနာနဲ့ တခုလောက် အကြံပေးချင်တယ်။ ကိုယ်နားမလည်တဲ့ စာအုပ်တွေ ဘာသာပြန် ရိုက်စားမယ့်အစား ရိုးရိုးသားသား လုပ်ကိုင်စားသောက်ပြီး အင်္ဂလိပ်စာ အခြေခံလောက် အရင်လေ့လာကြည့်ပါ။

တွေးခေါ်စဉ်းစားတတ်တဲ့ စာဖတ်သူတွေကတော့ ဒီလိုအမှိုက်တွေကို လက်ခံကြမယ် မထင်ဘူး။ ရိုက်စားလုပ်လို့ရလည်း ခဏပါပဲ။ မာ့(က်စ်)ဝါဒကို တကယ်လေ့လာချင်ရင် ဒီလို ညာဝါးဖြီးဖြန်းထားတဲ့ ဘာသာပြန်မျိုး ဝယ်ဖတ်မယ့်အစား မူရင်းလက်ရာကိုသာ ကိုယ်တိုင်လေ့လာကြည့်ဖို့ တိုက်တွန်းပါရစေ။

https://www.marxist.com/classics-ludwig-feuerbach-and-the-end-of-classical-german-philosophy.htm

ဝင်းစံဖြူ

THE STRUGGLE